



http://myanmarpyithar.net

**စာမူ ခွင့်ပြုချက် အမှတ်**

၅၆၉/၂၀၀၄ (၆)

**မျက်နှာဖုံး ခွင့်ပြုချက် အမှတ်**

၆၇၂/၂၀၀၄ (၈)

**ပုံနှိပ်ခြင်း**

၂၀၀၄ - ခုနှစ်၊ အောက်တိုဘာလ၊
ဒုတိယအကြိမ်၊ အုပ်ရေ - ၁၀၀၀။

**မျက်နှာဖုံး ဒီဇိုင်း**

ပန်းချီ သန်းမြင့်အောင်

**တန်ဖိုး**

၆၀၀ - ကျပ်

**မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်သူ**

ဦးထွန်းထွန်း (၀၂၇၂၆)၊ အောင်မြင့်ထွန်း ပုံနှိပ်တိုက်၊
အမှတ်(၂၂၄)၊ လမ်း-၄၀၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးဝင်းသိန်းဦး (မြဲ-၀၃၈၉၆)
Future Publishing House
အမှတ်(၅၂-က)၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

**အတွင်းဖလင်**

ကိုသစ် (အေ-ဇက်)

http://myanmarpyithar.net

# ကန့်ကွက်လှည့်

## အောင်သင်း

**FUTURE**
**Publishing House**
No.52(A),Ground Floor, 12th Street,
Lanmadaw Twonship, Yangon.
Ph:(01) 224431

http://myanmarpyithar.net

# Future Publishing House

| | |
|---|---|
| ၁။ တက်တိုး | မိမိအပေါ်မိမိ သစ္စာရှိခြင်း |
| ၂။ အောင်သင်း | စာစီစာကုံးများနှင့် တွေးနည်းရေးနည်း |
| ၃။ အောင်သင်း | မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက် |
| ၄။ အောင်သင်း | မျိုးဆက်သစ်အတွက် ဂန္ထဝင်မိတ်ဆက် |
| ၅။ အောင်သင်း | ကမ္ဘာ့ပြဿနာ ရှင်းတဲ့နေ့ |
| ၆။ အောင်သင်း | ပေးသူနှင့်ယူသူ |
| ၇။ အောင်သင်း | ခေတ်သစ်ကမ္ဘာအတွက် ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု |
| ၈။ အောင်သင်း | ကန့်ကူလက်လှည့် |
| ၉။ အောင်သင်း | အတွေ့အကြုံနှင့် အတွေးအကြံ |
| ၁၀။ လူထုစိန်ဝင်း | မန်နေဂျာကောင်းဆိုတာ |
| ၁၁။ လူထုစိန်ဝင်း | အလင်းတန်း ဆောင်းပါးများ |
| ၁၂။ လူထုစိန်ဝင်း | လူငယ်နဲ့ တာဝန်ယူစိတ် |
| ၁၃။ ဝင်းငြိမ်း | စာပေလူကြမ်းမင်းသား အောင်သင်းနှင့် တွေ့ဆုံပေးခြင်း |
| ၁၄။ ညွန့်ဝေမိုး | ကုမ္ပဏီအတွင်းရေးမှူးများအတွက် အင်္ဂလိပ်စာ |
| ၁၅။ မောင်မောင်မြင့်သိန်း | အင်္ဂလိပ်စာတိုးတက်ရေး နည်းလမ်းကောင်းများ |
| ၁၆။ မောင်မောင်မြင့်သိန်း | ကွန်ပျူတာသုံးစွဲသူတိုင်းအတွက် အင်္ဂလိပ်စာ |
| ၁၇။ ဝင်းသိန်းဦး | ကျွန်ုပ်တို့အမှန်တကယ် ယဉ်ကျေးကြပြီလော |
| ၁၈။ ဝင်းသိန်းဦး | ရှေးဘဝ နောက်ဘဝ ဗုဒ္ဓ မဝေဖန် |
| ၁၉။ ဝင်းသိန်းဦး | မင်္ဂလာရှိသော မန်နေဂျာ |
| ၂၀။ ဝင်းသိန်းဦး | ဘဝခရီးဂင်္ဂါမှ အောင်မြင်မှုသမုဒ္ဒရာသို့ |

# မာတိကာ


| | | |
|---|---|---|
| | အောင်သင်း၏ အမှာစာ | ၇ |
| | အောင်သင်း၏ စာပေဘဝအကျဉ်း | ၉ |
| ၁။ | စုန်ဆန်ဝဲလည် | ၁၅ |
| ၂။ | တကယ့်နိုင်ငံရေး | ၄၀ |
| ၃။ | ကိုကူလက်လှည့် | ၅၅ |
| ၄။ | ကိုကူလက်လှည့် အင်တာဗျူး | ၈၉ |
| ၅။ | ကိုကူလက်လှည့်ဆရာနှင့် တွေ့ဆုံခြင်း | ၉၃ |
| ၆။ | စာသင်ခြင်းနှင့် စိတ်သင်ခြင်း (၁) | ၉၉ |
| ၇။ | စာသင်ခြင်းနှင့် စိတ်သင်ခြင်း (၂) | ၁၃၀ |
| ၈။ | တက္ကသိုလ် | ၁၄၂ |
| ၉။ | တက္ကသိုလ် ဆရာ | ၁၅၄ |
| ၁၀။ | ဆရာသခင် ကျေးဇူးရှင်ကို | ၁၆၇ |
| ၁၁။ | ပညာရှိများအကြောင်း | ၁၇၅ |
| ၁၂။ | ဆရာမှိုင်း၏ မျက်ရည်တစ်ပေါက် | ၁၈၈ |


http://myanmarpyithar.net

## အောင်သင်း၊

## မျိုးဆက်သစ်အတွက် ဂန္ထဝင်မိတ်ဆက်





စာမူခွင့်ပြုချက် - ၄၄၅/၂၀၀၂ (၅)

---

## အောင်သင်း၊

## ခေတ်သစ်ကမ္ဘာအတွက် ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု




စာမူခွင့်ပြုချက် - ၁၂၉၆/၂၀၀၃ (၁၂)

# အောင်သင်း၏ အမှာစာ

ကျွန်တော်၏ စာစုများကို ထုတ်ဝေရာတွင် အမျိုးအစားတူသော စာများကိုသာ စုပေါင်းထုတ်ဝေခဲ့လေ့ရှိပါသည်။ ထိုအခါတွင် မျိုးတူစုသွင်းရန်ခက်သော စာများမှာ ဟိုချောင်ကပ် ဒီချောင်ကပ်နှင့် ကျန်နေရစ်တတ်ပါသည်။

တစ်ခါတစ်ရံတွင်လည်း မြို့နယ်မဂ္ဂဇင်း၊ ကျောင်းစာစောင် စသည်တို့တွင် ရေးလိုက်သည်ဖြစ်သောကြောင့် ကိုယ်တိုင်တောင် သတိမရမိသည်တို့ ဖြစ်နေတတ်ပါသည်။ ဤသို့အားဖြင့် အတွေးသစ် အမြင်သစ် ဆောင်းပါးကလေးများပင်လျှင် ပရိသတ်ရှေ့သို့ ရောက်မလာတော့ပါ။

ယခု ဤစာအုပ်ကို စီစဉ်သူကတော့ ထိုထိုသော ဆောင်းပါးအတိုထွာများကို ကောက်သင်းကောက်သလို စုစည်းပြီး ထုတ်လိုက်ခြင်းပင် ဖြစ်ပါသည်။ စာဖတ်သူများအဖို့လည်း ဗူလိနတ်စ အတို



http://myanmarpyithar.net

အထွာများကို ဖတ်ရပါလိမ့်မည်။ ကျေနပ်ကြပါလိမ့်မည်ဟု မျှော်လင့်ပါသည်။

အထက်တွင် ဆိုခဲ့သလို တိုတိုထွာထွာများကို စိတ်ရှည်လက်ရှည် ရှာဖွေစုစည်း ထုတ်ဝေပေးသည့်အတွက် ထုတ်ဝေသူအားလည်း ကျေးဇူးစကား ဆိုလိုက်ရပါသည်။

အောင်သင်း



http://myanmarpyithar.net

# အောင်သင်း၏ စာပေဘဝအကျဉ်း

၁၉၂၇ ခု ဧပြီလ (၁၇) ရက်တွင် တောင်တွင်းကြီးမြို့ တောင်ပြင်ရပ်နေ သခင်ညီမောင်နှင့် ဒေါ်ရွှေကြင်တို့မှ ဖွားမြင်သော သားသမီး သုံးယောက်အနက် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာလည်း 'အောင်သင်း' ပင် ဖြစ်သည်။

အသက် (၅) နှစ်သားအရွယ်တွင် တောင်ပြင်ရပ်ရှိ ဆရာဦးသာဒွန်းဖံ၏ မူလတန်းကျောင်းတွင် စတင် ပညာသင်ကြားခဲ့သည်။ စတုတ္ထတန်း အောင်ပြီးနောက် တောင်တွင်းကြီးမြို့ မိုးထိမြန်မာ အထက်တန်းကျောင်းတွင် အလယ်တန်းပညာ ဆက်လက် သင်ကြားခဲ့သည်။ ဆဋ္ဌမတန်းတွင် ၁၉၃၈ ခု ကျောင်းသားသပိတ်နှင့် ကြုံခဲ့သည်။ ထိုနှစ်၌ မိခင် ကွယ်လွန်သည်။

သတ္တမတန်း၌ ပညာသင်ကြားနေစဉ်တွင် ပညာဘက်၌ အာရုံလျော့နည်းလာသဖြင့် စာမေးပွဲ



http://myanmarpyithar.net

ကျရှုံးခဲ့သည်။ ထို့နောက် ကျောင်းထွက်နေစဉ် ဖခင်နောက်အိမ်ထောင်ပြုသည်။ ၁၉၄၁ ခုတွင် ရှင်သာမဏေ ဝတ်သည်။ သာမဏေဘဝနှင့် ပညာသင်နေစဉ် ဒုတိယကမ္ဘာစစ်ဖြစ်လာ၍ သာမဏေဘဝမှ ထွက်လိုက်ရသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၇ တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့သို့ ဝင်ရောက် လှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် ဆိုရှယ်လစ်ပါတီသို့ ရောက်သွားပြီး သင်တန်းများတက်၍ ခရိုင်စည်းရုံးရေးမှူးအဆင့်ထိ တိုင်အောင် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၄၉ ခု ရောင်စုံသူပုန်များ ပေါ်ပေါက်လာချိန်၌ ရဲဘော်ဖြူများ၏ ဖမ်းဆီးခြင်းခံရပြီး မကွေး ထောင်၊ တောင်တွင်းကြီးထောင်၊ ပြည်ထောင်၊ သရက်ထောင်များတွင် နေထိုင်ခဲ့ရပြီး ၁၉၄၉ ခု နိုဝင်ဘာလတွင် သရက်ထောင်ကို ဖောက်၍ထွက်ပြေး လွတ်မြောက်ခဲ့သည်။

၁၉၅၂ ခုနှစ် ရောက်မှ တောင်တွင်းကြီးမြို့သို့ ပြန်လာခဲ့ပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဝင်ရောက် ဖြေဆိုရာ ထိုနှစ်တွင် (၁၉၅၃) မှာပင် စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၅၃ အောက်တိုဘာလတွင် မိုးထိ အထက်တန်းကျောင်း၌ အလယ်တန်းပြဆရာ

အဖြစ် ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၅၆ ခုတွင် အလုပ်မှ ထွက်၍ မကွေးကောလိပ်၌ ဉပစာဝိဇ္ဇာတန်းကို စတင် တက်ရောက်ခဲ့သည်။ ၁၉၅၈ ခုတွင် ရန်ကုန်တက္ကသိုလ် သို့ဆက်လက်တက်ရောက်ပြီး ၁၉၆၀ ခုတွင် ဝိဇ္ဇာတန်းကို မြန်မာဘာသာစကားနှင့် အနုစာပေ၊ အင်္ဂလိပ် ဘာသာစကားနှင့် အနုစာပေ၊ ဒဿနိကဗေဒ ဘာသာတွဲဖြင့် အောင်မြင်ခဲ့သည်။

၁၉၆၁ ခု တွင် ဘီအီးဒီ ဆက်တက်နေစဉ် မြန်မာစာဌာန ပါမောက္ခ ဦးဝန်၏ လက်ထက်၌ မဟာဝိဇ္ဇာ အရည်အချင်းစစ် စာမေးပွဲဖြေခွင့် ပေါ်လာ ခဲ့သောကြောင့် မြန်မာစာ မဟာဝိဇ္ဇာအရည်အချင်းစစ် သင်တန်း တက်ရောက်ခွင့်ကို ဖြေဆိုအောင်မြင်ခဲ့ သည်။ ၁၉၆၂ ခုတွင် ရန်ကုန်တက္ကသိုလ်၌ နည်းပြ ဖြစ်လာသည်။ ၁၉၆၃ခုတွင် မော်လမြိုင် ဒီဂရီ ကောလိပ်သို့ ပြောင်းရွှေ့ရသည်။ ၁၉၆၅ ခု မေလတွင် ပြင်ဦးလွင် စစ်တက္ကသိုလ် မြန်မာစာဌာနသို့ လက်ထောက်ကထိက ရာထူးနှင့် ပြောင်းရွှေ့ အမှုထမ်း ရသည်။ ၁၉၇၀ ခု အောက်တိုဘာလတွင် ရန်ကုန် တက္ကသိုလ်သို့ ပြန်ပြောင်းရပြီး မဟာဝိဇ္ဇာတန်းကို ဆက်လက် တက်ရောက်ခဲ့သည်။ ၁၉၇၄ ခုတွင် ‘ဝတ္ထုတိုလေ့လာချက်စာတမ်း’ ပြုစုတင်ပြပြီး

မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည်။

၁၉၅၉ ခုနှစ် မေလထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခံရသော သရက်ထောင်ဖောက်ခဲ့စဉ်က ဆောင်းပါးသည် အောင်သင်း၏ ပထမဆုံး လက်ရာဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် ရေးပြီး ရှုမဝသို့ ဦးစွာ ပေးပို့ခဲ့သည်။ ရှုမဝအယ်ဒီတာအဖွဲ့က ပြည်တွင်းစစ်နှင့် ပတ်သက်သော အကြောင်းအရာများကို မထည့်ရန် ဆုံးဖြတ်ထားသောကြောင့် ပြန်ပို့ပေးခဲ့သည်။ အတန်ကြာမှ မြဝတီသို့ ပို့ခဲ့ရာ မြဝတီက ဖော်ပြခဲ့ခြင်းဖြစ်သည်။

၁၉၆၀ တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ ထုတ်ဝေသော ပုသိမ်မဂ္ဂဇင်းတွင် ဆောင်းပါးနှစ်ပုဒ် ('လူသေလူမဖြစ်မီက သျှင်ဥက္ကဋ္ဌ' ဟူသော ဆောင်းပါးနှင့် အခြားဆောင်းပါး တစ်ပုဒ်) နှင့် အင်္ဂလိပ်ကဗျာ ဘာသာပြန်တစ်ပုဒ်ကို ရေးသားခဲ့သည်။ လူတစ်ဦး၏စာမူ သုံးပုဒ် ဖော်ပြရန်မသင့်ဟု ဆုံးဖြတ်သောကြောင့် Henery Davibes ၏ The Welcome ကဗျာတွင် 'မောင်သံနိုင်' ဟူသော အမည်နှင့် ဖော်ပြခဲ့သည်။

၁၉၆၂ ခုတွင် 'စာဆိုတော်' ဟူသော ပြားငါးဆယ်တန် မဂ္ဂဇင်းကလေး ထွက်လာခဲ့ဖူးသည်။



http://myanmarpyithar.net

ထိုမဂ္ဂဇင်း၏ စာပေညွှန်ကြားရေးမှူးအဖြစ် တာဝန်ခံခဲ့သည်။ (တာဝန်ခံအယ်ဒီတာမှာ တပ်မတော်မင်းရဲထွန်း ဖြစ်သည်။) ထိုစာစောင်တွင်လည်း လစဉ်သုံးလေးပုဒ် ရေးရသောကြောင့် 'မောင်သံနိုင်' ကို တစ်ခါထပ်ပြီး သုံးလိုက်သေးသည်။ သို့သော် နောက်ပိုင်းတွင် အောင်သင်းမှ တစ်ပါး အခြားမည်သည့် နာမည်ကိုမျှ မသုံးတော့ပါ။ နာမည်ရင်းအတိုင်းသာ ရေးခဲ့သည်။ ၁၉၆၃ ခုတွင် ကံ့ကော်မြိုင်စာတန်းများ စာစု၌ စာတန်းသုံးပုဒ်ရေးခဲ့ရာ နှစ်ပုဒ်ကို ထိုစဉ်က အထက်တန်း၊ အလယ်တန်း မြန်မာစကားပြေ လက်ရွေးစင်တို့တွင် ကျောင်းသုံးစာအဖြစ် ပြဋ္ဌာန်းခဲ့သည်။

၁၉၆၆ ခု ပတ်ဝန်းကျင်တွင် 'စိတ်ပင်လယ် စာတမ်းများ' အတွက် စာတမ်းငယ် နှစ်ပုဒ်ရေးပေးခဲ့သည်။ ၁၉၇၁ ခုတွင် ရှုမဝ၌ 'မြန်မာ ဘာသာစကားနှင့် ကာရန်မဲ့ကဗျာ' ဟူသော စာပေဝေဖန်ရေး ဆောင်းပါးကို ရေးခဲ့သည်။ ထိုအချိန်မှစ၍ စာပေသဘောတရား စာပေဝေဖန်ရေးများကို ဆက်တိုက်ရေးခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် 'စာပေရေးရာဆောင်းပါးများ' အမည်ရှိ စာပေဆောင်းပါး စာစုကို ပုံနှိပ် ထုတ်ဝေခဲ့သည်။ ၁၉၈၃ နိုဝင်ဘာလတွင် သဘင် မဂ္ဂဇင်း အမှတ် (၁)



http://myanmarpyithar.net

ကို စတင် ထုတ်ဝေခဲ့ရာ ထိုမဂ္ဂဇင်း အမှတ် (၁) မှ စ၍ (၂၅) လ တိုင်တိုင် 'အကြိုက်ဆုံး ဝတ္ထုတို' ကဏ္ဍကို လစဉ်ရေးသားခဲ့သည်။

၁၉၇၈ ခု ဧပြီလတွင် နိုင်ငံရေး လှုပ်ရှားမှု၌ ပါဝင် ပတ်သက်သည်ဟု မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ယူဆသောကြောင့် အလုပ်မှ ထုတ်ပယ်ခြင်း ခံရသည်။

ထိုအချိန်မှစ၍ အလွတ်နည်းပြတန်းများတွင် မြန်မာစာပေ သင်ကြားပေးခြင်း၊ စာပေရေးသားခြင်းတို့နှင့်သာ အသက်မွေးဝမ်းကျောင်းပြုခဲ့သည်မှာ ယနေ့အထိတိုင် ဖြစ်သည်။ ။

# စုန်ဆန်ဝဲလည်

ကျွန်တော့်တွင် သားသမီး သုံးယောက်ရှိသည်။ အကြီးဆုံးကသမီး၊ အငယ်နှစ်ယောက်က သားတွေ ဖြစ်သည်။ အကြီးဆုံး သမီးတွင်လည်း ထိုနည်းတိုင်း အကြီးဆုံးက သမီးဦးနှင့် အငယ်သားနှစ်ယောက်။

ကျွန်တော့်သားအလတ်ဖြစ်သူက အိမ်ထောင်ရှိသော်လည်း သားသမီးမရ။

အငယ်ဆုံးကတော့ ၄ နှစ်ရွယ် သမီးလေး တစ်ယောက်ရှိသည်။ ဒီတော့ ကျွန်တော်တို့ဇနီးမောင်နှံဟာ မြေး (၄) ယောက်တို့၏ အဖိုးအဖွားများ ဆိုပါတော့။

သမီးကြီး၏ခင်ပွန်းက သတ္တုတွင်းအင်ဂျင်နီယာဘွဲ့ရ။ သို့သော် သတ္တုတွင်းအင်ဂျင်နီယာ ဖြစ်မလာဘဲ သင်္ဘောသား အင်ဂျင်နီယာ ဖြစ်လာသည်။ သူတို့ အိမ်ထောင်ကျပြီးတော့ ကျွန်တော့်အိမ်မှာပဲ နေခဲ့

Future Publishing House

http://myanmarpyithar.net

ကြသောကြောင့် သူတို့သမီးဦး (ကျွန်တော်တို့မြေးဦးမ) လေးကို ကျွန်တော်ရော ဇနီးသည်ပါ ချေးကလူ သေးကလူ မွေးမြူခဲ့ကြသည်။ ကျန်သည့် မျောက်လောင်း နှစ်ကောင်ကိုလည်း သည်အတိုင်းပါပဲ။ နောက်တော့ သူတို့လည်း သူတို့အိုးသူတို့အိမ်နှင့် အိမ်ခွဲသွားကြသည်။ သို့သော်လည်း မြေးတွေအားလုံးက ကျွန်တော်တို့ အိမ်မှာပဲ လာနေတတ်ကြသည်။ ကျောင်းပိတ်ရက် ဆိုလျှင် ရောက်လာကြတော့သည်။ သူ့အဖွားနှင့် မျောက်နှစ်ကောင်ကတော့ ထုံးစံအတိုင်း မုန့်ဖိုး ပေးလိုက်၊ ပြေးလိုက်လွှားလိုက်၊ အော်လိုက်ဟစ်လိုက်၊ ခေါက်လိုက်ထစ်လိုက်။ ကျွန်တော်က နားမငြီး စိတ်မရှုပ်တတ်အောင် ကျင့်ထားရသည်။

ဟိုအကောင်တွေ မလာတာကြာပြီဆိုလျှင် ကျွန်တော့်ဇနီး အဖွားကြီးက "ပျင်းတယ်တော် . . ဟိုအိမ် သွားနေလိုက်ဦးမယ်" ဆိုပြီး သူ့ 'မျောက်မြေး' တွေဆီ တစ်ပတ်လောက်သွားနေပြီး အာညောင်းလို့ မောလောက်မှ ပြန်လာတတ်သည်။ ကျွန်တော့်သား အလတ်နှင့် သူ့ဇနီးက အိမ်မှာအတူနေမို့ ကျွန်တော့် စားမှုသောက်မှု အတွက်ကိုတော့ သူတို့ထံ ဝ,ကွက်အပ် ခဲ့သည်။ အလွန်ကို မြန်မာပီသသော မြေးအဖွားတွေလို့ ဆိုရပါတော့မည်။

ကျွန်တော်တို့က စမ်းချောင်းမှာနေသည်။ သမီးကြီးနှင့်မြေးတွေက သမိုင်းမှာ။ ကျွန်တော်တို့လမ်းက တစ်ဘက်ပိတ်လမ်းတိုကလေး၊ သူတို့လမ်းက ပိုလို့ပင် တိုသေးသည်။ မြေးတွေက ကျွန်တော်တို့ လမ်းထဲမှာပဲ ကြီးပြင်းလာခဲ့ကြလေတော့ လမ်းထဲရှိသမျှကလေးတွေ အားလုံးက သူတို့ကစားဖော်တွေချည်းပဲ ဖြစ်သည်။ လွတ်လပ်ရေးနေ့ ကလေးများ အားကစားပွဲဆိုလျှင် သူတို့ရောက်လာကြပြီ။ လမ်းထဲက လူတွေကလည်း သူတို့ကို တစ်ခြားကဟု သဘောမထား။ ကိုယ့်လမ်းထဲက ကလေးတွေပဲဟု သတ်မှတ်ကြသည်။

ယခုဤစာကိုရေးချိန်တွင် မြေးဦးမ အကြီးဆုံးက ကွန်ပျူတာ ဒုတိယနှစ်သို့ပင် ရောက်နေပြီ။ သူ့အသက်နှင့်စာလျှင် ရင့်ကျက်မှု စောသည်ဟု ဆိုနိုင်သည်။ ပညာတွင်လည်းတော်သည်။ မိခင်အတွက်လည်း အကူအညီရသည်။ လိမ္မာသောသမီးဟု သတ်မှတ်နိုင်သည်။ သားအလတ်က ၉ တန်း။ ညီဖြစ်သူနှင့် တကျက်ကျက် ဖြစ်တတ်သည်မှအပ ပြဿနာမရှိလှ။ အငယ်ဆုံးကောင်က စတုတ္ထတန်း။ ဒီအကောင်ရဲ့ အသက်က ကိုးနှစ် ဆယ်နှစ်၊ နာမည်က မောင်ဉာဏ်စစ်။ နာမည်နှင့်လိုက်အောင် ဉာဏ်ကလေးက ကောင်းသည်။



http://myanmarpyithar.net

ပြောလိုက်ရဦးမည်။ မြဝတီရုပ်သံ ကလာသော ပြည်သူ့တရားရှင် ပေါင်ချိန်ကို လူတိုင်း သိကြပါသည်။ ဒီအခါက မောင်ဉာဏ်စစ် အသက်သုံးနှစ်ပင် မပြည့်တတ်သေး။ ပေါင်ချိန် ဇာတ်လမ်းလာလို့ ပဏာမ သီချင်းလွှင့်လိုက်လျှင် သည်အကောင်က အောက်ပိုင်း ဟောင်းလောင်းနှင့် တီဗွီရှေ့ရောက်သွားပြီး တရုတ်သီချင်းကို အစအဆုံး လိုက်ဆိုသည်။ သီချင်းသာ မဟုတ် ဒိုးဂွမ်းဆိုသော တီးလုံးတွေကိုပါ ရောဆိုပစ်သည်။ 'ဝမ်ချောင် မာဟန့် ပွန့် ငွန့် ငွန့် ပါတ်' ဆိုတာတွေတောင် ပါလိုက်သေးသည်။ သူလည်း နားမလည်၊ ကျွန်တော်တို့လည်း တစ်လုံးမျှ နားမလည်။ သို့သော် သူ့ဟာနှင့်သူတော့ ဟုတ်နေတာကို ကြည့်ပြီး ကျွန်တော်တို့ မရယ်ဘဲမနေနိုင်။

တစ်ခါမှာတော့ သွားလေသူ မြသန်းတင့်ကြီးက ကျွန်တော့်အိမ် စောစောစီးစီး ပေါက်လာသည်။ ကျွန်တော်က အိပ်ရာက မထသေး။ သည်အကောင်က အပေါ်ထပ် ဝရန်တာက လှမ်းမြင်လိုက်တော့ "ဖိုးဖိုးကြီးရေ -အိပ်ရာထတော့-ကိုမြသန်းကြီး လာနေတယ်" တဲ့။ မြသန်းတင့်က "ဟေ-ဘယ်သူလဲကွ၊ ငါ့ကို ကိုမြသန်းခေါ်တာ" ဟူသောအသံကို ကြားလိုက်ရသည်။ ကျွန်တော်က ရယ်မောပြီး အိပ်ရာက ထလိုက်



http://myanmarpyithar.net

ရသည်။ အောက်ထပ်ဆင်းသွားလိုက်တော့ ဧည့်ခန်းမှာ ရွှစ်ရွှစ် ဒီအကောင်နှင့် ကိုမြသန်း စကားလက်ဆုံကျနေသည်ကို တွေ့ရသည်။ ကိုမြသန်းက ပြောလိုက်သေးသည်။ "ဒီကောင်က ကျုပ်ကို ဧည့်ခံနေတာဗျ" ဆိုပဲ။

တစ်ဆက်တည်းပြောလိုက်ရဦးမည်။ ပလပ်စတစ် လက်ကိုင်နှင့် နှစ်ထပ်သွား မုတ်ဆိတ်ရိတ် ဓားကလေးတွေကို စာဖတ်သူသိပါသည်။ ဓားတုံးလာလျှင် ဖြုတ်ပြီးလွှင့်ပစ်လိုက်ကြပြီး အသစ် တစ်ချောင်း တပ်လိုက်ကြသည်။ ကျွန်တော်လည်း ထို့အတူပါပဲ။ မောင်ဉာဏ်စစ်က ကျွန်တော် လွှင့်ပစ်ထားသော နှစ်ထပ် ဓားသွားလေးတစ်ချောင်းကို စိတ်ဝင်စားစွာ ကြည့်နေသည်။ ကျွန်တော်ကလည်း ဘာမှမပြောပါ။ အတော်လေးကြာတော့ သူက - "ဖိုးဖိုးကြီးရေ၊ ဓားက အကောင်းကြီးရှိသေးတယ်။ အထဲမှာ မုတ်ဆိတ်မွေး နုနုလေးတွေ ပိတ်နေလို့ဗျ။ ကျွန်တော် သွားကြား ထိုးတံကို ပါးပါးလေးလုပ်ပြီး အဲဒါတွေကို ထိုးထုတ်လိုက်တယ်။ အခု ဒီဓားကို ရိတ်ကြည့်စမ်း ပြတ်တယ်ဗျ" တဲ့။

ကျွန်တော်က အမှတ်မထင် "အေး . . ဟုတ်မှာ ပေါ့ကွာ" ဟုပဲ ပြောလိုက်သည်။ ကျွန်တော်က မုတ်ဆိတ် ရိတ်ပြီးလျှင် ဓားသွားကို ရေဖလားထဲတွင်



http://myanmarpyithar.net

နာနာလှုပ်ပြီး ဆေးလိုက်သည်။ မွေးနုတိုတိုလေးတွေ အားလုံး ပြောင်စင်သွားမည်ဟု ထင်မိသည်။ သို့နှင့် ဒီအကောင်ပြောတာ ဟုတ်လေမလား အောက်မေ့သည်နှင့် ထိုဓားသွားနှစ်လွှာကြားကို သွားပွတ်တံ နုနုလေးနှင့် သာသာလေးပွတ်ပြီး၊ သန့်စင်ကြည့်လိုက်သည်။ ရိတ်ကြည့်လိုက်တော့ အတော်လေးကို ထက်ထက်မြက်မြက် ပြတ်နေသည်မှာ အမှန်ဖြစ်သည်။

ဒီအကောင်ဉာဏ်ကောင်းတာတော့ အမှန်ဖြစ်သည်။ သို့သော် သူ့ဉာဏ်က တစ်ခါတလေ 'အနီ' ကလေးတွေ 'အနက်' ကလေးတွေ ပါလာတတ်သည်ဟု ထင်သည်။

သူတို့မိခင် ကျွန်တော့်သမီးကြီးအကြောင်းကို ပြောရပါဦးမည်။ သူကဘွဲ့ရပြီး ကျောင်းဆရာမ အတော်ကြာလေးလုပ်လိုက်ပါသေးသည်။ သူ့ယောကျ်ား သဘောလိုက်တော့ ကလေးတွေကိုပဲ အုပ်အုပ်စီးစီး ကိုင်တွယ်တော့မည်ဆိုပြီး အလုပ်က ထွက်လိုက်သည်။ စိတ်ကလည်း မြန်သလား မမေးနှင့်၊ လက်ကတော့ ပိုလို့တောင်ယဉ်သေးသည်။ သူ့သား သမီးတွေကို ပြောမရလျှင် နှီးရာနှင့်ကောက်ပေါက်၊ တွေ့ရာနှင့် ဆွဲရိုက်တတ်သည်။ "စမ်းရေပမာ မိမေတ္တာ" ဟူသော စကားရှိသည် မဟုတ်ပါလား။ ကျွန်တော့် စိတ်ထဲတွင်

“ငှါသမီးရဲ့စမ်းရေကတော့ ဝေဘာတောင် စောင်းကများ ဆင်းလာသလားမသိ၊ အစီးကြမ်းလှချည် လား၊ အောက်က ကျောက်စွန်းကျောက်စွယ်များ ရှိလေသလားမသိ အသံကလဲမြည်ပါပေ့” ဟု အောက်မေ့မိသည်။

ယခုအထိ ကျွန်တော်ရေးနေခဲ့သမျှမှာ ‘ဝန်ထွက် - ပြည်တည်’ မျှသာ ရှိပါသေးသည်။

ဇာတ်ဝင်ခန်း စပါတော့မည်။

* * * * *

ကျွန်တော့်ဇနီးသည်မှာ သွေးတိုး၊ ဆီးချို နှလုံး အတော်လေး စုံစုံလင်လင် ရှိသည်။ မကြာသေးမီက နှလုံး နည်းနည်းဖောက်လာလိုက်သောကြောင့် ရှိသမျှ ငွေလေးကြေးလေး ‘အာရှတော်ဝင်’ မှာ တော်တော်လေး ဝင်သွားသည်။ ဒီအခိုက်တွင် ကျွန်တော့် ချွေးမကလည်း ခရီးထွက်နေသောကြောင့် အိမ်မှာ ကျွန်တော်တို့ သားအဖနှစ်ယောက်သာ ရှိသည်။ သမီးဖြစ်သူကလည်း ရောဂါစုံကို မြည်းစမ်းထားဖူးလေတော့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ တစ်ယောက် ဖြစ်နေသည့်အတိုင်း သူကဒါရိုက်တာပါပဲ။ ဆေးရုံတွင် သုံးလေးရက်နေပြီး ဆင်းလာတော့လည်း သမီးအိမ်ကိုပဲ ပါသွားရသည်။ သမီးအိမ်မှာပဲ ‘သားမြေး တစ်ရုံ

ကျူနှယ်အုံလျက်’ ပျော်ပျော်ပါးပါးကြီး နာလန် ထလာပါ တော့သည်။ သို့သော် ဆေးရုံကို နှစ်ပတ်တစ်ခါလောက် သွားပြရသည်။ သမီးကြီးက ဦးဆောင်ဦးရွက်ပေါ့။ ဇနီးသည်က အိမ်ကို တစ်ပတ်လောက်ပြန်လာ၊ သမီးအိမ်မှာ နှစ်ပတ်လောက် သွားနေလိုက်။

မကြာသေးမီကတော့ စမ်းရေတွေ အတော် လေး အစီးကြမ်းသွားသည်။ မြည်သံလည်း အတော် ပြင်းလာသည်။

၉ နှစ် ၁၀ နှစ် မောင်ဉာဏ်စစ် ပြဿနာပါပဲ။

သမီးကြီးက ကျွန်တော့်ဆီ ဖုန်းဆက်သည်။

“ဖေဖေ - မေ့မေ့ကို ပြန်ပို့လိုက်တော့မယ်။ ဒီမှာထားလို့ကို မဖြစ်တော့ဘူး”

ပြောနေရင်း ငိုလိုက်သေးသည်။

“ဉာဏ်စစ်ရယ်လေ။ ဘာလုပ်တယ် ထင်သလဲ၊ ပိုက်ဆံခိုးတယ်၊ လက်ပူးလက်ကျပ်ကိုမိတာ၊ မေမေ့ကို သမီးကပြောထားတယ်။ မုန့်ဖိုးမပေးပါနဲ့လို့။ အဲဒါ သမီးတို့မသိအောင် ခိုးပေးတယ်။ (ငိုသံ) ဒီကောင် ပိုက်ဆံသုံးတတ်နေပီ။ မေမေလုပ်နေပုံနဲ့တော့ ဒီအကောင်တွေကို သမီးဘယ်လို ဆက်ထိန်းမလဲ။ နောက်ပြီး ကျောင်းစာတွေကိုလဲ ကူးမလာဘူး။ အဲဒီထက် ဆိုးတာက ရီပို့ကတ်ကို အိမ်မပြဘဲ သမီး



http://myanmarpyithar.net

လက်မှတ်ကို သူ့ဘာသာထိုးထားတယ်။ လူကြည့်တော့ ဆီးစေ့လောက်ရယ်။ ကလီကမာ သိပ်လုပ်တတ်နေပီ။ အဲဒါနဲ့ သမီးကရိုက်တော့ မေမေက ဘာလုပ်တယ်ထင်သလဲ။ ‘အမယ်လေး ကလေးကို သတ်နေပါပီတော်’ လို့ ရပ်ကျော်ရွာကျော် အော်တယ်။ (ငိုသံ) မရိုက်လို့ မဖြစ်ဘူးဖေဖေ၊ ဒီအကောင့်အကြောင်းကို သမီးသိတယ်။ အဲဒီလောက် ရိုက်နေတာကို အော်ရုံပဲအော်တာ၊ တစ်ချက်ကလေး မငိုဘူး။ မျက်ရည်တစ်စက် မထွက်ဘူး၊ အလွန်အကြောမာတဲ့ကောင်။ ဒီအကောင်ကို အိမ်က နှင်ချမယ်ဆိုတော့ မေမေက ‘နှင်ချရင်လဲ ငါ ခေါ်သွားမယ်’ တဲ့။ သမီးကို ကူပြီး မဆုံးမတဲ့ပြင် မြှောက်ပေးသလို ဖြစ်မနေဘူးလား”

ပြောလိုက်၊ ငိုလိုက်၊ ပြောငိုလေးနှင့်ပင် တယ်လီဖုန်းပြီးသွားသည်။

တိုင်တန်းချက်ပေ့ါခင်ဗျာ။

သမီးကြီးက သူ့သားသမီးတွေကို အလွန်ပေါက်မြောက်စေချင်သည်။ ကလေးတွေ ပညာ တတ်ဖို့ အတွက် ကိုယ်အငတ်ခံမည် ဆိုတာမျိုး သူ့မှာရှိသည်။ ကလေးတွေ ကျောင်းစရိတ်၊ ကျူရှင်စရိတ် စသည်တို့မှာ အခြားအခြားသော အိမ်သုံးစရိတ်အားလုံးထက် သုံးဆလောက် လေးဆလောက် ပိုမည်ထင်သည်။ သားသမီး



http://myanmarpyithar.net

ပညာရေးနှင့် ပတ်သက်လျှင် အလွန်ကို ရက်ရောသည်။ ကလေးတွေ ပျက်စီးမှာကိုလည်း အလွန်ကြောက်သည်။ ထို့ကြောင့် အိမ်တွင်ကစားနိုင်သော ကွန်ပျူတာဂိမ်း ဘာညာဆိုတာတွေ ဝယ်ပေးထားသည်။

ဇာတ်လမ်းကို ဆက်လိုက်ရဦးမည်။

ပြောင်ိုတယ်လီဖုန်းပြီးလို့ နောက်နှစ်နာရီ လောက်ရှိတော့ အဖွားကြီး အထုပ်အပိုးနှင့်တကွ တက္ကစီကလေးနှင့် ရောက်လာသည်။ အိမ်ရှိ သားနှင့် ချွေးမက အထုပ်အပိုးကိုယူ၊ လူကိုတွဲပေ့ါ။ အိမ်ပေါ် ရောက်ပြီးလို့ ခဏလေးရှိတော့ လူမမာအဖွားကြီး စကားစသည်။

မနေချင်ပါဘူးတော်၊ စိတ်ရှုပ်တယ်။ ဘယ် . . ထစ်ခနဲဆိုခေါက်၊ ထစ်ခနဲဆိုရိုက်၊ ရိုက်တော့လဲ ကလေး ရိုက်သလို မဟုတ်ဘူး။ ကတဲ . . ဝါးခြမ်းစိတ်နဲ့ ကြိမ်ဒဏ်ပေးသလို ရိုက်နေတာ။ ကျောင်းစာတွေကို ကူးမလာဘူးတဲ့။ ကျုပ်က စိတ်တိုလာတာနဲ့ 'ဟဲ့ ညည်း တုန်းက ရှစ်တန်းဖြေခါနီးတစ်ပတ်လောက် အလိုမှာ စာတွေမရှိလို့ ငါတို့ပါဝိုင်းကူးပေးရတာ ဘယ့်နှယ်လုပ် မလဲ၊ အဲဒါကျတော့ မေ့နေပလား၊ နည်းနည်းပါးပါး ကိုယ်ချင်းစာဦးမှပေ့ါ' လို့ အော်လိုက်တော့၊ သူကို ကလေး တွေရှေ့မှာ အရိုသေတန်အောင် ပြောသတဲ့လေ"

ထွက်ဆိုချက် (၂) ချက်ပေါ့ခင်ဗျာ။

ကျွန်တော် အလွန်ကို ရယ်ချင်မိသည်။ သို့သော် ကိုယ့်ပါ 'တုတ်ဖျားခတ်' သွားမည်စိုးသောကြောင့် မရယ်ဝံ့။

ဒါနှင့်မပြီးသေး။

ညနေ (၆) နာရီလောက်ရောက်တော့ မြေးသုံးယောက်လုံး အထုပ်အပိုးတွေနှင့် ရောက်လာသည်။ အကောင်းမဟုတ်။ 'ကိုးနှစ်ဆယ်နှစ်၊ မောင်ဉာဏ်စစ်' ကို အိမ်က နှင်ချလိုက်သောကြောင့် အကြီးမောင်နှမက လိုက်ပို့ပေးခြင်းဖြစ်သည်။ အမှာစကားပါးလိုက်သည်က "သည်လောက်တောင် အလိုလိုက်ချစ်ခင်ကြလျှင် တစ်လှည့် ထိန်းကြည့်ကြဦး"တဲ့။ ဟိုအကောင်ကို ကြည့်လိုက်တော့ ဝမ်းနည်းဟန်လည်းမပြ၊ ဝမ်းသာဟန်လည်း မပြ။ ကြောင်စီစီ မျှောက်ထိုင်ထိုင်နေတာပါပဲ။ သမီးကြီးပြောသော 'အလွန်အကြောမာတဲ့ကောင်' ဆိုတာကို သွားပြီး သတိရလိုက်မိသည်။ သူ့အဝတ်အစား၊ စာအုပ်စသည့် ပရိက္ခရာအားလုံးကို ထားပြီး အကြီးနှစ်ယောက် ကပြန်သွားသည်။ ခဏရှိတော့ မောင်ဉာဏ်စစ် လမ်းပေါ် ရောက်နေပြီ။ သူ့အကောင်တွေနှင့် ပျော်ပျော်ကြီး ပြေးလိုက်လွှားလိုက်ပါပဲ။ ထမင်းစားဖို့တောင် မနည်း ခေါ်ယူရသည်။



http://myanmarpyithar.net

သည်အကောင် ဘယ်လောက်ရိုက်ရိုက် မငိုဘူးဆိုသော်လည်း တစ်ခါမှာတော့ဖြင့် ကြမ်းပြင်ပေါ်မှာ လူးလှိမ့်ပြီး အော်ကြီးဟစ်ကျယ်ငိုဖူးသည်ကို ကျွန်တော် သတိရမိသေးသည်။ သူ့အစ်ကိုက သူ့ကျောင်းလွယ်အိတ်ထဲတွင်တွေ့ရသော စာလေးတစ်စောင်ကို အော်ပြီးဖတ်ပြလိုက်စဉ်က ဖြစ်သည်။ သည်တုန်းက သူကပထမတန်း။ ၆ နှစ်လောက်ပေါ့။ ရေးထားသည့်စာက "သီရိ--နင်က ဒို့ကို မခေါ်ဘူးဆိုရင် ဒို့ကတော့ သေလိုက်မှာပဲ" ဆိုကိုး။ ရှက်ပြီး အော်ငိုတာ ဖြစ်မှာပေါ့။ အကြီးကောင်ကလဲ အကြီးကောင်ပါပဲ။ အမှတ်ရတိုင်း ဒီစာကို ကောက်ရွတ်တတ်သည်။ ရွတ်လိုက်တိုင်းလည်း အငယ်ကောင်က အော်သည်။

အဖွားကြီးက "ဘမျိုးဘိုးတူ" တဲ့။ သည်အကောင်လုပ်တာနှင့် ကျွန်တော်တောင် အဆစ်ပါသွားလိုက်သေးသည်။

နောက်တစ်နေ့ မနက်ကျတော့ သမီးကြီးက တယ်လီဖုန်းနှင့် လှမ်းပြီး ရန်ထောင်သေးသည်။ လက်ခံထားလိုက်ရမလားပေါ့လေ။ တကယ်ဆို လက်မခံနိုင်ဘူးလို့ပြောပြီး ပြန်လွှတ်လိုက်ပါလားတဲ့။ ရော်--ခက်နေပါလား။ ဘာမျှလည်း ကြိုတင် စည်းဝါးရိုက်မထားဘဲ သည်အတိုင်း ပို့လွှတ်လိုက်တော့ အဖိုးအဖွားက



http://myanmarpyithar.net

လက်မခံလို့ ဘယ့်နှယ်လုပ်မလဲ။

အခုတော့ လက်ခံထားလိုက်မိပြီ။ မတတ်နိုင်တော့။ "ရဲဘော်အောင်သင်း--ဆက်လုပ်၊ ဒါပဲ၊ ရှင်းလား"

"ဟုတ်" ပေါ့ခင်ဗျာ။

* * * * *

သည်အကောင်ကို စမ်းချောင်းကနေပြီး သမိုင်းဘက်ရှိ သူ့ကျောင်းသို့ ချွေးမက ဘတ်စ်ကားနှင့် လိုက်ပို့စေ။ နေ့လည်ကျောင်းဆင်း ၂ နာရီတွင် သွားကြို ပြန်ခေါ်လာခဲ့စေ။

သူတို့ကျောင်းက ၉း၁၅ မှာတက်သည်။ ကျောင်းတက် ခေါင်းလောင်းထိုးလိုက်သည်နှင့် ကျောင်းဝင်းတံခါးကို ပိတ်ပစ်လိုက်သည်။ အဝင်အထွက် မရှိစေရ၊ ဒီတော့ ချွေးမခမြာမှာ မနက်လင်းသည်နှင့် တစ်ပြိုင်နက် သူ့ကျောင်းသွား ကိရိယာများဖြစ်သည့်၊ ထမင်းဗူး၊ ရေဗူး၊ ဆွဲခြင်းစသည်တို့ကို ပြင်ဆင်ရတော့သည်။ ၇ နာရီလောက်တွင် သူ့ကို အိပ်ရာကနှိုး၊ ရေချိုးပေး၊ သနပ်ခါးလိမ်းပေး၊ မနက်စာ ထမင်းကြော်၊ မုန့်းဟင်းခါးစသည်ကိုကျွေး၊ အဝတ်အစားလဲပေး၊ ကျောပိုးအိတ်မှာ ပစ္စည်းစုံရဲ့လားမေး၊ ဟိုအကောင်က သူ့အဖွားဆီမှာ နေ့တွက် ကျသင့်မုန့်ဖိုး

ကိုတောင်း၊ ရှစ်နာရီသာသာလေက်တွင် ဟိုကောင်က သူ့ကျောင်းအိတ်ကိုကျောပိုး၊ သူ့အန်တီက ခြင်းတောင်း ကိုဆွဲပြီး နှစ်ယောက်သား ထွက်သွားကြတော့သည်။ သူတို့ မောင်နှမသုံးယောက်လုံး ကျွန်တော့်ခွေးမကို ချစ်ကြသည်။ ချစ်ကြပေမှာပေ့ါ။ ဟိုကောင်မကလဲ သားသမီး မရှိလေတော့ သူတို့ကို အလွန်အလိုလိုက် သည်။ သူတို့ပူဆာသမျှ လုပ်ကိုင်ကျွေးသည်ကိုး။ သည် ကောင်ကတော့ ပိုလို့ပင်ဆိုးသေးသည်။ သူ့ 'အန်တီ' ဆိုသောခေါ်သံကကို 'အန်ငြီ' လိုလို၊ 'အန်ငီ' လိုလို ညောင်နာနာ ပျစ်ချွဲချွဲ။ ဟိုကောင်မကလဲ အဲသည် ပျစ်ချွဲချွဲကို အလွန်သဘောကျဟန်တူသည်။

နေ့လည်ဘက် ရောက်လာလိုက်လျှင် အဖွားကြီးက နာရီတကြည့်ကြည့်။ သူ့မြေးကိုသွားကြိုဖို့၊ ၂း၃၀ တွင် ကျောင်းလွှတ်မှာဆိုတော့ ၁း၃၀ ဆိုလျှင် ခွေးမက ပြေးရတော့သည်။ အိမ်ပြန်ရောက်လိုက်လျှင်၊ မဟုတ်သေးဘူး၊ (အမှားပြင်) လမ်းထဲပြန်ရောက် လိုက်လျှင် ကျောပိုးအိတ်ကို သူ့အန်တီကို ပေးလိုက်ပြီး တစ်ချိုတမောင်း ကမြင်းကြော ထလိုက်သေးသည်။ ခဏရှိမှ အိမ်ထဲပြန်ဝင်လာပြီး သူ့အဖွားဆီက ညနေပိုင်း မုန့်ဖိုးတောင်း။ လက်ထဲ ကြာကြာထားသည် မထင်လေနှင့် ချက်ချင်းပြေးထွက်ပြီး မုန့်ဝယ်စားလိုက်

သည်။ အာလူးကြော်၊ ငါးမုန့်ကြော်၊ စာကလေးခွေ စသည်တို့ကို ကျွန်တော် မပြော။ သူ့အကြိုက်ဆုံး ဇိမ်ခံ သွားရည်စာက ကျပ်ပြားဝိုင်းသာသာရှိ ပလပ်စတစ် ‘မြိတ်ငပိဘူး’ လေးတွေပါပဲ။ အကြီးကောင်က သူလို မဟုတ်၊ ပိုက်ဆံစုတတ်သည်။ အတော်လေးစုမိ လိုက်လျှင် သူ့အမေကို အချို့အဝက် စိုက်ထုတ်ခိုင်းပြီး ကွန်ပျူတာဂိမ်းခွေ စသည်တို့ကို ဝယ်သည်။

မောင်ဉာဏ်စစ်ကတော့ ညစာစားပြီးလျှင် တစ်ချီထွက်ပြီး ဆော့လိုက်သေးသည်။ သူ့အန်တီက အချိန်မှန် ပြန်ခေါ်၊ ၈ နာရီကျော်လျှင် စာတွေအကုန် ကူးခဲ့ရဲ့လား၊ စစ်ဆေး၊ စာပြန်စစ်စသည်ဖြင့် ‘ဂိုက်’ လုပ်ရသေးသည်။ သူ့ကျောင်းကို လိုက်သွားရင်း သူ့အတန်းဖော်ထဲက မှတ်စုစုံသော ကလေး တစ်ယောက်ထံမှ စာအုပ်ကို ငှားယူခဲ့ပြီး သူ့မှတ်စုတွင် မပါသောစာတွေကို ပြန်အကူးခိုင်းရသေးသည်။ တာတေလန်အောင်ဆော့ထားသည့် သူ့အဝတ်အစား တွေကို လျှော်တန်လျှော်၊ မီးပူတိုက်တန်တိုက် လုပ်ပေး ရသေးသည်။ ခွေးမက တစ်ချက်ကလေးမညည်း။

ညမှာဖိုးဖိုးကြီးနှင့် အိပ်ချင်ပါသည်ဆို သောကြောင့် ကျွန်တော်က အိပ်ရသေးသည်။ ခါတိုင်း ဆိုလျှင် ကျွန်တော်က ကိုယ့်အခန်းထဲမှာပဲ တစ်ယောက်



http://myanmarpyithar.net

အိပ်ကုတင်လေးနှင့် အိပ်သည်။ သူ့ကြောင့် အပြင်ထွက်ပြီး ကြမ်းပေါ်မှာပဲ မြေးအဖိုးသုံးယောက် သူ့ကို အလယ်မှာထားပြီး ပြားအိပ်ရတော့သည်။ ဆောင်းတွင်းဆိုတော့ ဂွမ်းစောင်ထူထူ တစ်ထည်စီ ခြုံလို့ပေါ့။ ခွေးကောင်က သူ့စောင်ကို ဘယ်လို ကန်ပစ်လိုက်တယ် မသိ ခြေရင်းရောက်နေပြီ။ ဒီတော့ ကျွန်တော့်စောင်ကို ဆွဲယူသည်။ ကျွန်တော်လည်း သူ့စောင်ကို လှမ်းဆွဲနေရမှာ ပျင်းသည်လည်း တစ်ကြောင်း၊ သူနှင့်အတူ အိပ်ရသည်က နွေးသောကြောင့် တစ်ကြောင်း အတူပဲ ခြုံလိုက်ပါသည်။ သို့သော်ခက်ပုံက တော်ကြာရင်း သူကစောင်ကို ဆွဲယူပြီး လိမ့်လိုက်ရင်း၊ ကျွန်တော့် ကျောဘက်က လွတ်သွားရင်း၊ ပြန်ဆွဲယူလိုက်ရင်းနှင့် မြေးအဖိုး နှစ်ယောက် စောင်လုနေရတော့သည်။

* * * * *

နှစ်ရက်သုံးရက်ရှိတော့ သူ့အမေက ပြန်ခေါ်မည်ဟု ဖုန်းဆက်သည်။ ‘ချေးကျရာပျော်တဲ့ကြက်’ ဟု ဒေါသလည်း ထွက်နေပုံရသည်။ “သမီး ဖေဖေ့ကို အချိန်ပေးပါ” ဟု တောင်းပန်ထားလိုက်ရသည်။ စင်စစ်သည်အကောင် အိမ်ကို လွမ်းစပြုလာပြီ။ ကျွန်တော်တို့ကိုတော့ မပြော။ သူ့အန်တီကိုတော့ “တစ်ခါတလေ အိမ်ကိုလွမ်းတယ်” ဟုပြောသည်။

ကျွန်တော့်အခန်း ရောက်တော့မည်။ သို့သော် နှစ်ရက်လောက် ထပ်စောင့်လိုက်သည်။ ၆ ရက်မြောက် သောနေ့ နေ့လည်ခင်းမှာ အနီးတွင် ဘယ်သူတွေမှ မရှိစေဘဲ သူနှင့်နှစ်ယောက်ချင်း စကားပြောသည်။

"ညဏ်ညဏ် မင်းမေမေကြီးကို မလွမ်းဘူး လား"

ဘာမျှမပြော ဒီအတိုင်းငေးနေသည်။ ကျွန်တော်က ဆက်ရသည်။

"မင်းက မလွမ်းပေမယ့် မေမေကြီးကတော့ ညတိုင်းဆိုရင် သားလေး၊ သားလေးနဲ့ ငိုနေမှာပဲ။ ဘာကြောင့်လဲဆိုတော့ မင်းကအငယ်ဆုံးမဟုတ်လား။ မေကြီးတင်မကဘူး၊ မမဆုကလဲမင်းကို ချစ်တာပဲ။ မနေ့က မမဆုကဖုန်းဆက်တယ်။ သူဘာပြောသလဲ သိလား။ "ဖိုးဖိုးကြီးရယ်--သမီးလေ သူ့ကို ငယ်ငယ် ကလေးထဲက ပြုစုခဲ့တာပါ။ သူအီးပါချင်တယ်ဆိုရင် သမီးကသူ့ကို ဖင်ဆေးပေး၊ အဝတ်လဲပေး လုပ်ခဲ့ရတာ ပါ။ တစ်ခါတလေ ဘောင်းဘီထဲမှာ အီးပါချရင် အကုန်လုံး သမီးကလုပ်ပေးခဲ့ရတာပါ။ စားစရာရှိရင်လဲ သမီးက သူတို့ကိုပဲဦးစားပေးပြီးကျွေးခဲ့တာပါ။ အဲဒီ လောက်ထိအောင် သမီးတို့ကချစ်ပါလျက်နဲ့ သူက သမီး တို့ကိုပစ်ပြီး ဖိုးဖိုးတို့အိမ်မှာနေနိုင်တယ် ဆိုတော့ သမီး

လေ မောင်လေးဟာ ငါတို့က ချစ်သလောက် ငါတို့ကို ပြန်မချစ်ပါလားလို့ တွေးပြီး ဘယ်လိုဝမ်းနည်း မိမှန်း မသိဘူးတဲ့။ မင်းကို မမဆုက ချေးတွေသေးတွေ သုတ်သင်ပေးခဲ့တယ်ဆိုတာ ဟုတ်သလား”

သူကဘာမှမပြော၊ ခေါင်းညိတ်ပြသည်။ ကျွန်တော့်ကို မကြည့်။ သို့သော် မျက်ရည်စို့လာသည်။

“ဖိုးဖိုးတို့ ဖွားဖွားတို့က မင်းကိုချစ်ပါတယ်။ မင်း ဒီလမ်းထဲက သူငယ်ချင်းတွေနဲ့ကစားရတာကို သိပ်ပျော်တယ်ဆိုတာကိုလဲ ဖိုးဖိုးတို့ သိပါတယ်။ ဒါပေမယ့် အဲဒီပျော်ရွှင်မှုအတွက် မင်းပေးလိုက်ရတာတွေက များလွန်းလှတယ် ငါ့မြေးရယ်။ မင်းရဲ့မိသားစုကို ဆုံးရှုံးခဲ့ရပြီ။ ဆိုပါစို့ကွယ် မင်းဖေကြီးဟာ အခု သင်္ဘောလိုင်းမှာ ရောက်နေတယ်။ သူက ပြန်လာမယ် ဆိုပါတော့ အရင်ကလို လေယာဉ်ကွင်းမှာ မိသားစု လိုက်သွားကြိုကြရင် မင်းပါခွင့်မရှိတော့ဘူး။ ဖေကြီးကလဲ မေးမှာပေါ့။ သားငယ်လေးရောလို့”

ဒီနေရာမှာတော့ မျက်ရည်သွယ်စီးလာသည်။ နှပ်တွေပါထွက်လာတော့ သူ့ဘာသာသူ လက်နှင့်သိမ်းရသည်။

“မင်းဟာ ဖိုးကြီးတို့နဲ့ အတူတူတီဗွီကြည့်ကြတယ်။ ကိုကိုကောင်းတို့ မမဆုတို့နဲ့ အတူတူ ကြည့်ရ



http://myanmarpyithar.net

သလောက် ပျော်ရဲ့လား”

သူခေါင်းရမ်းပြသည်။ ဘာမှတော့မပြော။ မျက်ရည်တွေကတော့ ဆက်ကျနေသည်။

“နောက်ပြီး ငဖြိုးကလဲ မင်းကို ရှာနေမှာပဲ။ စကားမပြောတတ်လို့သာကိုးကွဲ့”

ကျွန်တော် အညာကို ကိုင်လိုက်ပါပြီ။ ငဖြိုး ဆိုသည်က သူတို့အိမ်က မွေးစုတ်ဖွားခွေးကလေး။ သူ့သူငယ်ချင်း၊ ကစားဖက်။ ဖက်လှဲတကင်း ထွေးလုံး ရစ်ပတ် ကစားနေတတ်သည်။ မေကြီးတို့က သူက မှီခို ရသူ၊ ခွေးလေးငဖြိုးက သူ့ကိုမှီခိုနေတတ်သူ။ ခွေး ကလေး လွမ်းနေမှာကို သူမသနားဘဲ နေပါမည်လား။ မျက်ရည်ပိုကျလာသည်။ နှပ်ကလည်း ပိုထွက်လာ သည်။

“ကဲကွာ--ငါ့မြေးရယ်၊ အိမ်ပြန်ကြရအောင်၊ ဖိုးဖိုးတို့ဆီကိုလဲ မကြာခဏလာရမှာပေါ့။ မိသားစု ဆိုတာ တစ်စုတည်းနေကြရမှ ပျော်စရာကောင်း တာကွဲ့။ ငါ့မြေးကိုလဲ ဖိုးဖိုးကြီး သိပ်သနားတာပဲ။ တစ်ခု တော့ ရှိတယ်ကွဲ့။ မင်း ခံဝန်ချက်တော့ဖြင့် လုပ်ရလိမ့် မယ်။ မင်းမေကြီးစကားကို နားထောင်မလား”

“နားထောင်မယ်” ဟု မပွင့်တပွင့် ပါးစပ်က ရွတ်ပြီး ခေါင်းညိတ်သည်။ အားလုံး ခံဝန်ချက် (၅) ခု



http://myanmarpyithar.net

လောက် မေးပြီး အဲဒါတွေကို ဖိုးဖိုးကြီး ကွန်ပျူတာ စီလိုက်မယ်။ မင်း လက်မှတ်ထိုးရမယ်။ နက်ဖြန် ဖိုးဖိုးကြီးကိုယ်တိုင် လိုက်ပို့မယ်။

ကျွန်တော်က သူ၏ခံဝန်ချက်များကို ကွန်ပျူတာ စီလိုက်သည်။ သူကိုယ်တိုင် လက်မှတ် ရေးထိုးသည်မှာ မှန်ကြောင်း ကျွန်တော် ကိုယ်တိုင်ကလည်း အသိသက်သေအဖြစ် လက်မှတ်ထိုးလိုက်ပါသည်။

နောက်တစ်နေ့ ရောက်တော့ မြေးတော်မောင် ပြည်တော်ပြန်ခန်းကို အသုံးတော်ခံကြရတော့မည်။ ထို့ကြောင့် သူ့ပစ္စည်းပရိက္ခရာတွေကို ပါရင်းလက်ဆွဲ အိတ်တွင်ထည့်၊ ထမင်းဘူးပါ မကျန်စေရအောင် ချွေးမကစီစဉ်။ သမီးဆိုကိုတော့ လှမ်းပြီး ဖုန်းဆက်ထား လိုက်ရသည်။ အကြီးကောင်က လမ်းထိပ်မှာ စောင့် ကြိုပြီး ပစ္စည်းတွေကို ကူသယ်စေ။ သူတို့လမ်းတို ကလေးက ကားဝင်လို့ မလွယ်။ ထို့ကြောင့် ကြိုတင် မှာကြားရခြင်းဖြစ်သည်။

သို့နှင့် တက္ကစီလေးတစ်စီးငှားပြီး မြေးအဖိုး နှစ်ယောက် ပြည်တော်ပြန်ခရီးထွက်လာခဲ့ကြသည်။ သူတို့လမ်းထိပ်ကိုရောက်၊ ကားရပ်လိုက်တော့ အကြီး ကောင်က ရောက်မလာသေး၊ လမ်းထဲမှာ ကမြင်းကြော ထနေတုန်းရှိသေးသည်။ သို့သော် ကိစ္စမရှိ သူ့အပေါင်း

အသင်းတွေပြေးလာကြပြီး ဝိုင်းသယ်ကြသည်။ ခဏရှိမှ သူ့နောင်တော်ကြီး ရောက်လာသည်။ သူတို့ဆီးထုပ် ဘာညာဝယ်စားနေကျ လမ်းထိပ်ကွမ်းယာဆိုင်က မောင်ရင်က လှမ်းမေးလိုက်သေးသည်။

“ဟော့ကောင် ‘ဖောရိန်း’ ကပြန်လာသလား ကွ” တဲ့။

ကျွန်တော် ပြုံးလိုက်မိသည်။ သူကတော့ ဘာမှ မကြားလိုက်သလို အိမ်ဆီကို ခပ်တည်တည် ချီတက်သွားသည်။ ကျွန်တော်က နောက်က။ အိမ်ထဲ ရောက်တော့ သမီးနှင့် မြေးဦးမကြီးကို ကုလားထိုင်မှာ ထိုင်စေပြီး--

“ကိုင်း-- မင့်ခံဝန်ချက်ကို ဖတ်ပြလိုက်”

သူက ခံဝန်ချက်ကို ဖတ်ပြလိုက်ရာ တစ်နေရာအရောက်တွင် ကျွန်တော့်သမီးကြီး နှုတ်ခမ်းကို တွင်တွင်ကြီးတင်းပြီး မရယ်မိအောင် ‘ကီသွင်း’ နေရသည်ကို သတိထားမိလိုက်သည်။

ကျွန်တော်ကလည်း ထို့အတူပါပဲ။ ဘယ်နေရာရောက်တော့ သမီးကြီး ရယ်ချင်နေမည်ကို စာဖတ်သူ ချင့်ချိန်နိုင်ရန် ကျွန်တော် စီရင်ထားသော မြေးတော်မောင်၏ ခံဝန်ချက် အပြည့်အစုံကို ဖော်ပြလိုက်ပါသည်။



http://myanmarpyithar.net

## မောင်ဉာဏ်စစ်၏ ခံဝန်ချက်

ကျွန်တော် မောင်ဉာဏ်စစ်သည် အောက်ပါအတိုင်း ခံဝန်ချက်ပြုပါသည်။

(၁) မေမေကြီး၏ ဆုံးမစကားကို နာခံပါမည်။

(၂) မမဆု၏ ဆုံးမစကားကို နာခံပါမည်။

(၃) ကိုကိုကောင်း၏ ပြောစကားကိုလည်း နားထောင်ပါမည်။

(၄) ကျောင်းသင်ခန်းစာများကို မှန်မှန်ကူးပါမည်။

(၅) ပိုက်ဆံခိုးသုံးခြင်းကို ဘယ်တော့မှ မပြုပါ။

ခံဝန်ချက် ဖောက်ဖျက်ခဲ့သော် မိုးနတ်မင်းက ကျွန်တော့်အား ဒဏ်ခတ်ပါစေ။

ခံဝန်ချက်အတိုင်း လိုက်နာခဲ့သော် မိုးနတ်မင်းက ကျွန်တော့်ကို စောင်မပါစေ။

မောင်ဉာဏ်စစ်

အထက်ပါအတိုင်း ကျွန်ုပ်၏ရှေ့တွင် ခံဝန်ချက်ပြုကြောင်း သက်သခံပါသည်။

ဖိုးဖိုးအောင်သင်း

ဖတ်ပြပြီးတော့ ခံဝန်ချက်စာရွက်ကို သူ့မိခင်အားပေးပြီး သူက သူ့မိခင်နှင့်အစ်မကို လက်အုပ်ချီ



http://myanmarpyithar.net

ကန်တော့ပါသည်။ သမီးကြီးက စာရွက်နှင့် မျက်နှာကို ကွယ်ပြီး ရယ်နေပါသည်။ မြဝတီရုပ်သံက ပြနေသော တရုတ်ဇာတ်လမ်းတွဲများတွင် ‘မိုးနတ်မင်း’ ဆိုတာ မကြာခဏ ပါနေလေတော့ ထိုစကားလုံးကို သမီးကြီး က ရယ်နေခြင်းဖြစ်ကြောင်း စာဖတ်သူ မှန်းဆ နိုင်ပါ သည်။ သူကန်တော့နေစဉ်အတွင်း ခွေးဖြူးကလည်း သူ့ကိုဖက်လိုက် တက်လိုက် လျက်လိုက်လုပ်နေသော ကြောင့် ရှိခိုးကန်တော့လိုက်၊ ခွေးကိုတွန်းဖယ်လိုက် နှင့်ပင် ကန်တော့ပွဲ အခမ်းအနား ပြီးဆုံးသွားသည်။

ခဏရှိတော့ သည်အကောင် ဘယ်ပျောက် သွားလိုက်သည်မသိ၊ ခေါ်လို့မရတော့။ အတော်ကြာမှ ပြန်ရောက်လာသည်။ သူ့သူငယ်ချင်းကို သွားပြီး နှုတ်ဆက်နေသည်ဆိုကိုး။

သူပျောက်သွားခိုက်တွင် ရီပို့ကာဒ်လက်မှတ်တု ထိုးမှုကို မေးကြည့်လိုက်တော့ --

“သမီးမှန်းလို့ရတယ် ဖေဖေ။ ဒီကောင်က အလွှန်ကို နမော်နမဲ့နိုင်တယ်။ တစ်ခါမှာ အရှေ့ဘက် အိမ်က ကောင်လေးက သူ့ကိုခွင့်စာပေးလိုက်တယ်။ အဲဒါကို သူကမေ့နေပြီး မပေးဘူး။ သူတို့ကျောင်းက ခွင့်မတိုင်ဘဲကျောင်းပျက်ရင် မိဘကို လှမ်းခေါ်တော့ တာ။ ဒီတော့ သူလုပ်ပုံကြောင့် ဟိုကောင်လေးမှာ



http://myanmarpyithar.net

ပြဿနာ တက်ပါရောလား။ အခုလဲ သူရီပို့ကဒ်ကို သမီးကိုပြဖို့ မေ့နေတာရှိမှာပေ့ါ။ နောက်တော့ ဆရာမ ကတောင်းနေလို့ သမီးလက်မှတ်ကို တုပြီး ရေးလိုက် မှာပေ့ါ။ ဒီတော့ နောက်လတွေမှာ ပြလိုက်ရင် သမီးက လက်မှတ်တုကို တွေ့သွားလိုက်မှာမို့ သူ့ဘာသာ ဆက်လုပ်နေတာ ဖြစ်ပါလိမ့်မယ်"

ကျွန်တော်က ရယ်မောလိုက်ပြီး "အေး-- ဟုတ်လောက်တယ်" ဟု ပြောခဲ့ပါသည်။

* * * * *

အဲသဟာပါပဲ ခင်ဗျား။ သားအမိ နှစ်ယောက် ရဲ့မေတ္တာ စုန်ရေဆန်ရေ ကြမ်းလို့ ထိပ်တိုက်တွေ့ပြီး ဝဲလှည့်လိုက်ရာမှာ ဖိုးဖိုးအောင်သင်းခမျာမှာ ယက်ကန် ယက်ကန်နှင့် ဝဲထဲပါသွားခဲ့ရပါသည်။

ခုတော့ သူတို့သားအမိ နှာကောက်ပြီး ခပ် တန်းတန်းလုပ်နေကြသည်။ ထို့ကြောင့် ဝဲငြိမ်နေသည် ပေ့ါ။ သို့သော် မေတ္တာစမ်းရေက တစ်ဆိတ်ကလေး ရေစီးကြမ်းတတ်လေတော့ စုန်ဆန်ဝဲလည် ဖြစ်ရ ဦးမည်မှာ သေချာပါသည်။ ။

(၈-၁-၂၀၀၄)

* * * * *

စာကြွင်း။ ။ များမကြာမီမှာပင် သားမက်ဖြစ်သူက ပြန်ရောက်လာသည်။ သူတို့ ကားလေးတစ်စီး ဝယ်လိုက်သည်။ တက္ကစီဆွဲမလို့ ဆိုလားပဲ။ အဖွားကြီးလည်း သမီးနှင့်မြေးတွေဆီ ပြန်ရောက်သွားပြန်ပြီ။ ၄-၆-၂၀၀၄ နေ့ကတော့ သားအမိတစ်တွေ ကားကလေး နှင့် 'ကျိုက်ထီးဆောင်း' ဆိုလား မေတ္တာစုန်ဆန် ခရီး ချီတက်သွားကြလေရဲ့။

ဘယ်နေ့လောက်ဆီတွင် ကျွန်တော့်ဆီကို ဝဲကလှည့်လာလေဦးမည်မသိ။

လာပလေ့စေပေါ့။ အောင်သင်းတို့က အနမတဂ္ဂ သံသရာဝဲတောင်မှ ရင်ဆိုင်လာခဲ့မင့်ဟာ။ ။

(၅-၆-၂၀၀၄)

# တကယ့်နိုင်ငံရေး

ကျွန်တော် မကြာခဏ သတိရနေမိသော အဆိုအမိန့် ကလေးတစ်ခုကို ပြောလိုက်ချင်ပါသည်။ ပြောကြား ခဲ့သူမှာ 'ဆာရစ်ချတ်လစ်ဗင်းစတုန်း' ဆိုသော ပညာရေး ပါရဂူကြီးဖြစ်လျက် သူ၏ဟောပြောချက်များ ကို စုပေါင်းထားသည့် 'ပညာရေး၏ လုပ်ငန်းဆောင် တာများ (Some Tasks for Education)' ဟူသော စာအုပ်တွင် ဖတ်လိုက်ခဲ့ဖူးခြင်း ဖြစ်ပါသည်။

"သိပ္ပံပညာက လက်တစ်ဖက်မှာ အဏုမြူဗုံး၊ လက်တစ်ဖက်မှာ ပင်နီဆလင် ကိုင်ပြီးပေးနေတာပဲ။ ဘာကိုရွေးမလဲ။ ရွေးတဲ့အတိုင်း ကမ္ဘာကြီး ကံကြမ္မာ ဖန်လာမှာပဲ"

ယခုတစ်လော ကမ္ဘာ့သတင်းတွေကို နားထောင်လိုက်တိုင်း အရွေးမှားတော့မည် ထင်ပါရဲ့ဟု အောက်မေ့နေမိသည်။ ဘယ်နေရာကို လှမ်းကြည့် လိုက်ကြည့်လိုက် စိတ်ချလက်ချ ငြိမ်းငြိမ်းချမ်းချမ်း



http://myanmarpyithar.net

နေရသော နေရာရယ်လို့ မတွေ့ရသလောက် ဖြစ်နေသည်။ အားလုံး ကျီးလန့်စာစား ဖြစ်နေကြရသည်။ စစ်ရေးမက်ရေး၊ အကြမ်းဘက်သမားဘေးတွေက တစီစီဖြစ်နေချိန်တွင် 'ဆားစ်' လို ရောဂါဘေးတွေက ဝင်မွှောင့်လိုက်ပြန်သေးသည်။

ဂျပန်လူမျိုး ရုပ်ရှင်ဒါရိုက်တာကြီး 'အာကီရို ကူရိုဆာဝါ' သည် ရုပ်ရှင်ကားပေါင်းများစွာကို ရိုက်ကူးခဲ့ရာ သုံးပုံနှစ်ပုံလောက်သော ကားများကို ဂန္ထဝင်ကားတွေဖြစ်သည်ဟု ရုပ်ရှင်ပညာရှင်များက လက်ခံရသည်။ အင်တာဗျူးတစ်ခုတွင် 'ခင်ဗျားရဲ့ ရုပ်ရှင်ကားတွေအားလုံးဟာ အချုပ်အားဖြင့် လူ့လောကကို ဘယ်လိုများ စကားဆိုချင်ပါသလဲ' ဟု မေးရာ သူက ပြန်ဖြေလိုက်သည်မှာ 'လူတွေဟာ ဒီထက်ပိုပြီး သာတောင့်သာယာ ချမ်းသာစွာ နေနိုင်ပါလျက် ကိုယ့်ဘာသာ ဆင်းရဲတွင်းနက်အောင် လုပ်နေကြတယ် ဆိုတဲ့ စကားကို ပြောနေတာပါပဲ' တဲ့။

ထိုစကားများကိုလည်း ကျွန်တော် မကြာခဏ သတိရမိသည်။ နောက်စကားလေး တစ်ခွန်းကိုလည်း တစ်ဆက်တည်း ပြောလိုက်ချင်ပါသေးသည်။ မေးလိုက်သည်က 'ဒီနေ့ ဂျပန်လူ့အဖွဲ့အစည်းမှာ မျက်စိအောက်မှာတင် ခြစားကြတာ၊ လာဘ်စားကြတာ



http://myanmarpyithar.net

တွေကို မြင်နေပါလျက် ကိုယ်နဲ့မဆိုင်သလို လက်ပိုက်ကြည့်နေကြတယ်။ ဒီလို ကောက်ကောက်ကွေ့ကွေ့ ဖြစ်နေတာတွေကို ဖြောင့်ပစ်ရမှာပဲ။ မဖြောင့်နိုင်ရင် တစ်နေ့မှာ ဒုက္ခပေးလိမ့်မယ်'

နောက်စကား တစ်ခွန်းကို ဖောက်သည်ချလိုက်ရဦးမည်။ ကမ္ဘာ့ရုပ်ရှင်ပွဲတော် တစ်ခုတွင် 'ပီတာအိုတူး' ဆိုသော ရုပ်ရှင်မင်းသား(အို) ကြီးပြောသွားသော စကားပင်ဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်စဉ်က ထိုမင်းသားကြီးကို အလွန်စွဲခဲ့ရသည်ကို မှတ်မိနေပါသေးသည်။ သူပြောတာက 'ဒီနေ့ကမ္ဘာကြီးမှာ ဖြစ်နေသမျှ အနိဋ္ဌာရုံအစုစုအတွက် ရုပ်ရှင်တွေဟာ တာဝန်မကင်းပါဘူး' တဲ့။

ဟုတ်ပေ့ါ။

ရုပ်ရှင်ကားတွေကို ကြည့်လိုက်ပြန်လျှင်လည်း သတ်နည်းမျိုးစုံ၊ လိမ်နည်းကောက်နည်း အဖုံဖုံနှင့် 'ဒုစရိုက်ထရိန်နင်' ကို တွင်တွင်ကြီး ပေးနေသည်ဟုပင် ဆိုလောက်ပါပေသည်။ ဆင်ဆာမဲ့ ဗွီဒီယိုကားတွေဆိုလျှင် ပိုလို့ပင်ဆိုးသေးသည်ဟု ပြောကြပါသည်။ 'ပြောကြပါသည်' ဟု ဆိုလိုက်ရခြင်းက ဗွီဒီယိုကားတွေကို ကြည့်ချိန်မပေးနိုင်တော့ပြီ။ အာရုံလည်း မထက်သန်တော့ပြီ။ ထို့ကြောင့် မြန်မာ့ရုပ်သံနှင့်၊ မြဝတီ

ရုပ်သံကလာသော တရုတ်ကား၊ ကိုရီးယားကားလေး တွေလောက်ကိုသာ ကြုံသည့်အခါ အပျင်းပြေ ကြည့်မိတော့သည်။ သည်တော့ လူငယ်တွေ ပြန်ပြောမှ ထိုထိုသော ရုပ်ရှင်၊ ဗီဒီယိုကားတွေအကြောင်းကို သိရတော့သည်။ ကျွန်တော့်သား အငယ်ဆုံးကောင်က ဗွီဒီယို အခွေ၊ စီဒီအငှားဆိုင် ဖွင့်ထားလေတော့ “ဟေ့ကောင် ယုတ်တီး ယုတ်ပတ်၊ စုတ်တီးစုတ်ပွဲ အနိဋ္ဌာရုံကားတွေကိုတော့ မတင်နဲ့ကွာ” ဟု ပြောမိပါ သေးသည်။ သူက “ဟာ ဖေဖေကလဲ ကျွန်တော် ဒီလောက်အထိ အောက်တန်း မကျပါဘူး” တဲ့။

“အေး၊ မင်းက ဒီလောက်အထိ အောက်တန်း မကျပါဘူးဆိုလို့ ဝမ်းသာတယ်။ ဒါပေမယ့် အဲဒီလောက်ထိ မကဘဲ အဲဒီထက် အောက်တန်းကျတဲ့ လူတွေရှိနေလို့ ဒီကားမျိုးတွေ ထွက်လာတာပေါ့။ ဒါကြောင့် ကမ္ဘာကြီး အောက်တန်းကျလာတာ ရုပ်ရှင်တွေရဲ့ ပယောဂ မကင်းဘူးလို့ မင်းသားဟောင်းကြီး ပီတာအိုတူးက ပြောခဲ့တာ”

နောက်စကား တစ်ခွန်းကို ပြောလိုက်ရပါဦးမည်။ ဘယ်သူရေးသည်၊ ဘယ်သူက ပြောခဲ့သည်ကိုတော့ဖြင့် မမေးလိုက်ပါနှင့်။ ကျွန်တော် ငယ်ငယ်က (လွန်ခဲ့သော နှစ်ပေါင်း လေး,ငါးဆယ်က) ဖတ်ခဲ့ဖူးတာ

ဖြစ်လေတော့ ဘယ်မှာ မှတ်မိတော့ပါမည်နည်း။ ကျွန်တော် မှတ်မိသလောက်-

"ကျွန်ုပ်တို့ ငြိမ်းချမ်းရေးကို လိုချင်လျှင် ကလေးတွေကို လက်နက် ဖြုတ်သိမ်းပစ်ရမည်" တဲ့။

ဟုတ်ပ့ါ။

ကြည့်စမ်း။ ကလေးကစားစရာတွေကို ကြည့်လိုက်စမ်းပါဦး။ သေနတ်တွေ၊ လက်ပစ်ဗုံးတွေ၊ တိုက်လေယာဉ်တွေ။ ဓားတွေ လှံတွေ။ ကုန်ကုန်ပြော လိုက်ရလျှင် ကျိုက်ထီးရိုးဘုရားက ပြန်လာလျှင် 'ဒက်ဒက် ဒက်ဒက်' မြည်သော စက်သေနတ် သုံးလက် လောက်တော့ ပါလာတတ်သည်။ စင်စစ် ကျိုက်ထီးရိုး ဘုရားပွဲဆိုသည်မှာ ယဉ်ကျေးမှု တကာတို့တွင် အမြင့်ဆုံး ဘာသာရေးပွဲ မဟုတ်ပါလား။ သည်လို ပွဲမျိုးမှာပင် စက်သေနတ်တွေ တဒက်ဒက် ဖြစ်နေလေ တော့ ကောင်းနိုင်ပါတော့မည်လား။ ခုတော့ မြို့နယ် ရပ်ကွက် ဘုရားပွဲကလေးများ၏ လမ်းဘေးဈေး၌ပင် တရုတ် ဇာတ်လမ်းတွဲကားထဲက 'ကျန်ကျောင်း ဦးထုပ်၊ ကျန်ကျောင်းဓား' တို့ကို ရောင်းနေကြသည်။ ဒါတွေကို လူကြီးမိဘတွေကလည်း လိုလိုချင်ချင် ဝယ်ပေး နေကြသည်။ ကလေးတွေကလည်း ကျန်ကျောင်း ဓားလေးတွေ တရမ်းရမ်းနှင့် ကစားနေကြသည်။ ဟိုး



http://myanmarpyithar.net

အရင် ကျွန်တော်တို့ခေတ်ကလို မြင်းရုပ်၊ ဇော်ရုပ်၊ မင်းသား မင်းသမီးရုပ် မဟုတ်ကြတော့ပြီ။

သူတို့တစ်တွေ နှစ်နှစ်ခြိုက်ခြိုက် ကစားနေကြသည့် 'တီဗွီဂိမ်း' ဆိုတာကို ကြည့်လိုက်ပြန်တော့လည်း ကျွန်တော် ကြည့်မိသလောက် 'ဟိုအကောင်ကို သတ်ဟ'၊ 'ဒီအကောင်ကို ဖြတ်ဟ' ဆိုတာမျိုးတွေချည်းသာ ဖြစ်နေသည်။ တစ်ခုမျှ မေတ္တာစိတ်ကိုမညွှန်း၊ ကလေးတွေက 'သတ်ဟ ဖြတ်ဟ' နှင့် ကြီးပြင်းလာကြရသည်။ သည်ကလေးတွေ ကြီးလာလျှင်တော့ ဘာတွေလုပ်ကြမည်ကို ဗေဒင်မေးနေစရာ မလိုတော့ပြီ။ ဘယ်လို သတ်ရလျှင် ကောင်းမည်လဲ ဘယ်လိုဖြတ်ရလျှင် ကောင်းမည်လဲ ဆိုတာလောက်ကိုသာ တွေးနေတော့မည်ပေ့ါ။ သည်လို ဖြစ်နေတာတွေကို တွေးလိုက်မိတော့ ဒီကနေ့ လူကြီးတွေ ပြောနေတတ်ကြသော "ဒီခေတ်လူငယ်တွေ မကောင်းတော့ဘူး။ လူကြီးသူမမှန်း မသိ၊ ရိုင်းလာကြတယ်" ဟူသော စကားတွေကို ရယ်ချင်လာမိသည်။ ကျွန်တော့် ခေါင်းထဲမှာ မေးခွန်းတွေ အစီအရီ ပေါ်လာတတ်သည်။

ပထမဆုံး ပေါ်လာလိုက်သည့် မေးခွန်းက ကလေးတွေ မရိုင်းအောင် လူကြီးတွေက ဘာလုပ်ပေး



http://myanmarpyithar.net

သလဲ ဟူသော မေးခွန်းဖြစ်သည်။

တွေ့သလောက် ပြောလိုက်ရလျှင် ယုတ်တီး ယုတ်ပတ် ရုပ်ရှင်တွေ ရိုက်တာ လူကြီးတွေဖြစ်သကဲ့သို့ အရက်ချက်ရောင်းတာလဲ လူကြီးတွေပါပဲ၊ ဘိန်းဖြူ ချက်ရောင်းတာလဲ လူကြီးတွေပါပဲ။

ဤသို့ စိတ်ပျက်လက်ပျက် ဖြစ်နေချိန်တွင် ကလေးသူငယ် ဗုဒ္ဓဘာသာ သင်တန်းကျောင်း ကလေးတွေ အစီအရီပေါ်လာသည်။ ကျွန်တော့် ကိုလည်း ဟောပြောပို့ချပေးပါရန် ဖိတ်ကြားသော ကြောင့် မကြာခဏဆိုသလို သွားရောက် ဟောပြော ပေးရပါသည်။ သွားရောက် ဟောပြောရသော ကျောင်း များမှာ တောင်ဥက္ကလာ သင်္ကန်းကျွန်းအစပ်တွင်ရှိသော 'ငါးကျမ်းပြန်' ကျောင်းတိုက်၊ မှော်ဘီဘက်တွင်ရှိသော 'ရှင်ဆေကိန္ဒာရာမ' ကျောင်းတိုက်၊ ဗဟန်းဘက်တွင် ရှိသော 'ရွှေတောင်ကုန်းရိပ်သာ' တို့ဖြစ်သည်။

နွေရာသီ ကျောင်းပိတ်ရက်လောက်တွင် ကျောင်းသား ကျောင်းသူတို့မှာ သာမဏေငယ်များ၊ သီလရှင်ကလေးများ ဖြစ်နေကြသည်။ သီလရှင် ကလေးများကိုပင် သီလရှင်ဟုမခေါ် 'သိက္ခာရှင်' ကလေးတွေဟု ခေါ်သည်။ ဤဝေါဟာရကလေးကို ကျွန်တော် သဘောကျမိသည်။ ထိုဝေါဟာရကို စတင်

Future Publishing House

http://myanmarpyithar.net

သုံးစွဲလိုက်သူကိုလည်း အထင်ကြီးမိသည်။ ‘သိက္ခာရှင်’ ဟုအမည်ခံလိုက်သောကြောင့် သိက္ခာကို စောင့်ထိန်းရန်လိုအပ်ကြောင်း သတိပေးနေသကဲ့သို့ ဖြစ်သွားသည်။

အသက်အရွယ် ပညာရည်အားဖြင့်ဆိုလျှင် မူလတန်းမှ တက္ကသိုလ်အဆင့်လောက်အထိအောင် ပါဝင်သည်။ အချို့ကိုရင်ကလေးတွေ၊ သိက္ခာရှင်ကလေးတွေဆိုလျှင် အရွယ်အားဖြင့် ငယ်လွန်းလှသေးသည်။ အငယ်ဆုံးဆိုလျှင် ငါးနှစ်လောက်သာ ရှိသေးသည်။ ဒီလိုဆီးစေ့လောက် ကလေးတွေကို ဘာသာရေး သင်တန်းပေး၊ ရိပ်သာဝင်၊ တရားမှတ် အလုပ်ခိုင်းတော့ ဘယ်မှာ အကျိုးရှိမှာလဲဟု မေးစရာ ရှိသည်။ တစ်ခွန်းတည်း ပြောလိုက်ချင်ပါသည်။ ဗွီဒီယိုကြည့်၊ ကာရာအိုကေဆို၊ တိရစ္ဆာန်ရုံသွား၊ ငါးမျှား လုပ်နေကြတာတွေထက်တော့ အများကြီး ပိုကောင်းပါသည်။

သူတို့လေးတွေမှာ လက်အုပ်ချီတာကအစ၊ ဦးချတာကအစ စနစ်တကျနည်းမှန်လာသည်။ ဆွမ်းစားတာကအစ ဇွန်းသံ၊ ပန်းကန်သံ အသံမမြည်အောင် သတိထားတတ်လာသည်။ လမ်းလျှောက်တာက အစ၊ မျက်လုံး ကြည့်တာကအစ အိန္ဒြေသိက္ခာနှင့် ဖြစ်လာကြသည်။ ဒါမျိုးတွေကို မိဘများက အိမ်မှာ



http://myanmarpyithar.net

ကြပ်ကြပ်မတ်မတ် သင်ပေးနိုင်ကြ သည်မဟုတ်။ ကိုယ့်အလုပ်နှင့်ကိုယ် ပြေးကြလွှားကြ ရှန်းကန်နေကြရသည်။ သူတို့ 'ပါးစပ်မပြတ်လှုပ်' နိုင်ဖို့ မိဘတွေက 'လက်မပြတ်လှုပ်' နေကြရသည်။ ဒါတွေက (ခုခေတ်လူငယ်တွေစကားနှင့် ဆိုလျှင်) အကင်းပဲ ရှိသေးသည်။

သည်ထက်ပိုလာသည်က ကုသိုလ် အကုသိုလ်ကို သိလာကြသည်။ မိမိစိတ်ကို ဘယ်လို ထားရမည်ကို သိလာကြသည်။ ရတနာသုံးပါး၊ မိဘ ဆရာသမားကို ရိုသေရကောင်းမှန်း သိလာကြသည်။ မပြစ်မှားကောင်းသောအရာတွေကို သိလာကြသည်။ သည်လောက်အထိ သိလာကြလျှင်ပင် နည်းနည်း နောနော အကျိုးကျေးဇူးလား။ ခေတ်ခွဲခန်းတွင် အောက်ဆီဂျင်ခေတ်ထုတ်ဖော်ပုံကို သိရန်ထက် ကုသိုလ် အကုသိုလ်ကို သိရန် ပိုလို့အရေးကြီးသည်ဟု ကျွန်တော် ထင်မိသည်။

မကြာသေးမီက ကွန်မြူနစ်ဝါဒ၊ ရုပ်ဝါဒ အကြီးအကျယ် ခေါင်းထောင်လာခဲ့ဖူးသည်။ ဘာသာရေးသည် တော်လှန်ရေးစိတ်ခေတ်ကို တွေဝေစေသောကြောင့် ဘိန်းနှင့်တူသည်ဟု ဆိုခဲ့ကြသည်။ ဘုရားဆိုတာတွေ၊ ဘာသာရေးဆိုတာတွေကို ပစ်ပယ်ရုံမျှမက ရှုတ်ချသည့်အဆင့်သို့ပင် ရောက်ခဲ့ပါသေးသည်။ ဘုရားရှိခိုးလိုက်မိလျှင်ပင် 'မတိုးတက်သော'



http://myanmarpyithar.net

'ဖောက်ပြန်သော' စသည်ဖြင့် 'သော တစ်ရာ့ခြောက်ဆယ်' တိုင်အောင် ဝေဖန်ပြစ်တင်တတ်ကြသည်။ သို့သော် ဘာသာရေးသည် နှစ်ပေါင်းထောင်ချီပြီး လောကကို စောင့်ရှောက်ခဲ့ကြောင်း သူတို့မေ့နေကြသည်။ ဘာသာရေးကို အစားထိုးနိုင်သော သဘောတရား သူတို့မှာမရှိ။ ထို့ကြောင့် ဘာသာရေးမဲ့သော လူ့အဖွဲ့အစည်း၊ တိုင်းပြည်နိုင်ငံတို့သည် မရှုမလှ ပြိုကွဲခဲ့ရသည်။

စကားစပ်လာသောကြောင့် စကားရှည်လိုက်ရပါဦးမည်။

ကျွန်တော်က ကွန်မြူနစ် မဖြစ်ဖူးခဲ့သော်လည်း သိချင်တတ်ချင်သော ဝါသနာကြောင့် ကွန်မြူနစ်သင်တန်း၊ ဆိုရှယ်လစ်သင်တန်းတွေကို တက်ခဲ့ဖူးသည်။ တစ်ခုသော ဗုဒ္ဓဟူးနေ့၌ ကျွန်တော်တို့လမ်းအောက်ထိပ်က လက်ဘက်ရည်ဆိုင်တွင် စာပေအပေါင်းအသင်း၊ စာပေတပည့်များနှင့်ထိုင်ပြီး စာကြောင်းပေကြောင်း ပြောနေကြသည်။ မြသန်းတင့်ကလည်း ရောက်လာလိုက်သေးသည်။ ထိုအခိုက်တွင် ကွယ်လွန်သူ 'လယ်ဝေး သခင်ကြည်ရှိန်' ပေါက်လာတဲ့ပြီး ဆိုင်းမဆင့် ပတ်မပျိုး -

"ဘယ်လိုလဲ ကိုအောင်သင်းရဲ့၊ ခင်ဗျားတို့



http://myanmarpyithar.net

ကွန်မြူနစ်ဝါဒက ငါးသုံးလုံးလောက်တောင်မှ သက်တန်း မရှည်ပါကလား” တဲ့။

ကျွန်တော့်သူငယ်ချင်း ကွန်မြူနစ်ဝါဒီ မြသန်းတင့်ကြီးပင် အိန္ဒြေမဆောင်နိုင်ဘဲ ရယ်ပါလေတော့သည်။

ထိုအချိန်က ငါးသုံးလုံးစီးကရက်က နှစ်တစ်ရာပြည့်ပွဲခံနေချိန်ဖြစ်ရာ မြသန်းတင့်ရော ကျွန်တော်ပါမက တစ်ဝိုင်းလုံး ရယ်မောလိုက်မိကြပါသည်။ သခင်ကြည်ရှိန်သည် ကွန်မြူနစ်တို့၏ ရန်သူဖြစ်သည်။ ထို့ကြောင့်သာ သည်လိုလှောင်သည်ပဲ ဆိုစေဦးတော့ သူပြောသည့်စကားကို ဆင်ခြေတက် ငြင်းပယ်ရန်အလွန်ခက်သည်။ အကြောင်းက ဆိုဗီယက် ကွန်မြူနစ်တော်လှန်ရေးက ၁၉၁၇ တွင် ဖြစ်ခဲ့သည်။ နှစ် ၇၀ ကျော်တွင် ပြိုကွဲခဲ့ရသည်။ ငါးသုံးလုံး စီးကရက်က နှစ်တစ်ရာပြည့် ဖြစ်လေတော့ ငါးသုံးလုံးက သူ့ထက် သက်တမ်းရှည်သည်ဟု ဆိုရမည်သာ ဖြစ်သည်။ ထို့ကြောင့် သခင်ကြည်ရှိန် ပြောမည်ဆိုလျှင်လည်း ပြောလောက်ပါပေသည်။

ဗုဒ္ဓသာသနာ ပေါ်ထွန်းခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပြီ ဖြစ်လေတော့ ငါးသုံးလုံးကိုပင် မယှဉ်နိုင်သော ကွန်မြူနစ်ဝါဒမှာ စကားထဲပင် ထည့်ပြောလို့



http://myanmarpyithar.net

မဖြစ်တော့ပြီ။ ရှေးခေတ် မြန်မာနိုင်ငံ၏ ပညာရေးကို ဘုန်းတော်ကြီးကျောင်းများက ဦးဆောင်ခဲ့သည်။ ထို့ကြောင့် ဘာသာရေး အဆုံးအမကို ငယ်စဉ်ကပင် စွဲလမ်းစွာ ခံယူကျင့်သုံးရကောင်းမှန်း သိခဲ့ကြသည်။ ရှေးခေတ် မြန်မာ့လူ့ဘောင်တွင် ဆိုးသွမ်းဟောင့်ရမ်းမှု၊ ပြစ်မှုကျူးလွန်မှု မရှိမဟုတ်၊ ရှိခဲ့သည်။ သို့သော် အခြား အခြားသော ဗုဒ္ဓဘာသာ မဟုတ်သည့် နိုင်ငံများနှင့် ယှဉ်လိုက်လျှင် အလွန့်အလွန် နည်းပါးခဲ့သည်။

ယခုအခါတွင် ဗုဒ္ဓသာသနာပြု ပုဂ္ဂိုလ်ကြီးအဖြစ် ကမ္ဘာတွင်ထင်ရှားနေသော ဆရာကြီး ဦးဂိုအင်ကာ၏ အဘိုးက သူ့ခေတ်သူ့အခါတွင် ကြုံခဲ့ရသော ဖြစ်ရပ်အရ 'သူခိုးမရှိသော တိုင်းပြည်' ဟုပင် ဥဒါန်းကျူးခဲ့ရသည်။ သူက ကျေးလက်တောရွာများသို့ နောက်လိုက်နောက်ပါ လှည်းသမားများနှင့်အတူ ကုန်စည် လှည့်လည်ပြီး ရောင်းခဲ့ရသည်။ တစ်နေရာတွင်တော့ စရပ်ပေါ်မှာ အိပ်ကြရသည်။ နံနက်တွင် ခရီးဆက်ကြတော့ သူ့ငွေအိတ်ကို စရပ်ပေါ်တွင် မေ့ကျန်ခဲ့ရာ လေး၊ငါး၊ခြောက်မိုင်လောက်ရောက်မှ သတိရသည်။ ထို့ကြောင့် ပြူးပြူးပျာပျာ ဖြစ်လျက် လှည်းသမားတွေကို ပြန်လှည့်မောင်းဖို့ပြောသည်။ လှည်းသမားတွေက ဘာမျှမထူးခြားသလို 'အပြန်



http://myanmarpyithar.net

ကျတော့ ယူပေါ့' ဟုသာပြောသည်။ သည်လောက်ထိ အောင် ကြာခဲ့သည့်နောက် ပြန်သွားလျှင်လည်း တွေ့နိုင်တော့မည်မဟုတ်ဟုတွေးကာ ရှေ့ကိုသာ ခရီး ဆက်ရတော့သည်။ သုံးလေးရက်ရှိမှ နောက်ကြောင်း ပြန်လာသောအခါ သူ့ငွေအိတ်ကို လက်ရာမပျက် တွေ့ရသည်တွင်မှ အံ့အားအသင့်ကြီး သင့်ရတော့ သည်။

ဤသည်မှာ မိမိ မရထိုက်သော သူတစ်ပါး၏ ပစ္စည်းကို မယူရဟူသော ဘာသာရေးအဆုံးအမ ကြောင့် မည်သူကမျှ မယူခဲ့ခြင်း ဖြစ်ကြောင်း သိသာလှ ပါပေသည်။

ထိုနောက် အင်္ဂလိပ်ခေတ်သို့ ရောက်သော အခါတွင်မူကား ဘုန်းကြီးကျောင်းပညာရေးမှာ မှေးမှိန် လာခဲ့ရသည်။ လူငယ်အများစုမှာလည်း ရှင်ပြု သာမဏေ သုံးရက်လောက်သာ ဝတ်ဖူးလျက် ပုတီးစိပ် ကိုပင် အလွတ်ကျက်ချိန် မရလိုက်သော အမည်ခံ ဗုဒ္ဓ ဘာသာဝင်များ ဖြစ်လာကြလေတော့သည်။

ဤသည့်နောက် စစ်ကြီးက ဖြစ်လာလိုက်၊ ဂျပန်ဝင်လာလိုက်၊ ဖက်ဆစ်တော်လှန်ရေး၊ ပြည်တွင်း ဆူပူမှုစသည် စသည်ဖြင့် အမိုက်အကန်း စရိုက်ကြမ်းဖို့ အကြောင်းများသည်သာလျှင် လွှမ်းလာလေတော့



http://myanmarpyithar.net

သည်။ မူးမိုက်ယစ်ဝေစေသော ပစ္စည်းတွင်လည်း ရှေးက ထန်းရည်၊ ကစော်၊ အရက်၊ ဆေးခြောက်၊ အလွန်ဆုံး ဘိန်းအထိသာ ရှိခဲ့သည်။ ယခုတော့ ထိုထိုသော ယစ်မျိုးပစ္စည်းများထက် အဆမတန် စွမ်းအင်ထက်မြက်သည့် ယစ်မျိုးတွေမှာ နာမည်ကိုပင် မှတ်လို့မနိုင်အောင် ပေါ်လာခဲ့လေသည်။

ထိုသို့သော ကာလဆိုးကြီးမှ လူငယ်တို့ ထွက်မြောက်နိုင်အောင် လက်တွဲခေါ်ဆောင်နိုင်သည်မှာ ဘာသာရေးခံယူချက်သာလျှင် ရှိပေတော့သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ အခြေခံခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာအုတ်မြစ်ကို ခိုင်ခိုင်မာမာကြီး တည်ဆောက်ရပေလိမ့်မည်။ နိုင်ငံရေး စီမံကိန်းကြီးတွေ၊ စီးပွားရေး စီမံကိန်းကြီးတွေ ဘယ်လောက်ပင် ကြီးကျယ်ခန်းနားနေစေဦးတော့၊ မည်မျှပင် သပ်ရပ်ကောင်းမွန်နေစေဦးတော့ စာရိတ္တအုတ်မြစ် မခိုင်မာလျှင် ဖွဲပုံပေါ်လှုံစိုက်သလို ယိုင်လဲမည်သာ ဖြစ်ချေသည်။

ထို့ကြောင့် ယနေ့ 'ငါးကျမ်းပြန်' ကဲ့သို့သော ဘုန်းတော်ကြီးကျောင်းများက လူငယ်ပြုစုပျိုးထောင်ရေးစခန်း သာသနာပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်တော်မူနေကြသည်ကို 'ဘုန်းကြီးတွေ



http://myanmarpyithar.net

အလုပ်'၊ 'ဘာသာရေးလုပ်ငန်း' ဟု ခပ်တိမ်တိမ် မတွေးဘဲ အလွန့်အလွန်အရေးကြီးသော နိုင်ငံရေး၊ စီးပွားရေးစသော အရေးတကာတို့ထက် အရေးကြီးသော 'အရေးတော်ပုံကြီး' ကို ဆင်နွှဲနေသူများအဖြစ် ဝိုင်းဝန်း ကူပံ့သင့်သည်ဟု ယူဆမိပါသတည်း။ ။

(၁၇. ၈. ၂၀၀၃)

*"ဘယ်လိုလဲ ကိုအောင်သင်းရဲ့*
*ခင်ဗျားတို့ ကွန်မြူနစ်ဝါဒက*
*ငါးသုံးလုံးလောက်တောင်မှ သက်တန်း*
*မရှည်ပါလား" တဲ့။*
*ကျွန်တော့်သူငယ်ချင်း ကွန်မြူနစ်ဝါဒီ*
*မြသန်းတင့်ကြီးပင်*
*အိန္ဒြေမဆောင်နိုင်ဘဲ ရယ်ပါလေတော့သည်။*

Future Publishing House

http://myanmarpyithar.net

# ကံ့ကူလက်လှည့်

ကျွန်တော်က တက္ကသိုလ်တွင် ဆရာတစ်ယောက် အဖြစ် အမှုထမ်းခဲ့ဖူးပါသည်။ စာသင်ကြားပို့ချမှုတွင်လည်း အပြောအဟော အသင်အကြား ကောင်းသည်ဟုအတန်အသင့် နာမည်ရခဲ့ပါသည်။ တက္ကသိုလ် မရောက်သေးမီကလည်း တောင်တွင်းကြီးမြို့ 'မိုးထိအလယ်တန်းကျောင်း' တွင် အလယ်တန်းပြဆရာအဖြစ် နှစ်နှစ်၊ သုံးနှစ်ခန့် အမှုထမ်းခဲ့ဖူးပါသေးသည်။ ထိုစဉ်ကလည်း သင်ကြားမှုနှင့် ပတ်သက်၍ အတန်အသင့် နာမည်ရခဲ့သည်ပင် ဖြစ်ပါသည်။

ကြွားဝါးနေခြင်းဟု မထင်ပါနှင့်။ ကျွန်တော့်အဖို့ ဘာမျှပင်ပင်ပန်းပန်း ကြိုးစားမနေဘဲ ထိုသို့အဆင့်လောက်ထိအောင် ရောက်နိုင်ခဲ့သည်မှာ အမှန်ဖြစ်ပါသည်။ ထို့ကြောင့် တော်ရုံတန်ရုံ စာသင်ကောင်းသည်ဆိုသော ဆရာမျိုးကိုလည်း "သြော် . . . စာသင်ကောင်းတယ်ဆိုပဲ" ဟု အောက်မေ့လိုက်ရုံမျှသာ ရှိပါသည်။

Future Publishing House

http://myanmarpyithar.net

စာသင်ကြားမှုနှင့် ပတ်သက်၍ ကျွန်တော် ကြောက်ဒူးတုန်ပြီး လန့်သွားလောက်အောင် ကြုံရသည် မှာ ၁၉၆၃ - ၁၉၆၄ တစ်ဝိုက်လောက်ဆီက ဖြစ်ပါ သည်။

သည်တော့ ကျွန်တော်က တက္ကသိုလ်တွင် ဆရာဖြစ်နေလေပြီ။ တက္ကသိုလ်ကျောင်းပိတ်လျှင် ကျွန်တော့်ဇာတိ တောင်တွင်းကြီးမြို့သို့ ပြန်သွားလေ့ ရှိပါသည်။ တောင်းတွင်းကြီးမြို့သို့ ပြန်ရောက်သွား လိုက်လျှင်လည်း ကျွန်တော်အများဆုံး အချိန်ဖြုန်း သောနေရာမှာ ရွှေအင်းတောင်ဘုရားကြီးရင်ပြင်ပေါ်ရှိ 'အမျိုးသားပြတိုက်' တွင် ဖြစ်ပါသည်။ ထိုပြတိုက်ကို စတင် တည်ထောင်ခဲ့သူများတွင် ကျွန်တော်လည်း အမှုဆောင်တစ်ယောက်အဖြစ် တက်ကြွစွာ လုပ်ဆောင် ခဲ့သူ ဖြစ်သောကြောင့် ရန်ကုန်တက္ကသိုလ်သို့ ရောက်နေ လင့်ကစား ကျွန်တော့်ကို အဝေးရောက် အမှုဆောင် အဖြစ် ထည့်သွင်းထားကြပါသည်။ ကျွန်တော်ကလည်း ရန်ကုန်တွင် လုပ်ဆောင်ဖွယ် ရှိသည်တို့ကို လုပ်ဆောင် ပေးရပါသည်။

ကျွန်တော်တို့ အမှုဆောင်အဖွဲ့မှ တက်ကြွစွာ လှုပ်ရှားသူများတွင် မိုးထိကျောင်းက မူလတန်းပြဆရာ 'ဦးဉာဏ်စိန်' တစ်ယောက်လည်း ပါဝင်ပါသည်။ မိုးထိ



http://myanmarpyithar.net

ကျောင်းနှင့် ရွှေအင်းတောင်ဘုရားမှာ ကပ်လျက်ရှိနေသည်ဖြစ်သောကြောင့် ပြတိုက်ဘက်သို့ သွားလျှင် ဆရာ ကိုဉာဏ်စိန်ဆီသို့ ဝင်သွားလေ့ရှိပါသည်။

ကိုဉာဏ်စိန်က မူလကတော့ အနုပညာနည်းပြ (ပန်းချီနည်းပြ) ဆရာဖြစ်ပါသည်။ ထိုစဉ်က ဘာကြောင့်ရယ်မသိ၊ ပန်းချီနည်းပြ ဆရာများကိုလည်း စာသင်ဆရာ လုပ်လိုက်သောကြောင့် သူက မူလတန်းဆရာအဖြစ် 'သူငယ်တန်း' ကို သင်ကြား နေရပါသည်။

ကျွန်တော်က သူနှင့် ထွေရာလေးပါး စကားပြောချင်သောကြောင့် သူ့အခန်းဆီသို့ လိုက်သွားပါသည်။ သူသင်ကြားနေသည်ကို အမှတ်မထင် တစေ့တစောင်း လှမ်းကြည့်နေမိသည်။ ဘာစာမှ သင်သည်လည်း မဟုတ်ပါ။ သင်ပုန်းပေါ်တွင် အရုပ်တစ်ရုပ်ရေးနေပါသည်။ ကျွန်တော်မှတ်မိသလောက် အရုပ်က မတ်တတ်ရပ်နေသော လိပ်ရုပ်။ ထိုစဉ်က ကာတွန်းစာအုပ်များတွင် တွေ့ရသော 'ဖိုးရွှေလိပ်' မှန်း ကျွန်တော်သိလိုက်ပါသည်။

ကျွန်တော်သာ သိသည်မဟုတ်ပါ။ သူ့တပည့် ကလေးတွေကလည်း သိကြပါသည်။ "ဟေး -- ဖိုးရွှေလိပ်ကွ" စသည်ဖြင့် အော်ကြပါသည်။ သူက ထိုလိပ်ရုပ်၏ လက်ထဲသို့ တုတ်ကောက်တစ်ခု တပ်



http://myanmarpyithar.net

ပေးလိုက်ပြန်သည်။ ကလေးတွေက 'တုတ်ကောက်နဲ့ ကွ' ဟု အော်လိုက်ပြန်ပါသည်။ ပါးစပ်တွင် ဆေးတံ တပ်ပေးလိုက်ပြန်သည်။ ကလေးတွေက 'ဆေးတံနဲ့ ဟေ့' စသည်ဖြင့် အော်လိုက်ကြပြန်ပါသည်။

ထိုအရုပ်ရေးပြီးမှ ကိုညာဏ်စိန်က အတန်း ထဲရှိ ကလေးများဘက်လှည့်ပြီး "တစ်နေ့မှာ ဖိုးရွှေလိပ် ဟာ မနက်စောစော လမ်းလျှောက် ထွက်လာတယ်။ အဲဒီလိုနဲ့ လမ်းမှာဘယ်သူနဲ့ တွေ့သလဲဆိုတော့ . . ." ဟု ပြောလိုက်ပြီးနောက် သင်ပုန်း တစ်ဖက်စွန်းတွင် အရုပ်တစ်ရုပ်ကို ရေးနေပြန်ပါသည်။ ကလေးတွေ ကလည်း ဘယ်သူနဲ့များတွေ့မည်လဲ စောင့်ကြည့်နေကြ ပြန်ပါသည်။ စင်စစ် ကလေးတွေသာ မဟုတ်ပါ။ ကျွန်တော်လည်း စောင့်ကြည့်နေမိပါသည်။ သူဆွဲ နေသောပုံမှာ တစ်စတစ်စ ပုံပေါ်လာပါသည်။ ကလေး တွေက 'ယုန်ကလေး' ဟု တစ်ပျော်တစ်ပါးကြီး အော်လိုက်ကြပြန်ပါသည်။ ယုန်ကိုလည်း ဟိုဟာတပ်၊ သည်ဟာဆင်လိုက်ရာ မျက်မှန်နဲ့ အထုပ်အပိုးနဲ့ ဖြစ်သွားပြန်ပါသည်။ သူက တစ်ခုခုတပ်ဆင်ပေး လိုက်တိုင်း ကလေးတွေကလည်း တသောသောနှင့် သဘောကျနေပါသည်။ သူကဆက်၍-

"အဲဒီလို ဘဘကြီး ဦးရွှေယုန်နဲ့ တွေ့လိုက်



http://myanmarpyithar.net

တော့ ဖိုးရွှေလိပ်က ဘယ်လိုလဲ ဘဘကြီးရဲ့ ဘယ်ကြွ မလို့လဲလို့ မေးလိုက်တယ်”

ရှေ့လျှောက်ပြီး သူဆက်ပြောနေသည်တွေကိုတော့ ကျွန်တော်လည်း မမှတ်မိတော့ပါ။ အမှန်အတိုင်းပြောရလျှင် ဘာရယ်မဟုတ် သူ့ပါးစပ်ထဲ ရောက်လာသမျှ သူစိတ်ကူးပေါက်သမျှတွေကို ပုံလိုလို ဘာလိုလို လုပ်ပြီးပြောနေခြင်းဖြစ်ပါသည်။

ဆရာကိုညဏ်စိန် ကျွန်တော့်ကို မြင်လိုက်တော့ သူဘာသာသူ သဘောကျစွာ ရယ်လိုက်ပြီး “လာလေဗျာ၊ ခင်ဗျားကော နားထောင်သွားပါဦးလား” တဲ့။

“တော်ပါပြီဗျာ၊ ကျောင်းဆင်းရင်သာ ဘုရားပေါ်လာခဲ့ပါ” ဟု ရယ်မောပြောဆိုပြီး ထွက်လာခဲ့ပါသည်။

နောက်တစ်နေ့ သူ့စာသင်ခန်းထိ ရောက်သွားပြန်တော့သည်။ ထိုနည်းတူ အရုပ်တွေရေးပြီး ပေါက်တတ်ကရ ပုံပြင်လိုလို ဘာလိုလိုတွေ ပြောနေတာကိုပဲ တွေ့ရပြန်ပါသည်။ သုံး,လေးရက်လောက်ရှိတော့ ကျွန်တော်က မနေနိုင်တော့ဘဲ . . .

“ခင်ဗျားက ဘာစာမှ သင်တာလည်း မတွေ့ရပါကလားဗျ” ဟု ရယ်မောကာ မေးလိုက်တော့ . .



http://myanmarpyithar.net

"စာသင်တာဟာ အရေးကြီးတာမှတ်လို့ဗျာ၊ ဘယ်အချိန်သင်သင် ရတဲ့ကိစ္စ" ဟု ရယ်ပြီးပြောပါသည်။ ပြီးမှ "တကယ်ပြောတာဗျ . . စာသင်တာ ဘယ်အချိန်သင်သင် ဖြစ်တယ်၊ ဒီအချိန်မှာ ကလေးတွေ ပျော်နေဖို့လိုတယ်။ ကျောင်းကို ကြောက်စရာကြီးလို့ အောက်မေ့မသွားဖို့ အရေးကြီးတယ်ဗျ။ ကျောင်းနေ ပျော်အောင် လုပ်နေရတာဗျ"

ကျွန်တော့်စိတ်ထဲတွင် "အင်း . . သူပြောတာလည်း ဟုတ်သားပဲ" ဟု တွေးလိုက်မိသည်။

နောက်တစ်နေ့ ရောက်သွားတော့ သူလုပ်ပုံကိုင်ပုံကို ကြည့်ချင်သည်နှင့် ကျောင်းခန်းအပြင်ဘက် ပြူတင်းပေါက်နား ထိုင်ခုံကလေးတစ်လုံးကိုချပြီး ကြည့်နေမိပါသည်။ ကျွန်တော် အလန့်ဆုံးကိစ္စကို ထိုနေ့တွင် တွေ့ရပါတော့သည်။

ရှေ့ဆုံးတန်းက ကလေးတစ်ယောက်မှာ တအီအီနှင့် ငိုနေပါသည်။ သူဆွဲနေသော အရုပ်တွေကိုလည်း မကြည့် ၊ စာသင်ခန်းအပြင်ဘက်သို့သာ တကြည့်ကြည့်လုပ်ပြီး တအီအီငိုနေပါသည်။ ကလေးကြည့်ရာဆီကို လှမ်းကြည့်လိုက်တော့ မန်းကျည်းပင်ရိပ်တွင် ထိုင်နေသော မိန်းမကြီး တစ်ယောက်ကို တွေ့ရပါသည်။ ကိုညာဏ်စိန်ကလည်း ထိုကလေးကို

ရှိသည်ပင် မအောက်မေ့၊ သူ့ဘာသာသူ အရုပ်တွေကို ရေးလိုက် ပုံပြောလိုက်လုပ်နေပါသည်။

ကျွန်တော်ကတော့ ထိုကလေးကိစ္စကို ကိုညဏ်စိန် ဘာလုပ်မလဲ ဆိုသည်ကို စောင့်ကြည့်နေမိပါသည်။ အတော်လေးကြာတော့ ကိုညဏ်စိန်က ပြူတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်ပြီး ---

"ဒေါ်အေးသာ စိတ်ချလက်ချ ပြန်စမ်းပါ။ ခင်ဗျားမရှိရင် ခင်ဗျားမြေးကို ကျုပ်ထိန်းနိုင်ပါတယ်။ ခင်ဗျားရှိနေလို့ကတော့ ဒီကောင် တစ်သက်လုံး အငိုတိတ်မှာ မဟုတ်တော့ဘူး"

ထိုသို့ ပြောလိုက်ခါမှ ဟိုအကောင်ကလေးကလည်း အသံမြှင့်ပြီး စီခနဲငိုလိုက်ပြန်ပါတော့သည်။ အဘွားဖြစ်သူ အဒေါ်ကြီးကလည်း သူ့မြေးကို သံယောဇဉ် မဖြတ်နိုင်ဘဲ ပေကပ်ကပ် လုပ်နေပါသည်။

"ခက်တယ်ဗျာ . . ကလေးတွေကို ထိန်းရတာ ကျုပ်က မကြောက်ပါဘူး။ အဲဒီလို အဘွားကြီးတွေကို ထိန်းရတာ အခက်ပဲ" ဟု ညည်းသလိုလို ကျွန်တော့်ကို လှမ်းပြောပါသည်။

"ကဲ မပြန်ချင်ရင် နေဗျာ၊ ဒါပေမဲ့ ကလေးမမြင်လောက်တဲ့နေရာ ဟိုဘက်ထောင့်ကွယ်မှာ ဖြစ်ဖြစ် သွားနေစမ်းပါ"



http://myanmarpyithar.net

ကိုညာဏ်စိန် အထပ်ထပ်ပြောမှ အဘွားကြီးလည်း မသွားချင်သွားချင် ထောင့်ကွယ်ကလေးသို့ ထွက်သွားပါသည်။ သူ့အဘွားကို မမြင်လိုက်ရတော့ ဟိုချာတိတ်ကလည်း ငိုလိုက်သည်မှာ တစ်တန်းလုံး သူ့ကို ဝိုင်းကြည့်နေကြရအောင်ပင် ဖြစ်သည်။

ကိုညာဏ်စိန်ကတော့ သူ့အရုပ်တွေကို ဆက်ပြီး ရေးပြန်သည်။ ကလေးတွေကလည်း ခွေးရုပ်ကလေးကွ၊ ကြောင်ရုပ်ကလေးကွ စသည်ဖြင့် အော်လိုက်ကြပြန်သည်။ ဟိုချာတိတ်ကတော့ သူများတွေက စီခနဲအော်လိုက်လျှင် ကယောင်ကတမ်း ခဏလောက် အငိုရပ်လိုက်ပြီး အရုပ်ကိုလှမ်းပြီး ကြည့်လိုက်သည်။ ပြီးတော့ အပြင်လှမ်းကြည့် အဘွားကို ရှာပြီးနောက် တအီအီ ငိုပြန်ပါတော့သည်။

ကျွန်တော်ကတော့ ထိုကလေးနှင့် ကိုညာဏ်စိန်ကို ကြည့်ပြီး စိတ်အိုက်လှပါပြီ။ ငါဆိုရင် ဘာလုပ်မလဲ တွေးလိုက်ပြန်တော့လည်း ဘာမှ မလုပ်တတ်ပါ။ ရိုက်နှက်ပစ်လိုက်ရအောင်ကလည်း တကယ့် လူမမည် ကလေးကို ဒီလိုလုပ်လို့ ဖြစ်နိုင်ပါ့မလား။

ကိုညာဏ်စိန်ကတော့ ခပ်အေးအေးပါပဲ။ အရုပ်တွေရေးလိုက်၊ ပုံပြင်တွေလိုလိုပြောလိုက်၊ ဟိုချာတိတ်ကလည်း ငိုမြဲပါပဲ။

အတော်လေး ကြာတော့ ကိုညာဏ်စိန်လည်း စိတ်ကုန်လာပုံမျိုးနှင့် ထိုကလေးကို စိုက်ကြည့်နေပါသည်။ သို့သော်လည်း သူ့မျက်နှာက ပြုံးစိစိပါပဲ။ ဟိုကောင်က သူ့ကို ဆရာစိုက်ကြည့်နေမှန်းသိတော့ ခဏမျှ ဆရာကိုပြန်ကြည့်ပြီး အငိုတိတ်သွားပါသည်။ ပြီးတော့ စီခနဲ ခပ်ကျယ်ကျယ်ကြီး ငိုလိုက်ပြန်ပါသည်။

ကိုညာဏ်စိန်က အတန်းဘက်လှည့်ပြီး ကလေးများအား . . .

"ဟော့ကောင်တွေ မင်းတို့ တွေ့တယ်မဟုတ်လား၊ ဒီကောင် ကျောင်းရောက်ပြီဆိုကတည်းက ငိုတာ ခုထက်ထိ မတိတ်ဘူးကွ။ ဒီကောင်မှာ 'အငို' တွေ အများကြီး ပါလာတယ်။ သူတစ်ယောက်တည်း ငိုနေလို့ကတော့ ကုန်မှာမဟုတ်ဘူး။ မင်းတို့ပါ ဝိုင်းပြီး ငိုပေးလိုက်ကြစမ်းကွာ။ ဒါမှ သူ့အငိုတွေ မြန်မြန်ကုန်မှာ"

ကျန်တဲ့ကောင်တွေလည်း သဘောပေါက် မြန်လိုက်တာ မပြောပါနှင့်တော့။ တစ်တန်းလုံး မျက်စိကို လက်ဖမိုးနှင့်ပွတ်ပြီး တအီးအီး ငိုချင်ယောင် ဆောင်လိုက်ကြသည်မှာ ကျွက်ကျွက် ညံသွားပါတော့သည်။ ကျွန်တော်လည်း အသံထွက်အောင် ရယ်နေမိပါသည်။ ဟိုချာတိတ်က သူ့ဘေးက ကလေးတွေကို ကြည့်ပြီး ကြောင်တောင်တောင်နှင့် တိတ်သွားတော့ ပို၍ပင်

ရယ်မိပါသည်။ ကိုညာဏ်စိန် က . . .

"ဟိုး . . . တော်ပြီ၊ အငိုတွေ ကုန်သွားပြီ" ဟု လက်တားပြီး အော်လိုက်တော့ ကလေးတွေက တဝါးဝါးရယ်မောပြီး အငိုရပ်သွားကြပါသည်။

ဟိုအကောင်လည်း ကယောင်ကတမ်း အငိုရပ်ပြီး ကျီးကြည့်ကြောင်ကြည့် ဖြစ်နေပါသည်။

ကိုညာဏ်စိန်ကတော့ သူ့ကို လှည့်လို့မျှပင် မကြည့်တော့ဘဲ သူ့ဘာသာ အရုပ်တွေရေးလိုက် ပုံပြင်ကိုပြောလိုက် လုပ်နေပြန်ပါသည်။ ဟိုငနဲလေးကလည်း သူပြောနေသည့် ပုံပြင်ကို နားထောင်သလိုလိုလုပ်လိုက်၊ အရုပ်တွေကို ကြည့်လိုက် လုပ်နေပါသည်။ ခဏကြာတော့ ဘယ်လိုလုပ်ပြီး သတိရလိုက်ပြန်သည်မသိ၊ အီခနဲ ငိုလိုက်ပြန်ပါသည်။ ကိုညာဏ်စိန်က . . .

"ဟ . . အငိုတွေ မကုန်သေးဘူးကွ၊ ကျန်သေးတယ်"

ကိုညာဏ်စိန် စကားဆုံးအောင်ပင် မပြောလိုက်ရပါ။ တစ်တန်းလုံး တပျော်တပါးကြီး ဝိုင်းဝန်းပြီး ငိုချင်ယောင်ဆောင် လိုက်ကြပြန်ပါသည်။ သူတို့တစ်တွေက သည်လိုငိုလိုက်ရခြင်းပင် အရသာတွေ့နေကြပုံ ပေါ်နေပါသည်။ ကျွန်တော်ကတော့ သူတို့ကို



http://myanmarpyithar.net

ကြည့်ပြီး ရယ်လို့သာ နေရပါတော့သည်။

ဟိုငနဲလေးလည်း မငိုဝံ့တော့လောက် အောင်ပင် ဖြစ်သွားပါသည်။ ကိုဉာဏ်စိန်၏ စကားနှင့် ဆိုလျှင်တော့ 'အငို' တွေ ကုန်သွားပြီပေါ့။

ကျွန်တော်သည် အထက်တွင် ပြောပြခဲ့သည့် အတိုင်း တက္ကသိုလ်က ဆရာတစ်ယောက် ဖြစ်ပါ သည်။ သို့သော် ထိုကလေးငယ်၏ ပြဿနာကို ကြည့်ပြီး ခေါင်းခြောက်လိုက်သည်မှာ မပြောတတ် အောင်ပင် ဖြစ်ခဲ့ပါသည်။ "ဒီကလေးကို အငိုတိတ် အောင်လုပ်ပါ၊ မလုပ်နိုင်ရင် မင်းကိုသတ်မယ်" ဟု ဆိုလာလျှင် ကျွန်တော်သေဖို့သာလျှင် ရှိပါသည်။ ဘာမျှတတ်နိုင်မည် မဟုတ်ပါ။

ကျောင်းဆင်းလို့ ကျွန်တော်နှင့် ကိုဉာဏ်စိန် ဘုရားဘက်သို့ ထွက်လာကြတော့ . . .

"ကိုဉာဏ်စိန် ခင်ဗျားတော်တယ်ဗျ၊ ဟိုကောင် အငိုတိတ်သွားအောင် လုပ်နိုင်တာ သိပ်သဘောကျ တာပဲ။ ကျုပ်ဆိုရင် ဘာလုပ်ရမှန်း မသိတာနဲ့ ဒုက္ခ အကြီးအကျယ်ရောက်နေမှာ"

"ဒီလိုပဲလေဗျာ . . . သင့်သလို ကြည့်တွယ် လိုက်ရတာပဲ"

သူကတော့ သည်လိုပဲ ခပ်ပေါ့ပေါ့ ပြောပါ

သည်။ တကယ်ဆိုတော့ ကျွန်တော့်အဖို့ ခပ်ပေါ့ပေါ့ ကိစ္စ လုံးဝမဟုတ်ပါ။ ကြောက်စရာ ဧရာမကိစ္စကြီး ဖြစ်နေတာ အမှန်ပါ။

ကျွန်တော့်အဖို့ သူငယ်တန်းသင်ကြားမှုကို စိတ်ဝင်စားနေပါပြီ။ တစိမ့်စိမ့်တွေးပြီး လန့်နေသလောက် အထင်ကြီးနေမိပါပြီ။

နောက်တစ်နေ့ ကျွန်တော်ရောက်သွားတော့ ဟိုချာတိတ်ကို သတိထားပြီး ကြည့်လိုက်မိပါသည်။ ငိုတော့ ငိုထားဟန်တူပါသည်။ သူ့အဘွားကိုတော့ မတွေ့ရပါ။ ကွယ်ရာထောင့်တစ်နေရာတွင် တစိုးရိမ်ရိမ် စောင့်နေလိမ့်ဦးမည် ထင်ပါသည်။

ကိုဉာဏ်စိန်၏ သင်ခန်းစာကတော့ တစ်ဆင့်တက်သွားပါပြီ။

သူ့အမူအရာက မြူးမြူးရွှင်ရွှင်၊ ဖော်ဖော်ရွေရွေ ပျော်စရာကြီး။ အသံကလည်း ကြည်ကြည်ချိုချို။

"ကဲ . . ဒီနေ့တော့ မင်းတို့ကို ဆီးသီး ကျွေးမယ်။ ဆီးသီး စားကြမလားဟေ့"

"စားမယ်"

တစ်အုပ်ကြီး အော်ပြီး ဖြေလိုက်သောအသံ။

"ဆီးသီးစားချင်တဲ့သူ လက်ညှိုးထောင်"



http://myanmarpyithar.net

တစ်တန်းလုံး လက်ထောင်ကြပါသည်။ ဟို ချာတိတ်ကို သတိထားပြီး ကြည့်လိုက်တော့ သူများလို လက်မထောင်ပါ။ ကိုယ်ကို ရှေ့ခပ်ကိုင်းကိုင်းညွတ်ပြီး ပါးစပ်ဟောင်းလောင်းနှင့် ကိုဉာဏ်စိန်ကို မော့ကြည့် နေပါသည်။ 'ဆီးသီး တကယ်ကျွေးမှာလား' ဟု စဉ်းစား နေပုံရပါသည်။ သူသာမဟုတ်ပါ။ ကျွန်တော်လည်း ကိုဉာဏ်စိန်ကို ဘာတွေအကြံအဖန်လုပ်ဦးမလဲဟု တွေးနေမိပါသည်။ ဘယ်လိုမှ မှန်းလို့မရရှိုးအမှန်ပါ။

ကိုဉာဏ်စိန် အလုပ်စပါပြီ။

သင်ပုန်းပေါ်တွင် လိမ္မော်သီးလောက် 'ဝ' လုံး တစ်ခုကို ဝိုင်းစက်နေအောင် ရေးလိုက်ပါသည်။ ထို 'ဝ' လုံးပေါ်တွင် အညှာကလေးတစ်ချက် တပ်လိုက် ပါသည်။

"ကဲ . . ဟောဒီမှာ ဆီးသီးတစ်လုံး ဘယ်သူ အလျင်စားမလဲ"

ကျွန်တော်စားမယ်၊ ကျွန်မစားမယ် ဟူသော အသံများ ညံသွားပါသည်။

"ဟုတ်ပြီ . . မင်းက အငယ်ဆုံးမို့ မင်းကို အလျင်ကျွေးမယ်။ ရော့ . . စားစမ်း"

ဟုပြောပြီး သင်ပုန်းပေါ်က ဆီးသီးရုပ်ကို လက်နှင့် ယူချင်ယောင်ဆောင်၍ ခပ်ငယ်ငယ်ကလေး



http://myanmarpyithar.net

တစ်ယောက်ကို လှမ်းပစ်ပေးလိုက်ပါသည်။ ထိုကလေး က ဆီးသီးကို ဖမ်းယူလေဟန်ဆောင်၍ ပါးစပ်ထဲ ထည့် လိုက်ဟန်ဆောင်ပြီး 'မြွမ် မြွမ်' နှင့် စားချင်ယောင် ဆောင်ပါသည်။ တစ်တန်းလုံး တဝါးဝါး ရယ်ကြပါ သည်။

"ကျွန်တော်လည်း စားဦးမယ်" "ကျွန်မကို လည်းပေးပါဦး" စသော အလုအယက် တောင်းဆိုသံ များမှာ ဆူနေပါသည်။ ကိုဉာဏ်စိန်က ဆီးသီးတွေကို ရေးလိုက်၊ ပစ်ပေးလိုက်၊ တမြွမ်မြွမ်နှင့် စားလိုက်ကြနှင့် တကယ့်ပျော်စရာကြီးပါပဲ။

"ချိုရဲ့လားဟေ့"

"ချိုတယ်ဆရာ"

"ကဲ . . ဟိုအကောင်လည်း အငိုတွေ ကုန် သွားပြီ။ မင်းလည်း တစ်လုံးစားလိုက်ဦး"

ကိုဉာဏ်စိန်က ဆီးသီးတစ်လုံးကို ကောက် ရေးလိုက်ပြီး ဟိုချာတိတ်ကို လှမ်းပစ်ပေးလိုက်ယောင် ပြုလိုက်ပါသည်။

ချာတိတ်က ကြောင်တောင်တောင် ဖြစ်နေ သေး၍ ဘာမှမလုပ်ပါ။

"သူက မစားချင်သေးဘူးတဲ့၊ မင်းက ယူစား လိုက်စမ်းကွာ" ဟု ဘေးက ကလေးတစ်ယောက်ကို



http://myanmarpyithar.net

ပြောလိုက်တော့ ထိုကလေးကလည်း အလွယ်တကူပင် ကောက်စားချင်ယောင် ဆောင်လိုက်ပါသည်။

သင်ပုန်းပေါ်တွင်လည်း ဆီးသီးတွေ ပြည့်နေပါပြီ။ သင်ပုန်းကို ဖျက်လိုက်ပါသည်။ ဆီးသီးအသစ်တစ်လုံးကို ရေးလိုက်ပါသည်။ ဝိုင်းဝိုင်းစက်စက် မဟုတ်ပါ။ ဘဲဥပုံလိုလို ရှည်မျောမျော ဖြစ်ပါသည်။

"ဒီဆီးသီးက မဝိုင်းဘူး၊ အချဉ်မျိုးကွ၊ ရော့ စားကြည့်စမ်း မချဉ်ဘူးလား"

ကလေးတစ်ယောက်ကို လှမ်းပေးလိုက်တော့ စားချင်ယောင်ဆောင်၊ ရှုံ့မဲ့ပြီးမှ . .

"ချဉ်တယ်ဆရာ" ဆိုတော့ အားလုံးက သဘောကျပြီး ရယ်ကြပါသည်။

ဤသို့ ဆီးသီးပိန်ပိန်တွေ ရှုံ့ရှုံ့တွေ၊ ရှည်ရှည်တွေရေးပြီး ပစ်ပေးလိုက်လျှင် ကလေးတွေက ချဉ်တယ်ဆရာဟု ပြောကြပါသည်။ ဝိုင်းဝိုင်းစက်စက် ဆီးသီးကို ရေးပေးလိုက်လျှင် ချိုတယ်ဟု ပြောကြပါသည်။

ကလေးတွေ ဆီးသီးစားတမ်း ကစားရသည်ကို ပျော်နေကြသည်မှာတော့ အမှန်ဖြစ်ပါသည်။

ကျွန်တော်တို့ နှစ်ယောက် ပြတိုက်ရှိရာဘက်ကို ထွက်လာကြတော့ . .

"ဟိုချာတိတ် ဒီနေ့တော့ မငိုတော့ဘူးဗျ"



http://myanmarpyithar.net

" သူ့အဘွားကို မမြင်လိုက်ရတော့လို့ပေါ့ဗျာ။ အိမ်ကလူကြီး တစ်ယောက်ယောက်ပါလာရင် ဒီလိုပဲ ငိုနေတတ်ကြတယ်ဗျ။ လူကြီးတွေမပါရင် ခဏပါပဲ။ ကလေးတွေပဲဗျာ၊ ခဏရှိတော့ သူတို့ကလေးချင်း ကစားကြ၊ သူများကစားတာကို ကြည့်ကြနဲ့ပဲ မေ့မေ့ ပျောက်ပျောက် ဖြစ်သွားတာပဲ။ ခက်နေတာက လူကြီးတွေဗျ။ အထူးသဖြင့် အဘွားတွေက အဆိုးဆုံးပဲ။ ယာဖျက်တော့ သခွား၊ မြေးဖျက်တော့အဘွား ဆိုသလို ပေါ့ဗျာ၊ အဘွားကြီးတွေဆိုတော့ မြေးကိုဖျက်ဖို့ကလွဲလို့ တခြားအလုပ်ကလည်း မည်မည်ရရ မရှိတော့ဘူး မဟုတ်လား"

"ဆရာကို ဘာမှလာပြီး ဆရာမလုပ်တာ၊ ဩဇာမပေးတာ တော်သေးတာပေါ့ဗျာ"

"အမယ် . . အဲဒါမျိုးလည်း တစ်ခါတစ်လေ ရှိသေးသဗျ။ သူတို့ကလေး၊ သူတို့မြေးကို ရှေ့တန်း ဆရာနဲ့နီးနီး ထားချင်ကြတာတွေပေါ့။ ကလေးတွေမှာ အရပ်အမောင်းက တူတာမဟုတ်ဘူးဗျ။ ဒီတော့ ကျုပ်က အရပ်နိမ့်တဲ့ကလေးတွေကို ရှေ့က၊ နည်းနည်း မြင့်တာတွေကို နောက်က၊ အတန်းကို ကြည့်လိုက်ရင် ပတ္တလားစီထားသလို ဖြစ်နေစေချင်တယ်။ အဲဒါ သူတို့ ကလေးတွေကို ရှေ့ထားပေးပါ ဘာညာနဲ့လာပြီး



http://myanmarpyithar.net

ပြောတတ်ကြတယ်။ "ခင်ဗျားတို့ ကလေးကိုလည်း သင်ပေးမှာပါ။ မတတ်မှာ မစိုးရိမ်ပါနဲ့" လို့ ပြောယူရတယ်။ သူငယ်တန်းမှာ လူကြီးတွေ အကဲအပါဆုံးပေ့ါဗျာ၊ ဟိုဘက်အထက်တန်းတွေ ရောက်တော့လည်း ဘာမှ ဂရုစိုက်မနေကြတော့ ပြန်ဘူး။ ရယ်စရာလည်း အကောင်းသား။ ဒီတော့ သူငယ်တန်းဟာ မိဘနဲ့ ပြဿနာ အကြုံရဆုံးပေ့ါဗျာ"

"သူတို့ သားသမီးကို ရိုက်တာပြုတာနဲ့ ပတ်သက်လို့လည်း ပြဿနာ ကြုံကြရမယ်ထင်တယ်"

"တစ်ခါတစ်လေလည်း ကြုံရတာပေ့ါဗျာ။ နည်းတော့ နည်းပါတယ်။ ဒီနေရာမှာတော့ ကိုင်တွယ်တဲ့ဆရာ၊ ဆရာမအပေါ်မှာလည်း မူတည်တတ်ပါတယ်။ တစ်နေ့ကပဲ ခင်ဗျားလူ ထွန်းရွှေကြီး သူ့သားကို ကျောင်းလာအပ်သွားပါကော။ သူပြောသွားလိုက်ပုံကတော့ ကျုပ်မှာရယ်တောင် ရယ်နေရသေးတယ်။ 'သူငယ်ချင်းရေ' တဲ့။ 'ကဲ . . ငါ့သားကို မင်းဆီအပ်ခဲ့ပြီ၊ လိမ္မာအောင်သာ ကြည့်တွယ်ပေတော့ကွာ၊ မတော်တဆ သေသွားရင်တော့ အလွမ်းပြေကြည့်ရအောင် လွယ်အိတ်ကလေးကိုတော့ ပြန်ပို့လိုက်ပါကွာ . . ' တဲ့လေ"

ကျွန်တော်က ရယ်လိုက်မိပါသည်။

မူလတန်း၊ အထူးသဖြင့် သူငယ်တန်းသင်ရသော ဆရာ၊ ဆရာမတို့၏ဘဝကို ကျွန်တော် အလွန်စိတ်ဝင်စားနေမိပါသည်။

နောက်တစ်နေ့ ကျွန်တော် ရောက်သွားသောအခါ သင်ခန်းစာ နောက်တစ်ဆင့်တက်သွားသည်ကို တွေ့ရပြန်ပါသည်။

"ဒီနေ့တော့ မင်းတို့က ဆီးသီးရောင်းကြ၊ ငါက ဝယ်မယ်။ ဆီးသီးငါးလုံးကို တစ်မတ်ပေးမယ်။ ဒါပေမဲ့ ဆီးသီးအချဉ်တွေကို မဝယ်ဘူး"

ဝလုံးကို ဝိုင်းဝိုင်းရေးတတ်အောင် လေ့ကျင့်နေပြီဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်ပါပြီ။

"နောက်ပြီး ဟောဒီလို ဟောဒီလို ရေးတဲ့ဆီးသီးကို မဝယ်ဘူး။ အဲဒီ ဆီးသီးမျိုးတွေက အပုပ်တွေ"

သူက သင်ပုန်းပေါ်တွင် လက်ဝဲရစ်ရေးပြလိုက်ပါသည်။ ထိုမျှမကသေးပါ။ "ဒီလိုရေးရမယ်" ဟု ကလေးများကို ကျောခိုင်းပြီးလျှင် လက်ကို လက်ယာရစ်ပြီး အထပ်ထပ်ဝှေ့ပြပါသည်။

"ဘယ်လို၊ ဘယ်လိုရေးမလဲ"

"ဒီလို ဒီလိုရေးမယ်"



http://myanmarpyithar.net

ကလေးတွေကလည်း သူတို့လက်ကို လက်ယာရစ်ဝှေ့ရမ်းပြီး အော်ကြပါသည်။

"ဘယ်လိုရေးရင် ဆီးသီးအပုပ်လဲ"

"ဒီလို ဒီလိုရေးရင် ဆီးသီးအပုပ်"

လက်တွေကို လက်ဝဲရစ်ဝှေ့ပြကြပါသည်။

လက်ယာရစ်ရေးခြင်းကို အကြိမ်ကြိမ် ဝှေ့ရမ်းလေ့ကျင့်စေပြီးနောက် ဆီးသီးတွေ ရေးကြရန် ခိုင်းလိုက်ကြပါသည်။ ကလေးတွေကလည်း သူတို့သင်ပုန်းကလေးများတွင် အားကြိုးမာန်တက် ရေးနေကြပါသည်။

ဝလုံးကို လက်ယာရစ်ရေးကြအောင် လေ့ကျင့်ပေးလိုက်သည် မှန်သော်လည်း တကယ် လက်တွေ့အားဖြင့် ရေးသည်မရေးသည်ကို ဆရာ ကိုညဏ်စိန် လိုက်ပြီးစစ်နေနိုင်သည် မဟုတ်သောကြောင့် ဘယ်လိုများ သိနိုင်ပါ့မလဲဟု ကျွန်တော့်စိတ်တွင် တွေးနေမိပါသည်။

"ဟောဒီမယ်ဆရာ၊ သူက ဆီးသီးကို ဟောဒီလို ဟောဒီလိုကြီး ရေးနေတယ်၊ သူ့ဆီးသီးက အပုပ်ကြီး ဆရာ"

ကလေးတစ်ယောက်က လက်ကို လက်ဝဲရစ်ဝှေ့ပြပြီး လှမ်းတိုင်လိုက်ပါသည်။ အတိုင်ခံရသော

ကလေးက ချက်ချင်းဖျက်ပစ်ပြီး "ဒီလို ဒီလိုရေးတယ် ဆရာ" ဟု လက်ယာရစ် ငွေ့ရမ်းပြီး ပြလိုက်ပါသည်။

အင်း . . . ဒီလိုတော့လည်း သူ့ဟာသူ ပြဿနာရှင်းသွားသားပဲ ဟု အောက်မေ့လိုက်ပါသည်။

ဆီးသီးငါးလုံးစီ ရေးပြီးတော့ တစ်ယောက်စီ လာပြီးပြကြပါသည်။ ကိုညဏ်စိန်က ဆီးသီးတွေကို ကြည့်ပြီး ဟိုအလုံးက ပိန်တယ်။ ဒီအလုံးက မဝိုင်းဘူး။ နောက်ကို အဲဒီလောက်ချဉ်ရင် မဝယ်ဘူး၊ ဒီတစ်ခါ တော့ ဝယ်လိုက်မယ် စသည်ဖြင့် ပြောပြီး မြေဖြူနှင့် အမှန်ခြစ်ပေးလိုက်ပါသည်။ ကလေးတွေက ဝမ်းသာ အားရ ပြန်သွားကြပါသည်။

အငိုသန်သော ချာတိတ်ကလည်း ဆီးသီး ငါးလုံးရေးပြီး ရောက်လာပါသည်။ ကိုညဏ်စိန်က သူ့သင်ပုန်းကို ယူကြည့်လိုက်ပြီး . . .

"အံမယ် . . . ဒီကောင်က လူကငိုပေမယ့် ဆီးသီးကတော့ အချိုသားပဲ၊ ဘယ်ဆိုးလို့လဲကွ" ဟု ချီးမွမ်းပြီး အမှတ်ပေးလိုက်ပါသည်။

ဟိုချာတိတ် ဝမ်းမြောက်ဝမ်းသာ ပြန်ပြေး သွားပါသည်။

ကလေးအားလုံးမှာလည်း သူ့ထက်ငါ အလု အယက် ဆီးသီးလာရောင်းနေကြပါသည်။ ဟိုချာတိတ်

က မကြာခဏလာပြီး ပြနေပြီ ဖြစ်သောကြောင့် . . .

"အံမာ ဒီကောင်ဆီးပင်က တယ်သီးလိုက်ပါလားဟ၊ ချိုလည်း ချိုတယ်ဟေ့"

ချာတိတ် ကျောင်းပျော်သွားပါလေပြီ။

ကျွန်တော်လည်း ကိုညာဏ်စိန်နှင့် တပည့်များ၏ ဆီးသီးရောင်းပွဲကြီးကို ကြည့်ရင်းပျော်နေမိပါသည်။

သို့နှင့် ကျောင်းဆင်းခေါင်းလောင်း ထိုးလိုက်တော့ ကျောင်းသားတွေ ကိုယ့်လွယ်အိတ်၊ ပစ္စည်းစသည်တို့ကို ကိုယ်စီကိုယ်ငှ သိမ်းကြယူကြပါသည်။ သည်အခါတွင်မှ သတိထားကြည့်လိုက်တော့ ကျောင်းခန်းဘေး နံရံသစ်သားတန်းတွင် သံချွန်တွေ ရိုက်ထားပြီး ထီး၊ ဦးထုပ်စသည်တို့ကို စနစ်တကျ ချိတ်ထားကြရကြောင်းကို တွေ့လိုက်ပါသည်။ ထိုထိုသောပစ္စည်းများကို သူတို့တွေ ယူကြပြီးနောက် အားလုံး မတ်တတ်ရပ်နေကြရပါသည်။

"စာအုပ် ပါပြီလား"

ကိုညာဏ်စိန်က အော်မေးလိုက်ပါသည်။

"ပါ ပါပြီ" ကလေးတွေက အော်ပြီး စာအုပ်ကို မြှောက်ပြရပါသည်။

သူတို့ အတိုင်အဖောက် အော်ပုံမှာ ရိုးရိုးအသံမျိုးမဟုတ်ပါ။ သံချပ်တိုင်သလိုလို ခပ်ဆင်ဆင်ပါ။



http://myanmarpyithar.net

"ပေတံ . . . . ပါ . . ပြီလား"

"ပါ . . . . ပါ . . ပြီ"

ကျောင်းသားတို့တွင် ပါမြဲပစ္စည်းများကို တစ်ခုစီ အော်ပြီးမေးပါသည်။ အားလုံးမေးပြီးမှ အငယ်ဆုံး ကလေးများတန်းမှစ၍ တစ်တန်းစီ တန်းစီပြီး ထွက်ရပါသည်။

"ခင်ဗျား အလုပ်က ပြီးပဲမပြီးနိုင်ဘူး၊ တယ်ရှုပ်ကိုးဗျ"

"ဒီလိုပဲ ကိုယ့်လူရေ . . . ခင်ဗျားတို့လို ကောလိပ်ကျောင်းသားကြီးတွေကို သင်ရတာ မဟုတ်ဘူး။ ကလေးတွေဆိုတော့ ကျောင်းဆင်းပြီးရင် အိမ်ပြန်ချင်ဇောနဲ့ ဟိုဟာကျန်၊ ဒီဟာမေ့နဲ့၊ ဦးထုပ်ပျောက်၊ ထီးပျောက်ဖြစ်ရင် မိဘတွေက ဆရာ့ဆီကို လာတိုင်ကြတော့တာဗျ၊ ဆရာအထိန်းအသိမ်း ညံ့ရာရောက်တာပေါ့ဗျာ"

သူက ပြောရင်းဆိုရင်း ခုံတွေအောက် ငုံ့ကြည့်ပြီး ဟိုဟာရှာသလိုလို ဒီဟာရှာသလိုလို လုပ်နေပြန်သောကြောင့် . . .

"ဘာရှာနေတာလဲဗျ"

"ဘာတွေများ ကျန်ရစ်ခဲ့သေးလဲလို့ ရှာရတာပေါ့ဗျာ။ ခုနက ကျုပ်အော်တဲ့ စာရင်းထဲမှာ မပါတဲ့

ဂျင်တို့၊ ဂေါ်လီတို့ ဘာတို့ ညာတို့ ဆိုတာတွေပေါ့ဗျာ။ ကျန်နေရစ်ခဲ့ရင် သိမ်းထားပြီး ပြန်ပေးရတာပေါ့ဗျာ။ ကလေးတွေကိုးဗျ၊ အမိုက်ကလေးတွေ ဘာသိတတ်ကြတာမှတ်လို့”

“ခင်ဗျား အခန်းထဲက နံရံသစ်သားတန်းတွေမှာ သံချွန်လေးတွေ စီပြီးရိုက်ထားတာကို တွေ့တယ်”

“အေးဗျာ. . . ထီးတွေ၊ ဦးထုပ်တွေ၊ လွယ်အိတ်တွေ စာရေးစားပွဲပေါ်မှာ ရှိနေရင် ရှုပ်လွန်းလို့”

အဲဒီလို သံချွန်ဖိုးတွေ ဘာတွေကျတော့ ကျောင်းကထုတ်ပေးသလား”

“ဘယ်ပေးလိမ့်မလဲဗျာ”

“ခင်ဗျားက အိတ်စိုက်ပေါ့”

“မစိုက်ရပါဘူးဗျာ၊ ကျောင်းသားမိဘတွေထဲက သံဆိုင်တွေရှိနေတာပဲ။ ကျောင်းခန်းထဲမှာ သုံးချင်လို့ဆိုပြီး နှိုက်လာခဲ့တာပါပဲ”

ကျွန်တော်တို့ နှစ်ယောက်စလုံး ရယ်လိုက်မိကြပါသည်။

“ဆီးသီးကတော့ ဝလုံးအတွက် လုပ်လိုက်တာပေါ့နော်”

“ဒါပေါ့ဗျာ၊ ဆီးသီးကမှ အညှာတပ်နေရသေးတယ်၊ ဝလုံးဆိုတော့ ဘာမှ လုပ်ဖို့တောင် မလို



http://myanmarpyithar.net

တော့ဘူးပေါ့။ ဝလုံးရေးကြရအောင်ဆိုရင် ကလေးတွေ ဘယ်မှာ ပျော်တော့မလဲ၊ ဆီးသီးရောင်းကြရအောင် ဆိုတော့ ခင်ဗျားမြင်တဲ့အတိုင်းပဲ။ လက်မလည်အောင် အမှတ်ပေးနေရတာပဲ မဟုတ်လား၊ သူတို့လည်းပျော်၊ သူတို့ပျော်တော့ ကျုပ်လည်းပျော်တာပေါ့ဗျာ"

သူကပြောရင်း ရယ်လိုက်ပါသည်။

ထို့နောက် ဆယ်ရက်လောက်မှာ ဝလုံးတွေ ချည်း အရေးခိုင်းနေပါသည်။

"ခင်ဗျား ဝလုံးသင်ခန်းစာကလည်း ကြာလှ ချည်လားဗျ၊ ပြီးပဲ မပြီးနိုင်တော့ဘူး"

"မြန်မာအက္ခရာ ရေးတာမှာ ဝလုံးဟာ အခြေ ခံပဲဗျ။ ဝလုံးကို လက်မသေရင် လက်ရေး ဘယ်တော့မှ မလှဘူး။ လက်ရေးလှဖို့ဟာ သူငယ်တန်းမှာ ကျင့်ရ တာဗျ။ ပထမတန်း၊ ဒုတိယတန်းရောက်သွားရင် လက်ရေးလှကျင့်ဖို့ အချိန်မရတော့ဘူး။ ကျုပ်အတန်းက တက်သွားတဲ့ကလေးတွေမှာ လက်ရေးမလှတာ တစ်ယောက်မှ မရှိဘူး။ ကျောင်းသားတစ်ယောက် လက်ရေးမလှတာကိုတွေ့ရင် ခပ်ပျင်းပျင်း ခပ်ဖျင်းဖျင်း သူငယ်တန်းဆရာနဲ့ ကြုံခဲ့ရလို့သာ အောက်မေ့ပေရော့။ ကျုပ်က အဲဒီလို အထက်တန်းဆရာတွေက အထင် သေးတာ မခံချင်ဘူးဗျ"

ကျွန်တော့်စိတ်ထဲတွင် လက်ရေးအလွန်ညံ့လှသော တက္ကသိုလ်က ကျောင်းသားများကို သွားပြီး သတိရလိုက်မိပါသည်။ သူတို့သည်လည်း ကံမကောင်းအကြောင်းမလှ၍ ကိုဉာဏ်စိန် ပြောသလို ခပ်ပျင်းပျင်း၊ ခပ်ဖျင်းဖျင်း ဆရာ၊ ဆရာမမျိုးနှင့် သူငယ်တန်းတွင် ကြုံခဲ့ရလိမ့်မည်ဟု ထင်မိပါသည်။ ကျွန်တော်၏ ငယ်ဆရာ ဆရာဦးစံရွှေကြောင့် ကျွန်တော့်လက်ရေး အတန်အသင့်ကောင်းခဲ့သည်ကို တွေး၍ ကွယ်လွန်သူ ဆရာကို သတိရကျေးဇူးတင်လိုက်မိပါသည်။

ကိုဉာဏ်စိန်က ဆက်၍ . . .

"အဲဒီထက် ပိုပြီး ဂရုစိုက်ရတာက အဆွဲအငင်ဗျ။ အဲဒါတွေကျရင်တော့ ပိုပြီးဂရုစိုက်ရတယ်။ ရရစ်ကို အပေါ်ကဆွဲတာတွေ၊ သဝေထိုးကို အပေါ်က ဆွဲတာတွေ၊ အို၊ ကို၊ မိုတို့လို စာလုံးပေါင်းတွေမှာ လုံးကြီးတင်ကို အလျင်စပြီးရေးကြတာမျိုးတွေလို အမှားတွေပေါ့ဗျာ။ သေချာ ဖြည်းဖြည်းဆေးဆေး ရေးရင်တော့ မသိသာလှဘူးပေါ့။ လက်ရေးကိုသော့ပြီး မြန်မြန်ရေးလိုက်ပြီဆိုရင် အဆွဲအငင်စနစ်မကျတဲ့ လက်ရေးဟာ အလွန်ဖတ်ရတာ ခက်သွားတယ်ဗျ"

ကလေးငယ်၏ တစ်သက်တာအတွက်ကို အခြေခံ ပန္နက်ရိုက်လိုက်ရသော သူငယ်တန်းဆရာ၏

Future Publishing House

http://myanmarpyithar.net

ဘဝနှင့် တာဝန်ကို အလွန်ရှိသေမိလာသည်။ အချို့သော တိုင်းပြည် ပညာရေးစနစ်များတွင် သူငယ်တန်းသင်သော ဆရာကို သီးသန့်အရည်အချင်း ရှိစေလျက် လစာမြင့်မြင့် ပေးထားကြသည်ဟူသော အချက်ကို သဘောပေါက်လာမိပါသည်။

ကျွန်တော့်မိတ်ဆွေ ဆံပင်ညှပ်ဆရာ ကိုသိန်းမောင်ကြီး ပြောဖူးသောစကားကိုလည်း သွားပြီး သတိရမိလိုက်ပါသေးသည်။

“ကလေးခေါင်းဆိုတော့ ငယ်တာကြောင့် ဆံပင်ညှပ်ခကို တစ်ဝက်ပေးရတာတောင် များသေးတယ်လို့ ထင်တတ်ကြသေးတယ်ဗျ။ ခါးပြတ်သွားမှာကြောက်ရတာကတစ်မျိုး၊ ငိုတာကတစ်မျိုး၊ ရုန်းတာကတစ်မျိုး”

အင်း . . ကိုညာဏ်စိန်တို့၊ ကိုသိန်းမောင်ကြီးတို့လုပ်ငန်းကြီးက ခပ်ဆင်ဆင်ပါပဲလားဟု အောက်မေ့မိသည်။

ဤသို့လျှင် ဝလုံးသင်ခန်းစာပြီးတော့ နောက်တစ်ဆင့်တက်လိုက်ပြန်ပါသည်။

သင်ပုန်းပေါ်တွင် က၊ ခ၊ ဂ၊ ဃ၊ င ဟူသော အက္ခရာငါးလုံးကို ရေးလိုက်ပါသည်။ ပြီးမှ တစ်တန်းလုံးကို မတ်တတ်ရပ်ခိုင်းလိုက်ပါသည်။

“မင်း နာမည်ဘယ်သူလဲ”

“မောင်ကျော်မြင့်ပါခင်ဗျ”

လက်ပိုက်ပြီး ဖြေပါသည်။

“မင်း နာမည်ကကော”

“မောင်ထွန်းစိန်ပါ ခင်ဗျ”

“ညည်း နာမည် ဘယ်သူလဲ”

“ကြော့ယဉ်ဝင်းပါရှင့်”

“အံမယ် . . . တယ်ကောင်းတဲ့ နာမည်ပါလား၊ ကဲ . . ကဲ . . ညည်း နာမည်ကကော”

“တည်ကြည်ဝင်းပါရှင့်”

“ဟဲ့ . . ငါ့တပည့်တွေ နာမည်ကကောင်းလှချည်လား၊ ညည်း နာမည်ကကော”

“နီနီအေးပါရှင့်”

ဤသို့လျှင် ကျောင်းသားအတော်များများကို နာမည်လျှောက်ပြီးမေးပါသည်။ ပြီးမှ . . .

“ကဲ . . ကြည့်စမ်း မင်းတို့အားလုံးမှာ နာမည်တွေရှိကြတယ်။ နာမည်မရှိတဲ့ လူများရှိသလားဟေ့”

“မရှိပါဘူးခင်ဗျ”

“အေး . . မင်းတို့အားလုံးမှာ နာမည်ရှိကြသလို သူတို့မှာလည်း နာမည်ရှိတယ်”

သင်ပုန်းပေါ်ရှိ ကကြီး၊ ခခွေး အက္ခရာများ



http://myanmarpyithar.net

ဆီကို လက်ညှိုးထိုးပြီး ပြောလိုက်ပါသည်။

"ညည်း နာမည်က ဘယ်သူလဲ"

"ဖြူနှင်းဝေပါ ဆရာ"

"အေး၊ သူ့နာမည်က ကကြီးတဲ့၊ မှတ်ထား၊ ကြားလား၊ ဘယ်သူလဲ"

"ကကြီးပါဆရာ"

"ညည်း နာမည်ကဘယ်သူလဲ"

"သန္တာပြုံးပါဆရာ"

"အေး၊ သူ့နာမည်က ခခွေးတဲ့ မှတ်ထား၊ ကြားလား"

ဤသို့အားဖြင့် ကကြီး၊ ခခွေးများကို မိတ်ဆက် သင်ကြားပေးသွားပါသည်။ မကြာမီမှာပင် သူတို့အားလုံး အက္ခရာများကို မှတ်မိသွားကြသည်ကို တွေ့ရပါသည်။

ကျွန်တော်တို့ တက္ကသိုလ်ဆရာများအဖို့ မိမိ သက်ဆိုင်ရာ ဘာသာရပ်များတွင် တိုးတက်မြင့်မားအောင် ရှာဖွေ ဖတ်ရှုကြရပါသည်။ ကြံစည်စဉ်းစားကြသည်မှာ မှန်ပါသည်။ သို့သော် တပည့်များအား ဘယ်ပုံ ဘယ်နည်း သင်ကြား ပို့ချရမည်ဆိုသည့် ကိစ္စအတွက်ကိုတော့ မူလတန်း၊ သူငယ်တန်း သင်ကြားသူ ဆရာ၊ ဆရာမများ လောက် ကြံစည် အားထုတ်ရသည်ဟု မထင်မိပါ။

တက္ကသိုလ်ကျောင်းများ ပြန်ဖွင့်ပြီ ဖြစ်သော ကြောင့် ကျွန်တော် ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။ နောက်တစ်ကြိမ် သီတင်းကျွတ် ကျောင်းပိတ်ရက်တွင် တောင်တွင်းကြီးသို့ ပြန်ရောက်သွားပါသည်။ ယခင်က အတိုင်း ကိုဉာဏ်စိန်၏ သူငယ်တန်းသို့လည်း ရောက်သွားပြန်ပါသည်။

ကလေးတွေက စာတွေအတော်လေး ဖတ်နိုင် နေကြပါပြီ။ ကျောင်းဆင်းခါနီးရောက်တော့ ကလေး တွေ သံပေါက်ကဗျာ ရွတ်ကြပါသည်။ ထိုသံပေါက်တွေ ကို အကုန်လုံး ကျွန်တော် မမှတ်မိတော့ပါ။ ဆိုလိုရင်း အဓိပ္ပာယ်အချို့ကိုတော့ သတိရနေပါသေးသည်။ အိပ်ရာဝင် ခြေဆေးရမည်၊ ဘုရားကန်တော့၊ မိဘ ကန်တော့ဆိုတာတွေလည်း ပါ,ပါသည်။ ထိုထိုသော လိမ္မာရေးခြားရှိစေမည့် ကိစ္စများအပြင် (ကျွန်တော် မှတ်မိသလောက်) ***"အလှူပေးကြောင်း၊ ထမင်းရောင်း၊ တောင်းကြီးကိုသာ ကန်ပစ်ပါ"*** ဆိုတာလည်း ပါနေပါ သည်။ စကားလုံးကတော့ တိတိကျကျ မှန်ချင်မှမှန်ပါ မည်။ ကလေးများမှာ သံပေါက်ကို ဆိုကြရာတွင် ပါးစပ်က ဆိုရုံသာ မဟုတ်။ ကိုယ်ဟန်အမူအရာလည်း လုပ်ပြီး ဆိုကြရပါသည်။ ထိုသံပေါက်ကို ဆိုကြရာတွင် "တောင်းကြီးကိုသာ ကန်ပစ်ပါ" ဆိုရာ၌ ခြေထောက်

နှင့် အားရပါးရ သိမ်းကျုံးပြီး ကန်လိုက်သည့် အမူအရာ ကိုလည်း လုပ်ကြရပါသည်။

ကျွန်တော်က ဘာကိုဆိုလိုကြောင်း ရုတ်တရက် နားမလည်နိုင်ပါ။ ထို့ကြောင့် ကျောင်းဆင်းပြီး နှစ်ယောက်သား ပြတိုက်ဘက်သို့ ထွက်လာကြတော့ . . .

"နေပါဦး ကိုညာဏ်စိန်ရ . . . ဟို တောင်းကြီး ကိုသာ ကန်ပစ်ပါ ဆိုတာက ဘာလုပ်တာလဲဗျ၊ ကျုပ်ဖြင့် ဘာမှန်းကို မသိလိုက်ဘူး"

ကိုညာဏ်စိန်က ရယ်လိုက်ပြီး . . .

"သက်သက် အမြင်ကတ်လွန်းလွန်းလို့ဗျာ၊ ဒီလိုဗျာ၊ ကျွန်တော်တို့ဆီမှာ တချို့လူတွေက အလှူ လုပ်ရင် လုပ်ပေ့ါဗျာ။ ဘာလို့ အလှူငွေ ခံချင်ရတာလဲ၊ သားသမီးကို မရှိမဲ့ရှိမဲ့ ရှင်ပြုရတာဆိုရင်တော့ အများ က သနားသဖြင့် ဝိုင်းဝန်းကြတာ ရှိရင်တော့ ရှိမှာပေ့ါ။ ခုတော့ အလှူကြီးကို ဧရာမခမ်းခမ်းနားနား လုပ်ပြီး အကူငွေခံတာဟာ ထမင်းရောင်းတာနဲ့ ဘာထူးလဲ အဲဒါတွေကို အမြင်ကတ်လွန်းလို့ ထည့်ပြီးရေးလိုက် တာပဲ။ ခင်ဗျားတို့လို ကဗျာနားလည်တဲ့ လူတော့ မဟုတ်ဘူး၊ ကျုပ်ကတော့ ကြားဖူးနားဝ ကိုယ်ရွတ်ခဲ့ တာတွေနဲ့ မှန်းပြီးစပ်လိုက်တာပဲ မှန်လား မမှန်လား



http://myanmarpyithar.net

မသိဘူး။ ခြေထောက်နဲ့ ကန်တာကို ထည့်ပြီးရေးလိုက်တာကတော့ ကလေးဆိုတာ အားရပါးရ လှုပ်ရှားပြီး ရွှတ်ရဆိုရရင် ပိုကြိုက်တယ်ဗျ။ ဒါကြောင့် ကျုပ်က စွပ်ပြီး ထည့်လိုက်တာပဲ”

ကိုညဏ်စိန်က ပြောပြီး အားရပါးရ ရယ်နေပါသည်။

“နေပါဦးဗျာ၊ ခင်ဗျား အဲဒါတွေကို ရေးတော့ ကလေးတွေက ဘာနားလည်မှာလဲဗျ”

“အေးလေဗျာ . . ကျုပ်ကလည်း ကလေးတွေကို နားလည်စေချင်လို့မှ မဟုတ်ပဲ၊ လောဘကြီးသူတွေကို အမြင်ကတ်လို့ရေးတာပဲ”

“ခင်ဗျားပြောတာတွေကို ကျုပ်မရှင်းဘူး။ လောဘကြီးသူတွေကို အမြင်ကတ်တာနဲ့ ကလေးတွေကို နားမလည်ပါးမလည် ဘာကြောင့်သင်ပေးနေတာလဲ၊ ဒါကို ပြောတာပါ။ ကလေးတွေ ကြီးလာရင် ဒါမျိုး မလုပ်ရအောင် ဆိုလိုတာလား”

“ကလေးတွေကြီးလာတာက နောက်ပိုင်းပေါ့ဗျာ၊ လောဘကြီးသူတွေကို အမြင်ကတ်တာက လောလောဆယ်ပဲဗျ၊ ဒီလို ကိုအောင်သင်းရေ . . . ကလေးဆိုတာမျိုးက သူတို့ရနေတဲ့စာတို့၊ ကဗျာတို့ကို အလကားနေရင်း အော်ဟစ်နေတတ်တာ၊ ကလေး

တွေဆိုတာကို ခဏခဏကြားနေရရင် လောဘကြီးသူတွေလည်း ဒါမျိုးလုပ်ရမှာနည်းနည်းတော့ ရှက်လာကြမှာပေါ့ဗျာ။ အဲ . . . အရှက်ဆိုလို့ တစ်စက်မှမရှိတဲ့ လောဘကြီးသူတွေအတွက်တော့လည်း မတတ်နိုင်တော့ဘူးပေါ့ဗျာ”

ကိုဉာဏ်စိန်က ပြောနေရင်းပင် အားရပါးရရယ်လိုက်ပြန်ပါသည်။

ကလေးတွေကို စာသင်နေရင်း လောဘကြီးသူတွေကို ဆုံးမသွန်သင်နေသော သူငယ်တန်းဆရာ ကိုဉာဏ်စိန်ကို တအံ့တသြ ကြည့်နေမိပါသည်။ ကျွန်တော်တို့လို ဘဝင်ကြီးတခွဲသားနှင့် ထင်တစ်လုံးလုပ်နေကြသော တက္ကသိုလ်ဆရာတို့သည် ကိုဉာဏ်စိန်တို့လို သူငယ်တန်းဆရာလောက်မှ ပြည်သူအများကို အကျိုးပြုနိုင်ပါ၏လောဟု သံသယ ဖြစ်လာပါသည်။

စာဖတ်သူ စဉ်စားကြည့်စေချင်ပါသည်။ တက္ကသိုလ်ကျောင်းသားနှင့် သူငယ်တန်းကျောင်းသား ဘယ်သူက ပိုပြီးများသလဲ။ တက္ကသိုလ်ကျောင်းသားဆိုသည်က လက်တစ်ဆုပ်စာမျှလောက်သာဟု ပြောရပါမည်။ သူငယ်တန်း ဆိုသည်က ဟို . . . တောကြိုအုံကြားလေးတွေထိအောင် ရှိနေကြသည်မဟုတ်ပါလား။

နောက်ပြီး သူငယ်တန်းဆရာတွေရဲ့ အသွန် အသင် အဆုံးအမကိုလွန်ပြီးမှ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသို့ ရောက်လာကြရသည် မဟုတ်ပါလား။

နောက်ပြီး စာဖတ်သူကိုယ်တိုင် စဉ်းစားကြည့်ပါ။ ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်မြေး၏ ပညာရေးကို စိတ်အဝင်စားဆုံးမှာ (ကိုဉာဏ်စိန် ပြောသလို) သူငယ်တန်းပဲ မဟုတ်လား။

နောက်ပြီး တက္ကသိုလ်ရောက်သော ကျောင်းသားက ဘယ်လောက်ထိအောင် များပြားပါသလဲ။ မူလတန်းကျောင်းသား ဆိုသည်ကတော့ တစ်ပြည်လုံး လောက်ပါပဲ။ တစ်ပြည်လုံးကို ပုံသွင်းနေသော သူငယ်တန်းဆရာများ၏ အရေးပါပုံကို တစိမ့်စိမ့် ကျေးဇူးတင်ကြည်ညိုနေမိပါသည်။

ဩော် . . . ကျွန်တော့်မှာ မြေးမကလေး တစ်ယောက် ရလာပြန်တော့ ပိုလို့ပဲ ကိုဉာဏ်စိန်တို့လို သူငယ်တန်းပြဆရာ၊ ဆရာမများ၏ ကျေးဇူးကို သဘောပေါက် မျှော်လင့်မိလာရပြန်ပါသည်။

တစ်ခုတော့ရှိပါသည်။ "ယာဖျက်တော့ သူခိုး၊ မြေးဖျက်တော့ အဘိုး" ဟူသော စကားပုံအသစ် ပေါ် မလာလေအောင် ဟို . . ဒေါ်အေးသာဆိုသော



http://myanmarpyithar.net

အဘွားကြီးလို ဆရာ၊ ဆရာမလေးတွေ စိတ်မညစ်စေရန် သတိထားလေဦးမှပဲ။

မှတ်ချက်။ ။ ငါန်းဇွန် အ. ထ. က ငွေရတု စာစောင်တွင် ဤအကြောင်းအရာကို အတိုချုပ် ရေးခဲ့ဖူးပါသည်။ ကိုညဏ်စိန်လည်း အငြိမ်းစားယူပြီး 'ကံ့ကူလက်လှည့်' ဟူသောအမည်နှင့် သူငယ်တန်းကျောင်းဖွင့်ပြီး ဆီးသီးရောင်းနေသည်ဟု သိရပါကြောင်း။ ။

# ကံ့ကူလက်လှည့် အင်တာဗျူး

"ဘယ့်နှယ် ကိုဉာဏ်စိန် ကျုပ်ရေးလိုက်တဲ့ ဆောင်းပါး ဖတ်လိုက်ရမှာပေါ့"

"ဖတ်ရပ့ါဗျာ ဆောင်းပါး ပါလာလာခြင်းပဲ ဟိုလူကပြော၊ ဒီလူကပြောမို့ ကျုပ်လည်းချက်ချင်း ရှာပြီး ဖတ်လိုက်ရတာပေါ့"

"အပိုအလို ရှိသေးလား"

"မရှိပါဘူးဗျာ၊ တကယ့်ကို ကွက်တိပါပဲ။ ဒါပေမဲ့ နောက်မှစဉ်းစားမိပြီး ထပ်ဖြည့်စေချင်တာလေး တွေတော့ ရှိသပေ့ါဗျာ"

"ဟုတ်မှာပေ့ါ၊ ကျုပ်ကလည်း ကြားချင်သေး သဗျာ။ နောင်အခါ အကွက်ဆိုက်လာရင် ထည့်ပြီးရေး လိုက်နိုင်တာပေါ့"

"နောက်ပြီး ပြောလက်စနဲ့ ပြောလိုက်ရအုံး



http://myanmarpyithar.net

မယ်။ အဲဒါကတော့ ကျွန်တော်တို့ ဆရာ၊ ဆရာမတွေရဲ့ ညွှန်ကြားချက်ပဲဗျ။ ကျွန်တော်တို့ မြန်မာအက္ခရာမှာ ရကောက်နဲ့ ဂဏန်း (၇)နဲ့ မတူဘူးဗျ။ ရကောက်မှာ ဝတ်ဆံပါရတယ် မဟုတ်လား။ နောက်ပြီး ဂငယ်နဲ့ ဂဏန်းရှစ်လည်း မတူဘူးဗျ။ ရှစ်မှာ ခေါင်း (ဝတ်ဆံ) ပါရတယ်။ ခုတော့ ဆရာ၊ ဆရာမတွေကလည်း ကွဲအောင် သင်မပေးဘူး။ သူတို့ကိုယ်တိုင်တောင် ကွဲကွဲ ပြားပြား မသိကြတော့ဘူးလား မပြောတတ်ပါဘူး”

“အေးဗျ အဲဒါမှာတော့ မြန်မာလက်နှိပ်စက် ရဲ့ပယောဂလည်း ပါမယ်ထင်တယ်။ လက်နှိပ်စက် ဆိုတော့ လက်ကွက်ကိုလည်း ချွေတာရသေးတာကိုး။ ဒီတော့ ရကောက်နဲ့ (၇)၊ ဂငယ်နဲ့ ရှစ်ကို အတူတူ လုပ်ထားလိုက်ရတာပေါ့။ လက်နှိပ်စက်စာမူတွေကို အမှန်သဘောမျိုး မျက်စိက အကျင့်ပါသွားတယ် ထင်ပါရဲ့”

“မပြောတတ်ပါဘူးဗျာ၊ နောက်တစ်ခု ရှိသေး တယ်ဗျ။ ကျွန်တော်တို့ မြန်မာဂဏန်းတွေ ရေးတဲ့ အခါမှာ စည်းမျဉ်း ရှိတယ်ဗျ၊ ‘မျဉ်းအောက် မျဉ်းပေါ်’ ဆိုတာမျိုးပေါ့ဗျာ။ ဂဏန်းမှာ ‘ခေါင်း’ နဲ့ ‘အမြီး’ရှိတယ်။ ဥပမာ (၂) ဆိုပါတော့။ အမြီးဟာ မျဉ်းအောက်မှာ ရှိရမယ်။ ၃, ၄, ၅ တို့လည်း အဲသည်အတိုင်း

Future Publishing House

http://myanmarpyithar.net

မျဉ်းအောက်ကို ဆင်းရမယ်။ ၆, ကျတော့ အမြီးက အပေါ်မျဉ်းထိအောင် တက်ရမယ်။ '၇' နဲ့ '၉' ကျပြန်တော့ အောက်ပြန် ဆင်းသွားပြန်ရော။ အဲဒါကို ကလေးတွေ ကျေကျေညက်ညက် သိနေအောင်ကို သင်ပေးထားသင့်တယ်။ ငယ်ငယ်က မသင်ရခဲ့တော့ မော်တော်ကားနံပါတ် ရေးတဲ့သူတွေက '၂' တို့ '၇' တို့ ဆိုတာမျိုးတွေကို မျဉ်းပေါ်မှာ မတ်တတ်ကြီး တင်ထားလိုက်ရင် ခင်ဗျားတော့ဖြင့် မပြောတတ်ဘူး။ ကျွန်တော်ဖြင့် အလကားနေရင်း ဒေါသဖြစ်ချင်နေတော့တာပဲ။ သိပ်ကို မျက်စိဆင်းရဲတယ်ဗျာ"

"အေးဗျ ကျုပ်လည်း သတိထားမိပါတယ်။ ရန်ကုန်မှာ တချို့တိုက်ကြီး အိမ်ကြီးတွေမှာ အိမ်နံပါတ်ရေးထားတာ အဲဒီလို ကမောက်ကမ ဖြစ်နေလို့ရှိရင် ကျွန်တော့်စိတ်ထဲမှာ အိမ်ရှင်ကတော့ စာမတတ်ပေမတတ်နဲ့တူရဲ့လို့ အောက်မေ့သွားမိတတ်တာ အမှန်ပဲ"

"နောက်ပြီး ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်တို့ မြန်မာစာရေးရာမှာ အဆွဲအငင်မှန်ဖို့လည်း ကလေးတွေကို ငယ်ငယ်ကတည်းက လက်သားသေနေအောင် သင်ပေးထားမှဗျ။ ဥပမာဗျာ 'င' ဆိုရင် အထက်ကစပြီး လက်ဝဲရစ်ရေးတာ မှန်တယ်။



http://myanmarpyithar.net

ဒါပေမယ့် 'ငသတ်' (င်)ကျတော့ အောက်ကနေပြီး တစ်ဆက်တည်း ရေးလိုက်မှ အဆင်ပြေတာကိုး။ အဲဒါကို ဆရာဖြစ်သူက သင်မထားလေတော့ ကလေးတွေက 'င' ကို ရေးပြီးမှ အသတ်ကို ရေးလိုက်ရော၊ ဖြည်းဖြည်း တစ်လုံးချင်း ရေးရင်တော့ မသိသာဘူးပေါ့။ မြန်မြန်ဆွဲရေးလိုက်တော့ 'ဝ်' လို ဖြစ်သွားပါလေရော။ အဲဒီလို အဆွဲမှား အငင်မှားတာဟာ ဆရာ၊ ဆရာမတွေ ကိုယ်တိုင်ကကို ဂရုမစိုက်လို့၊ ဒါမှမဟုတ် သူတို့ကိုယ်တိုင်ကကို ဂရုမစိုက်လို့၊ ဒါမှမဟုတ် သူတို့ကိုယ်တိုင်ကကို ငယ်ငယ်က မသင်ခဲ့ရလို့ ထင်တာပဲ"

"ဟုတ်တယ်ဗျ၊ ကျုပ်လည်း ငယ်ငယ်က အမှတ်မထင် မှားခဲ့တာ ရှိခဲ့သေးတယ်။ 'ကို' လို တစ်ချောင်းငင် လုံးကြီးတင်စာလုံးမျိုးကို ရေးရင် လုံးကြီးတင်ကို စပြီးရေးတာမျိုးပေါ့"

"ဟုတ်တယ် ဟုတ်တယ် ဖြည်ဖြည်း ရေးရင်တော့ အကြောင်းမဟုတ်ဘူး။ မြန်မြန်ရေးလိုက်ရင်တော့ 'ကါ' လိုလို ဖြစ်သွားရော။ ကျုပ်က အဲဒါမျိုးတွေကို ပြောတာဗျ။ အဲဒါပါပဲဗျာ။ ကြုံလို့ရှိရင် ထည့်ပြီးရေးလိုက်စမ်းပါဗျာ"

(၂-၇-၁၉၉၈)

# ကံ့ကူလက်လှည့်ဆရာနှင့် တွေ့ဆုံခြင်း

ကံ့ကူလက်လှည့် ဆရာနှင့် တွေ့ဆုံခြင်း အကြောင်းကို မရေးမီ . . .

* * *

အခြားသော စာရေးဆရာများ နည်းတူ ကျွန်တော့်ဆောင်းပါးများနှင့် ပတ်သက်၍ ပရိသတ်၏ ချီးကျူးခြင်းကို လူကိုယ်တိုင်ရော စာနှင့်ပါ မကြာခဏ ခံယူရရှိဖူးခဲ့ပါသည်။ "ကံ့ကူလက်လှည့်" ဆောင်းပါးနှင့် ပတ်သက်၍ ချီးကျူးခံရခြင်းမှာ အတော်လေး ထူးခြားလှသောကြောင့် ရေးလိုက်ရပါဦးမည်။

ထိုဆောင်းပါးကို ကျွန်တော်ရေးခဲ့သည်မှာ အတော်လေးကြာခဲ့ပါပြီ။ စိတ်ကူးပေါက်နေသောကြောင့် ရေးလိုက်ပြီးသော်လည်း ဘယ်မဂ္ဂဇင်းတွင်မှ မထည့်ဖြစ်ခဲ့။ ကျွန်တော်ကလည်း ထိုစဉ်က ရှုမဝမှတစ်ပါး ဘယ်မဂ္ဂဇင်းတွင်မှ မရေးခဲ့သည့်အပြင် စာပေသဘော



http://myanmarpyithar.net

တရား၊ စာပေဆောင်းပါးသာလျှင် အရှိန်ရနေသော ကြောင့် မဆီမဆိုင် ကြားဖောက်ပြီး 'ကံ့ကူလက်လှည့်' ထည့်လိုက်ရမည်ကို လက်တွန့်နေမိသည်။ ရှုမဝ ကလည်း ဝန်လေးနေခဲ့သည်။ ထို့ကြောင့် ချောင်ထိုး ထားခဲ့မိသည်။

ထိုအချိန်တွင် 'ငါးန်ဖွန် အ. ထ. က' ငွေရတု စာစောင်အတွက် ဆောင်းပါးလာတောင်းရာတွင် အသင့်ရှိနေသော ထိုဆောင်းပါးကို ပေးလိုက်သည်။ သူတို့ကလည်း ဝမ်းမြောက်ဝမ်းသာ ယူသွားကြသည် ပေ့ါ။ သို့သော် ပရိသတ်နယ်ပယ်က ကျဉ်းလှသည်။ ကျွန်တော်တောင် ကိုယ့်ဆောင်းပါးကိုယ် ပြန်မဖတ် လိုက်ရဟု ထင်သည်။ နောက်ပိုင်းတွင်မှ အသစ်ထပ်ပြီး ရေးလိုက်ရခြင်း ဖြစ်သည်။

ထိုဆောင်းပါး ပါလာပြီးသည့်နောက် ရက်ပိုင်းကလေးအတွင်းမှာပင် "နေဝင်းမြင့်" နှင့် တွေ့သည်။ သူက . . .

"ကောင်းလိုက်တဲ့ 'ကံ့ကူလက်လှည့်' ဆရာ ရယ်။ ဆရာလုပ်သလိုမျိုး ကျွန်တော်သာ အကြိုက်ဆုံး ဆောင်းပါး ရွေးရမယ်ဆိုရင် 'ကံ့ကူလက်လှည့်' ကို ရွေးမိမှာပဲ" တဲ့။

သည်နောက် မကြာသေးမီမှာပင် ရန်ကုန်

တရုတ်တန်းဈေးဘက်တွင် ဟိုဆိုင်သည်ဆိုင် ကြည့်ရင်း ယောင်ပေယောင်ပေ လမ်းလျှောက်လာမိသည်။ ထိုစဉ်က ရန်ကုန်တွင် တရုတ်တန်းဈေးက လူအစည်ဆုံး၊ ပစ္စည်းအစုံဆုံးဖြစ်နေသည်။ ကျွန်တော့်ရှေ့သို့ လူငယ်တစ်ယောက် ရောက်လာခဲ့ပြီး . . .

"ဆရာကြီး ဦးအောင်သင်းပါလား ခင်ဗျား" တဲ့။

ကျွန်တော်က ဟုတ်ပါတယ် ပြောလိုက်တော့ . . .

"ကျွန်တော် ဆရာကြီးရဲ့ ကံ့ကူလက်လှည့် ဆောင်းပါးကို ဖတ်လိုက်ရပါတယ်ဆရာ။ ဆရာ့စာကို ဖတ်ပြီး မူလတန်းက ဆရာတွေကို လွမ်းတာရော ကျေးဇူးတင်တာရော ဖြစ်ပြီး ကျွန်တော် မျက်ရည်တောင် လည်မိပါတယ်ဆရာ။ အခု ကျွန်တော် ရေကျော်ဘက်ကို သွားမလို့ပါဆရာ။ ဘတ်စ်ကားပေါ်က လှမ်းပြီးမြင်လိုက်တော့ ဆရာကြီးဖြစ်မှာပဲ ဆိုပြီး ကားပေါ်က ဆင်းလာလိုက်တာပါ။ ဆရာကြီး ခဏလေးပါနော် ခဏလေးပါ"

ကျွန်တော်လည်း ဘာမှ မပြောလိုက်မိ၊ ခပ်ကြောင်ကြောင် ကြည့်နေလိုက်မိစဉ်မှာပင်၊ သူက ပလက်ဖောင်းဘေး ဆိုင်တစ်ဆိုင်က ကိတ်ခြောက်မုန့်



http://myanmarpyithar.net

တစ်ထုပ်ကို (ဆိုင်ရှင်ကို လက်ဟန်ခြေဟန်ပြ) ဆွဲလာခဲ့ပြီး ကျွန်တော့်ကို 'ဆရာကြီးရယ် လူတွေ ကျပ်နေလို့ မထိုင်ပါရစေနဲ့တော့' ဟု လက်အုပ်ချီပါသည်။ ကျွန်တော်လည်း သူကပေးသော ကိတ်ခြောက်ထုပ် ကလေးကို လက်ခံလိုက်ရပါသည်။ စဉ်းစားကြည့်ပေါ့ ခင်ဗျာ။ နှစ်ယောက်စလုံး ကယောင်ကတမ်းပါပဲ။ သို့သော်လည်း ကျွန်တော့်ပီတိကို စာဖတ်သူ နားလည်ပါလိမ့်မည်။ သူလည်း ကိတ်ခြောက်ထုပ်ဖိုးကို ဆိုင်ရှင်အား နောက်မှ ပြေးပြီး ပေးလိုက်သည်ကို တွေ့ရပါသည်။

အဲသည့်နောက် မကြာမီမှာပင် စာပေဝေဖန်ရေး ဆရာတစ်ဦးနှင့် တွေ့ရပြန်ပါသည်။ သူနှင့် ကျွန်တော်က အားလုံးသိကြသည့်အတိုင်း စာပေပဋိပက္ခသမားတွေ။ သူပြောပုံက . .

"ဦးအောင်သင်းရေ ကျုပ်နဲ့ ခင်ဗျားကတော့ အမြဲတမ်း ရန်ဖြစ်နေရမယ့်ပုံ ပေါ်နေပြီ"

"ဘာပြုလို့လဲဗျ"

"ကံ့ကူလက်လှည့်ကို ဖတ်ပြီးတော့ ကျုပ်က ကြိုက်လွန်းလို့ ဆောင်းပါးတစ်စောင် ရေးတယ်ဗျ။ မဂ္ဂဇင်းတစ်စောင်ကို 'အောင်သင်း ဆောင်းပါးအကြောင်းကို ရေးထားတယ်ဆိုတော့ ဝမ်းသာအားရ လက်ခံတယ်၊ နောက်မှ ခင်ဗျားဆောင်းပါးကို ချီးကျူး

ထားတာဆိုတော့ မထည့်ဘူးတဲ့ဗျာ။ ကဲ ဒီတော့ ခင်ဗျား နဲ့ ကျုပ်က အမြဲတမ်း ရန်ဖြစ်နေရတော့ မလိုပဲဗျ”

နောက်ပိုင်း သူနှင့်အကြောင်းဆုံ၍ တွေ့ကြပြန်တော့ ကျွန်တော်က “အဲဒီဆောင်းပါးကို ခင်ဗျား တကယ် ကြိုက်လား” ဟု သေချာအောင် ထပ်မေး လိုက်တော့ . . .

“ဦးအောင်သင်း အမှန်ပြောရရင် ကျုပ်က အလွန် စိတ်ထိခိုက်တတ်တယ်ဗျ။ ခင်ဗျားဆောင်းပါး ဖတ်လိုက်ရတော့ ကျုပ်မျက်ရည်ကျမိတယ်”

“ခင်ဗျား တကယ်ပြောနေတာလား”

“ဩော် ဦးအောင်သင်းရယ် ကျုပ်က ခင်ဗျား ကို ဟန်ဆောင်နေရမှာလား၊ ကျုပ်မှာ မျက်ရည်ဆိုတာ မဆည်နိုင်လောက်အောင်ကိုပဲ ကျလာလို့ မျက်ရည် သုတ်လို့ မနိုင်လောက်အောင်ပဲ ဖြစ်ခဲ့ရတယ်”

ဤသို့သော ချီးကျူးမှုကို ခံယူလိုက်ရတော့ ကျွန်တော်ကိုယ်တိုင်လည်း အလွန်ပီတိ ဖြစ်ခဲ့ရ ပါသည်။ သို့သော် ထိုထက်လွန်သော ပီတိကိုလည်း ရခဲ့ဖူးပါသည်။

ကျွန်တော်တို့ တောင်တွင်းကြီးက မိန်းကလေး တစ်ယောက်က (မိတ္ထီလာလားမသိ) ဆရာအတတ်သင် ကျောင်းကို သွားတက်သည်။ ကျောင်းအုပ် ဆရာကြီးက



http://myanmarpyithar.net

သူတို့တစ်တွေကို ဘယ်သူလဲ၊ ဘယ်မြို့ကလဲ စသည်ဖြင့် စကားစမြည် ပြောဆိုနှုတ်ခွန်းဆက်သည်ပေါ့။ သူက "တောင်တွင်းကြီးကပါ" လို့ ပြောပြလိုက်တော့ "ဟဲ့ တောင်တွင်းကြီးက ဆိုရင်ဖြင့် ဘာပြုလို့ စရိတ်ကုန်ခံပြီး ဒီမှာလာနေရသေးလဲ။ ညည်းတို့ တောင်တွင်းကြီးမှာ ကံ့ကူလက်လှည့်ဆရာ ဦးဉာဏ်စိန် ရှိတယ်မဟုတ်လား၊ သူ့ဆီသွားပြီး သင်တန်းတက်ရောပေါ့" ဟု ရယ်မောပြီး ပြောသည်ဆိုပဲ။ ထိုဆောင်းပါးကို စာကူးစက်လှည့်ပြီး မူလတန်းဆရာဖြစ် သင်တန်းသားများအားလုံးကို ဖတ်ကြစေကြောင်း မူလတန်း ဆရာမလေးတစ်ယောက်က ပြောပြဖူးပါသည်။

ကျွန်တော် အလွန်ဝမ်းသာမိပါသည်။ ကံ့ကူလက်လှည့် ကာယကံရှင် ဆရာဦးဉာဏ်စိန်ကတော့ ပိုလို့ပင် ပီတိဖြစ်ရှာပါလိမ့်မည်။ ၁၉၉၆ လောက်တွင် ဦးဉာဏ်စိန် ကွယ်လွန်သွားခဲ့ပါသည်။ သူ မကွယ်လွန်မီ (၂)နှစ်လောက်တွင် သူနှင့်ကျွန်တော် အေးအေးဆေးဆေး စကားပြောဖြစ်ခဲ့သေးသည်။ ထိုအကြောင်းများကို ကျွန်တော်ရေးဦးမည်ဟု စိတ်ကူးခဲ့သေးသည်။ မရေးဖြစ်ခဲ့။ ယခုမှ ရေးလိုက်ရပါသည်။

# စာသင်ခြင်းနှင့် စိတ်သင်ခြင်း (၁)

စာပေဆောင်းပါးများကို ရေးလေ့ရှိသောကြောင့် စာရေးဆရာ တစ်ယောက်အဖြစ် အတန်အသင့် နာမည်ပေါက်နေသည် မှန်သော်လည်း စင်စစ်အားဖြင့် ကျွန်တော်၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာ ကျောင်းဆရာသာလျှင်ဖြစ်ပါသည်။

ကျောင်းဆရာဆိုရာ၌ပင်လျှင် (အခါအားလျော်စွာ အင်္ဂလိပ်စာ စသည်တို့ကို သင်ကြားပေးခဲ့ရသည့်တိုင်အောင်) ပဓာနအားဖြင့် မြန်မာစာကိုသာလျှင် သင်ပေးရလေ့ရှိပါသည်။ မြန်မာစာကိုမူကား ဆယ်တန်းမှစ၍ တက္ကသိုလ်တန်းကုန် မဟာဝိဇ္ဇာတန်းထိအောင် သင်ပေးရတတ်သည်။ တစ်ခါတစ်ရံ မလွှဲမရှောင်သာသော မိဘများ၏ ပူဆာမှုကြောင့် ရှစ်တန်းကျောင်းသားငယ်လေးများကိုပင် ဆင်းပြီးသင်ပေးရတတ်သောကြောင့် မြန်မာစာပြဆရာ တစ်ယောက်



http://myanmarpyithar.net

အနေဖြင့် အတော်လေး အတွေ့အကြုံကြီးမားသူ တစ်ယောက် ဖြစ်သည်ဟု ဆိုနိုင်ပါလိမ့်မည်။

'မြန်မာစာသင်သည်' ဆိုခြင်းမှာ ဘာသာစကား သင်ကြားမှုဖြစ်သည်ဟု အကြမ်းအားဖြင့် ဆိုနိုင်ပါသည်။ ဘာသာစကား သင်ကြားမှု၏ အခြေခံသဘောများကို စူးစမ်းကြည့်လိုက်မည်ဆိုလျှင် 'နားထောင်၊ ပြော၊ ဖတ်၊ ရေး' သင်ကြားမှုပင်ဖြစ်ပါသည်။ သူတစ်ပါးပြောသည်ကို နားလည်ခြင်း၊ ကိုယ်ကလည်း ပြောတတ်ခြင်း၊ သူတစ်ပါးရေးသည်ကို ဖတ်တတ်ခြင်း၊ ကိုယ်ပြောလိုသည်ကို သူတစ်ပါး နားလည်အောင် ရေးပြတတ်ခြင်းတို့သည် ဘာသာစကား သင်ကြားမှု၏ ရည်ရွယ်ချက်များဖြစ်ပါသည်။

ကျွန်တော့်အဖို့ နိုင်ငံခြားသားများ (အထူးသဖြင့် အင်္ဂလိပ်လူမျိုးများ) ကိုလည်း မြန်မာစာ၊ မြန်မာစကားကို သင်ပေးခဲ့ဖူးသည်ဖြစ်ရာ ထို "နားထောင်၊ ပြော၊ ဖတ်၊ ရေး" ကိုသာ ပဓာနထားပြီး သင်ကြားပေးရပါသည်။

သို့သော် မြန်မာကျောင်းသားငယ်ကလေးများကို မြန်မာစာ သင်ကြားပေးရာတွင်ကား သာမန်ဘာသာစကား သင်ကြားမှုမျိုးလောက်မျှသာ မဟုတ်တော့သည်ကို တွေ့လာရပါသည်။ ထို့ကြောင့်

ဤဆောင်းပါးကို "စာသင်ခြင်းနှင့် စိတ်သင်ခြင်း" ဟု ခေါင်းစဉ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော် မြန်မာစာသင်ပေးသည်မှာ များသောအားဖြင့် ဆယ်တန်းနှင့် တက္ကသိုလ် အဆင့်များ ဖြစ်ပါသည်။ ယခုနောက်ပိုင်းတွင်ကား ဆယ်တန်း ကျောင်းသားများကို သင်ပေးရသည်က ပိုလို့ပင် များနေပါသည်။

"ဆယ်တန်း ကျောင်းသားတွေကို မြန်မာစာ သင်ပေးသည်" ဟု ဆိုလိုက်တော့ "ဘာသာစကား သင်ကြားမှုဖြစ်သည့် နားထောင်၊ ပြော၊ ဖတ်၊ ရေး" ဟူသော သာမန်လုပ်ငန်း (နိုင်ငံခြားသား လူကြီးများကို မြန်မာဘာသာစကား သင်ကြားမှုလုပ်ငန်းမျိုး) မဟုတ် တော့ကြောင်းကို စာဖတ်သူ ချက်ချင်း ရိပ်စားမိနိုင် ပါသည်။

ဆယ်တန်းအဆင့်သို့ ရောက်လာပြီဆိုလျှင် အနည်းဆုံးအသက် ဆယ့်ခြောက်နှစ်လောက်တော့ ရှိနေကြပြီ ဖြစ်သောကြောင့် သူများပြောသော မြန်မာ စကားကိုလည်း ကောင်းစွာနားလည်ကြပါပြီ။ ကိုယ်တိုင် လည်း (မွတ်နေအောင်) ပြောတတ်ကြပါပြီ။ သူများ ရေးသောစာကိုလည်း ဖတ်နိုင်ကြပါပြီ။ ကိုယ်တိုင်လည်း ထိုက်သင့်အားလျော်စွာ ရေးသားနိုင်ကြပါပြီ။

သို့သော် ကျွန်တော်တင်ပြမည့် ကျွန်တော့် အတွေ့အကြုံကလေးများကိုလည်း ဖတ်ကြည့်ကြစေချင်သေးပါသည်။

ဤအတွေ့အကြုံ ဤသင်ကြားမှုမျိုးကို နှစ်စမှ နှစ်ဆုံး အေးအေးဆေးဆေး သင်ကြားခွင့်ရသော ကျောင်းသားတိုင်းကို သင်ပေးခဲ့လေ့ရှိပါသည်။ (စာမေးပွဲဖြေရန်အတွက် ဖုတ်ပူမီးတိုက် သင်တန်းများတွင်ကား ထိုသင်နည်းကို အသုံးချလေ့ကျင့်ပေးရန် မဖြစ်နိုင်ပါ။)

အမှတ်မထင် သတိရမိလိုက်၍ ပြောသည့် ဟန်ဖြင့် ကျောင်းသားများကို ပုံပြင်ကလေးတစ်ခု ပြောပြလိုက်ပါသည်။ ပြောသောအခါတွင်လည်း သာမန် ပြောသောနည်းမျိုး မဟုတ်ဘဲ (တမင်) ချဲ့ချဲ့ထွင်ထွင် သိုင်းသိုင်းဝိုင်းဝိုင်းကလေး ဖွဲ့ပြီး ပြောလိုက်ပါသည်။ ပုံပြင်ကလေးက . . .

တစ်ခါတုန်းက လူတစ်ယောက်ရှိတယ်။ ဒီလူက သူ့မိတ်ဆွေ အပေါင်းအသင်းတွေကို "ဘယ်လို ကိစ္စ၊ ဘယ်လို နေရာမျိုးမှာမဆို ရှာတတ်၊ မြင်တတ်ရင် ကောင်းတဲ့အကွက်လေးတစ်ခုကိုတော့ တွေ့ရတာချည်းပါပဲ" လို့ ပြောလေ့ရှိတယ်။ ဒါက သူ မကြာခဏ ပြောလေ့ဆိုထရှိတဲ့ လက်သုံးစကားပေါ့ကွာ။ ဘယ်သူ



http://myanmarpyithar.net

ဘာဖြစ်တယ်၊ ဘယ်လိုဒုက္ခရောက်တယ်၊ ဘာညာ ဆိုရင်လည်း သူက "ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ကိုယ်က ကြည့်တတ်၊ မြင်တတ်၊ ရှာတတ်၊ ဖွေတတ်ရင် ကောင်းတဲ့အကွက်ကလေး တစ်ခုတော့ တွေ့မှာပါပဲ" လို့ ပြောတတ်သတဲ့။ မိတ်ဆွေအပေါင်းအသင်းတွေ ကလည်း သူ့ရဲ့လက်သုံးစကားကို မကြာခဏ ကြားနေ ရတော့ မှတ်မိနေတာပေါ့။

အဲဒါနဲ့ တစ်နေ့မှာတော့ အဲဒီလူဟာ မော်တော်ကား တိုက်လိုက်မိလို့ ဆေးရုံရောက်သွား ရတယ်။ ကံဆိုးချင်တော့ မမျှော်လင့်ဘဲ ခြေထောက် တစ်ဖက်ကို ဖြတ်ပစ်လိုက်ရတယ်။ သူ့အပေါင်း အသင်းတွေကလည်း သူ့အတွက် စိတ်မကောင်းကြ ဘူးပေါ့။ အဲဒါနဲ့ပဲ ကိတ်မုန့်လေးတွေ၊ စပျစ်သီးလေး တွေလို စားစရာလေးတွေနဲ့ သူ့ကို လူမမာ သွားမေး ကြတာပေါ့။ ခြေထောက်တစ်ဖက် ဖြတ်ပစ်လိုက်ရ ပေမယ့် လူကတော့ နေကောင်းထိုင်သာ ရှိနေတာပါပဲ။ သူကလည်း အလွန်အမင်း စိတ်ထိခိုက်တဲ့ အမူအရာမျိုး မရှိပါဘူး။

ဒါနဲ့ပဲ ပြန်ခါနီးကျတော့ သူ့မိတ်ဆွေ တစ်ယောက်က သူ့လက်သုံးစကားကို သွားပြီး သတိ ရမိတာနဲ့ "သူငယ်ချင်းရယ်၊ မင်းက ဘယ်ကိစ္စ ဘယ်



http://myanmarpyithar.net

နေရာမှာမဆို ကြည့်တတ်၊ မြင်တတ်၊ ရှာတတ်၊ ဖွေတတ်ရင် ကောင်းတဲ့အကွက်ကလေး တစ်ခုတော့ တွေ့ရစမြဲပါလို့ ပြောလေ့ရှိတယ်။ မင်းမှာ ခုလို မော်တော်ကား တိုက်မိတဲ့အတွက် ခြေထောက် တစ်ဖက်ကို ဖြတ်ပစ်လိုက်ရတော့ ကောင်းတဲ့ အကွက် ရယ်လို့ တွေ့နိုင်ပါဦးမလား" လို့ မေးလိုက်တယ်။ အဲဒီ တော့ သူက ဘာပြန်ပြော လိုက်သလဲဆိုရင် "ကောင်း ကွက်ကလေး တစ်ခုတော့ ရှိတာပါပဲ။ ခုဆိုရင် ငါ့အဖို့ ဖိနပ်တစ်ဖက် အတိုက်ရ သက်သာသွားတာ ပေါ့ကွာ" တဲ့။

"ကဲ . . မင်းတို့ ခုပြောလိုက်တဲ့ ပုံပြင်ကို နားလည်ကြတယ် မဟုတ်လား။ အဲဒါကို အတိုဆုံးနဲ့ လိုရင်းအချက်တွေ ပါအောင် ပြန်ပြီးရေးကြစမ်း၊ မင်းတို့ စိတ်ထဲမှာ ကိုက်ညီသင့်လျော်မယ်ထင်တဲ့ ခေါင်းစဉ် ကလေးတစ်ခုကိုလည်း တပ်ပေးရမယ်။ အတိုဆုံး ရေးရ မယ်နော်။ ကြားလား . . ကဲ . . ရေးကြ"

* * * * *

အမှတ်မထင် ပုံပြင်ကို နားထောင်နေကြ သော ကျောင်းသားများမှာ "ပြန်ရေးကြစမ်း" ဟူသော စကားကို ကြားလိုက်ရသောအခါ အကုန်လုံး "ဟာ . . . ဟင်" နှင့် ပြူးပြူးပျာပျာ ဖြစ်ကုန်ကြပါသည်။



http://myanmarpyithar.net

ဤသို့ တောင်ကိုင်ရမလို မြောက်ကိုင်ရမလို၊ ရယ်ရမလို ငိုရမလို ဖြစ်ကုန်တတ်ကြသည်မှာ တစ်ခါတလေမျှသာ မဟုတ်ပါ။ ထိုလေ့ကျင့်ခန်းကို စမ်းသပ်တိုင်း ဤသို့နှင့်နှင့်ချည်း ဖြစ်ကြပါသည်။

မိန်းကလေးများကတော့ ငိုမလိုလို ခွဲသလိုလိုနှင့် ဇွတ်အတင်း တစ်ခေါက်ထပ်ပြီး ပြောခိုင်းကြပါသည်။ ယောက်ျားလေးများကတော့ ဘာမှ မပြောကြပေမယ့် မိန်းကလေးများ၏ တောင်းဆိုချက်ကို ဆရာက လိုက်လျောပါစေဟူသော မျှော်လင့်ချက်ကလေးနှင့် စောင့်နေတတ်ကြပါသည်။

ထို့ကြောင့် နောက်တစ်ခေါက်ထပ်ပြီး ပြောရတတ်စမြဲဖြစ်ပါသည်။ ကျွန်တော်က မပြောဘူးဟု ဇွတ်တင်းထားလိုက်လျှင် မရေးတတ်တော့ဘူးဟု ဇွတ်ပေခံနေသည်ကိုပင် တွေ့ရဖူးပါသည်။

* * * * *

အထက်ပါသာဓကကို ကြည့်လိုက်မည်ဆိုလျှင် သူတို့တစ်တွေ မြန်မာစကားကို နားမလည်၍ မဟုတ်၊ မြန်မာစာကို မရေးတတ်၍ မဟုတ်၊ နားမထောင်တတ်သောကြောင့်သာ မရလိုက်ခြင်းဖြစ်ကြောင်း သိသာနေပါသည်။

နောက်တစ်ခေါက်ထပ်ပြီး ပြောလိုက်သော



http://myanmarpyithar.net

အခါတွင်ကား သူတို့တစ်တွေ သေချာနားထောင်ကြ ပါသည်။ တချို့ မိန်းကလေးများကတော့ (ကျွန်တော် တားမြစ်နေသည့်ကြားကပင်) ခိုးကြောင်ခိုးဝှက် ခဲတံ ကလေးနှင့် တို့ကာတေးကာ မှတ်ချင်တတ်ကြပါသေး သည်။ ထိုကဲ့သို့ တစ်ခါထပ်ပြီး သေချာနားထောင် ပါလျက်နှင့်ပင် **"နားမထောင်တတ်"** သောကြောင့် မည်သို့သော ချွတ်ယွင်းမှုများ ပေါ်ပေါက်လာရသည်ကို သူတို့အရေးအသားတွင် တွေ့ကြရပါဦးမည်။

ပထမဆုံးခေါင်းစဉ်နှင့် ပတ်သက်ပြီး ပြောလို ပါသည်။

ခေါင်းစဉ်တပ်ပေးရန် ခိုင်းလိုက်သည့် ရည်ရွယ်ချက်က ပုံပြင်၏အနှစ်သာရကို ရှာတတ်စေ ရန်နှင့် ထိုအာဘော်ကို အတိုဆုံး ပြန်ပြောတတ်စေရန် ဖြစ်ပါသည်။

စာဖတ်သူကတော့ ပုံပြင်ကိုရော၊ ပုံပြင်၏ အာဘော်ကိုရော ကောင်းစွာနားလည်နေပါပြီ။ သူတို့ ပေးထားသော ခေါင်းစဉ်များကိုကြည့်ပြီး သူတို့ တစ်တွေ၏ စွမ်းရည်ကို မှန်းဆနိုင်လောက်ပါသည်။ သူတို့ခေါင်းစဉ်တွေက (၁) ခြေတစ်ဖက် ဖြတ်လိုက်ရသူ (၂) ကောင်းကွက်ကလေးတစ်ခု (၃) အပြောနှင့် အလုပ် (၄) ကံဆိုးကံကောင်း (၅) အကောင်းမြင်

သမား (၆) အဆိုးထဲကအကောင်း စသည်တို့ကဲ့သို့သော ခေါင်းစဉ်မျိုးတွေ ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဒီထဲကပင် ခွတီးခွကျနိုင်သော ခေါင်းစဉ်မျိုးတွေ ပါလာတတ်ပါသည်။

စာဖတ်သူက ကျွန်တော့်နေရာမှာ ရောက်နေပြီး ဆရာတစ်ယောက်အနေနဲ့ အကောင်းဆုံးခေါင်းစဉ်ကို ရွေးချယ်ပါဆိုလျှင် မည်သည့်ခေါင်းစဉ်ကို ရွေးချယ်ပါမည်နည်း။ ခေါင်းစဉ်အတွက် အမှတ်ပြည့် (၁၀) မှတ် ပေးသည်ဆိုလျှင် အောင်မှတ်က (၄) မှတ်ဖြစ်ပါသည်။ ထိုခေါင်းစဉ်များအတွက် သင့်လျော်သော အမှတ်များကို ပေးပါဟုဆိုလျှင် မည်သည့်အမှတ်များကို ပေးပါမည်နည်း။

ထိုသို့မဟုတ်ဘဲ စာဖတ်သူက ဌာနကြီးတစ်ခု၏ အကြီးအကဲတစ်ယောက် ဖြစ်နေပြီဆိုကြပါစို့။ သူတို့အထဲက နှစ်ယောက်ကို ရွေးချယ်အလုပ်ခန့်ထားရမည်ဆိုပါလျှင် မည်သူတို့ကို ရွေးချယ်ခန့်ထားပါမည်လဲ။ စဉ်းစားကြည့်စေချင်ပါသည်။ သူတို့ပြန်လည်ရေးသားသော ပုံပြင်တို့ကို ကြည့်စေချင်ပါသေးသည်။

**ကျောင်းသား (၁)**

*တစ်ခါတုန်းက လူတစ်ယောက်ရှိတယ်။ အဲဒီလူက ဘယ်နေရာမှာမဆို ကောင်းတဲ့နေရာတော့*

*ရှိတာချည်းပါပဲလို့ ပြောလေ့ရှိတယ်။ တစ်နေ့မှာ သူဟာ မော်တော်ကားနင်းမိလို့ ခြေထောက်တစ်ဖက် ကျိုးသွားတယ်။ သူဆေးရုံတက်နေစဉ်မှာ သူငယ်ချင်းတွေက သူ့အတွက် ပန်းသီးတို့ ငှက်ပျောသီးတို့လို စားစရာတွေ ယူသွားပြီး လူမမာသွားမေးကြတယ်။ သူကတော့ ဘာမှစိတ်မညစ်ပါဘူး။ သူငယ်ချင်းတွေက 'ဘယ်နေရာမှာမဆို ကောင်းတဲ့နေရာရှိတယ်ဆို၊ ဒီလိုဖြစ်လာတာမှာကော ကောင်းနိုင်သေးရဲ့လား' လို့ မေးကြတယ်။ ဒီတော့ သူက 'ဘာပြုလို့ မကောင်းရမှာလဲ။ ခုဆိုရင် ငါဟာ ဖိနပ်တစ်ဖက်ပဲ စီးရတော့မယ်' လို့ ပြန်ပြောလိုက်တယ်။*

ကျွန်တော်ပုံပြင်ကို ပြောခဲ့စဉ်က 'ဘယ်နေရာဘယ်ကိစ္စမဆိုရှာတတ်၊ ကြည့်တတ်ရင် ကောင်းတဲ့အကွက်ကလေး တစ်ခုကိုတော့တွေ့ရတာချည်းပါပဲ' ဟု ပြောခဲ့ပါသည်။ သူတို့သတိပြုမိအောင် သုံးနေရာသွင်းပြီး ပြောခဲ့ပါသည်။

ယခု ကျောင်းသားရေးထားသည်က 'ဘယ်နေရာမဆို ကောင်းတဲ့နေရာဟု ရေးထားပါသည်။ လုံးဝမှားယွင်းနေသည်ဟု မဆိုသာသော်လည်း အလွန်ဝေဝါးသောစကားဟု ဆိုနိုင်ပါသည်။ ကျောင်းသားကိုယ်တိုင်က တိကျပြတ်သားစွာ နားထောင် ယူငင်



http://myanmarpyithar.net

တတ်မှု မရှိသောကြောင့် ဖြစ်ပါသည်။ အသိမရှင်း၍ အတွေးမရှင်း၊ အတွေးမရှင်း၍ အရေးမရှင်းသည့် သဘောပင် ဖြစ်ပါသည်။

ကျွန်တော်ပြောခဲ့သည်က "ခြေထောက် တစ်ဖက်ကို ဖြတ်ပစ်လိုက်ရသည်"။ သူရေးလိုက်သည်က "ခြေထောက်တစ်ဖက် ကျိုးသွားသည်"၊ ဤအမှားကတော့ အတော်လေးကို အရေးကြီးပါသည်။ ခြေထောက် ကျိုးရုံမျှသာဆိုလျှင် ဖိနပ်မစီးနိုင်စရာ အကြောင်းမရှိပါ။ ထို့ကြောင့် ပုံပြင်အဆုံးသတ်နှင့် ပုံပြင် အာဘော်တို့ကို ဖျက်ဆီးပစ်လိုက်သလို ဖြစ်သွားပါသည်။ ကျိုးကြောင်း ချိတ်ဆက်စကားတို့၏ အနက်ကို မသိကြောင်း ထင်ရှားနေပါသည်။

စပျစ်သီးများကို လူမမာမေးရန် ယူသွားကြောင်း ကျွန်တော်ထည့်ပြောခဲ့သည်။ ဤအချက်မှာ ပုံပြင်အတွက် အရေးကြီးလှသည် မဟုတ်ပါ။ အတိုချုံးရေးတော့မည်ဆိုလျှင် ဤသို့သော အရေးမပါသည့် အချက်များကို ချန်ထားခဲ့တတ်ရပါမည်။ အရေးပါသောအချက်တို့ကို ခွဲခြားသိရှိနိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။

ကျွန်တော်ပြောခဲ့သည်က 'ငါ့အဖို့ ဖိနပ် တစ်ဖက် အတိုက်ရ သက်သာသွားတာပေါ့' ဟူ၍



http://myanmarpyithar.net

ဖြစ်ပါသည်။ ကျောင်းသားက 'ဖိနပ်တစ်ဖက်ပဲ စီးရ တော့မယ်' ဟု ရေးလိုက်သည်။ ကျွန်တော်၏မူရင်း ပုံပြင်ထဲက စကားလောက် လေးနက်မှုမရှိသည့်ပြင် အဓိပ္ပာယ် ရွေ့လျားသွားနိုင်ပါသေးသည်။ 'ဖိနပ် တစ်ဖက်ပဲ စီးရတော့မယ်' ဟူသောစကားမှာ ပြောသူ၏ လေသံဟန်ပန်ကိုလိုက်၍ ဝမ်းသာ၍ ပြောသော စကားလည်း ဖြစ်နိုင်သည်။ ဝမ်းနည်း၍ ပြောသော စကားလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် အကောင်းဘက် က မြင်ခြင်းဖြစ်နိုင်သကဲ့သို့ အဆိုးဘက်ကမြင်ခြင်း လည်း ဖြစ်နိုင်သည်။

ကျောင်းသားလေ့ကျင့်ခန်း ဖြစ်သောကြောင့် 'ပြောဟန်' နှင့်မရေးဘဲ 'ရေးဟန်' ကိုသာ အသုံးပြု ရမည်ဖြစ်ပါသည်။ သို့သော် ထိုအချက်ကတော့ အရေး မကြီးလှပါ။ အရေးကြီးသည်က အရေးကြီးသည့် အချက်များနှင့် အရေးကြီးသည့် စကားလုံးများကို ရအောင်ယူ၍ ပါအောင် မရေးတတ်ခြင်းပင် ဖြစ်ပါသည်။

ဤကျောင်းသားသည် မြန်မာဘာသာစကား ကို ကောင်းစွာပြောနိုင်၊ ရေးနိုင်၊ နားလည်နိုင် နေပြီဖြစ်ပါသည်။ တစ်နည်းအားဖြင့် နားထောင်၊ ပြော၊ ဖတ်၊ ရေးနိုင်စွမ်း ရှိနေပါပြီ။ ဤအမှားမျိုးတွေ ပါလာ ခြင်းမှာ ဘာသာစကားကျွမ်းကျင်မှု နည်းပါးခြင်း



http://myanmarpyithar.net

ကြောင့်သာ ဖြစ်သည်ဟုဆိုရပါမည်။ သူ့စိတ်ကို သင်ကြားလေ့ကျင့်ပေးရန် များစွာလိုအပ်နေပြီဟု ဆိုနိုင်ပါသည်။

နောက်တစ်ယောက်ကို ကြည့်ပါဦး . . .

## ကျောင်းသား (၂)

*တစ်ခါက လူတစ်ယောက်သည် 'ဘယ်လို နေရာမျိုးမှာပဲဖြစ်ဖြစ်၊ မြင်တတ်ရင် ကောင်းတာ တစ်ခု ကိုတော့ တွေ့နိုင်တာပါပဲ' ဟု ပြောလေ့ရှိသည်။ တစ်နေ့တွင် မော်တော်ကားပေါ်က လိမ့်ကျလို့ ခြေထောက်တစ်ဖက် ဖြတ်ပစ်လိုက်ရသည်။ သူ၏ သူငယ်ချင်းများက ထိုကဲ့သို့ ခြေထောက်တစ်ဖက် ဖြတ်ပစ်လိုက်ရသည်မှာကော ကောင်းနိုင်သေးရဲ့လား ဟု မေးကြရာ သူက "ကောင်းတာပေါ့၊ ခုဆိုရင် ငါဟာ ဖိနပ်တစ်ဖက်ပဲ တပ်ရတော့မယ်" ဟု ပြန်ပြောလိုက် လေသည်။*

ဤကျောင်းသားကတော့ 'ကားပေါ်က လိမ့်ကျလို့' ဟုရေးလိုက်ပြန်ပါသည်။ ဤသို့သော အမှားမျိုးမှာတော့ မဆန်းတော့ပါ။ တစ်ယောက် တစ်မျိုးစီ မှားနေတတ်ကြသည်သာ ဖြစ်ပါသည်။ ထူးခြားသည်မှာ 'ဖိနပ်တစ်ဖက်ပဲ တပ်' ဟူသော



http://myanmarpyithar.net

စကားပင်ဖြစ်ပါသည်။ ငါကပဲ 'တိုက်' နဲ့ 'တပ်' မကွဲ မပြား ရွတ်မိလေရော့သလားဟု ဇဝေဇဝါ ဖြစ်သော ကြောင့် နောက်အကြိမ်များတွင် သေချာပီပီသသ ရွတ်ဆိုရုံမျှမက လက်ဟန်ခြေဟန်နှင့် ဖိနပ်တိုက်ပုံပင် လုပ်ပြလိုက်တတ်ပါသေးသည်။ သို့ပါလျက်နှင့် 'တပ်' ဟု ရေးသူတစ်ယောက်တလေ ပါလာစမြဲမို့ အံ့သြနေရ ပါသည်။

မြန်မာကလေးများ ဖြစ်ကြသည့်အတိုင်း ရှူး ဖိနပ်နှင့်အကျွမ်းတဝင် မရှိလှသောကြောင့် ဖိနပ်ကြီး တပ်ရသည်ကို လှမ်းပြီးမြင်ယောင် သွားကြလေရော့ သလားဟု အောက်မေ့ရပါတော့သည်။

## ကျောင်းသား (၃)

*'ဘယ်နေရာဘယ်ကိစ္စမျိုးမှာမဆို ရှာတတ်၊ ကြည့်တတ်ရင် ကောင်းကွက်တစ်ခုတော့ တွေ့ရစမြဲ ပါပဲ' ဟု ပြောလေ့ရှိ သော လူတစ်ယောက် ကားတိုက် ခံရ၍ ခြေတစ်ဖက်ကို ဖြတ်ပစ်လိုက်ရသောအခါ သူ့ မိတ်ဆွေများက ဤကိစ္စတွင်ကောင်းကွက် တွေ့နိုင်ပါ သေးသလားဟု မေးကြရာတွင် ထိုသူပြန်ဖြေလိုက် သည်မှာ 'ဖိနပ်တစ်ဖက် အတိုက်ရသက်သာသွား တာပေါ့' ဟူသတည်း။*



http://myanmarpyithar.net

ထိုကျောင်းသား၏ ရေးသားဖြေဆိုချက်ကို ဖတ်လိုက်ရသောအခါ ကျွန်တော့မှာ ဤသို့သော ကျောင်းသားမျိုးလည်း ရှိပါသေးကလားဟု အံ့သြဝမ်းမြောက်ခြင်း ဖြစ်မိပါသည်။ ကျွန်တော်ကိုယ်တိုင် ရေးရလျှင်လည်း သူ့ထက်ကောင်းအောင်ရေးနိုင်ဖို့ အတော်ခက်သည်ဟု ထင်လိုက်မိပါသည်။

ဤစမ်းသပ်မှုမျိုးကို ကျောင်းသား (၅) ယောက်စု၊ (၆) ယောက်စု စသည်အားဖြင့် တစ်ရာကျော်ခန့်အား စမ်းသပ်ခဲ့ဖူးရာ အထက်ပါအဖြေမျိုးကို ရေးနိုင်သူ ကျောင်းသား တစ်ယောက်သာလျှင် တွေ့ခဲ့ဖူးပါသည်။ တစ်နည်းအားဖြင့် တစ်ရာမှာတစ်ယောက်လောက်သာ ရှားရှားပါးပါး တွေ့ရနိုင်သော ကျောင်းသားမျိုးဖြစ်သည်ဟု ဆိုရပါမည်။

ကျွန်တော်၏ဆောင်းပါး အတန်အသင့်အားဖြင့် ရှည်လျားနေတော့မည်ကို ကျွန်တော် သိနေပါသည်။ သည်းခံပြီးဖတ်ရန် တောင်းပန်ပါသည်။

နောက်ပုံပြင်တစ်ခုကို တစ်ဆင့်တက်ပြီး စမ်းသပ် လေ့ကျင့်ကြည့်ပြန်ပါသည်။ ပထမပုံပြင်ထက် အနည်းငယ်ပို၍ ခက်ရာခက်ဆစ်ကလေး ပါလာသည်ကို စာဖတ်သူသတိပြုမိပါလိမ့်မည်။ ကျွန်တော့်မှာ ပုံပြင်များ စဉ်းစားရွေးချယ်ရသည်ကလည်း သိပ်တော့

မလွယ်လှပါ။ အများသူငါ ကြားဖူးနားဝ ရှိနေပြီးသား ပုံပြင်လည်း မဖြစ်ရလေအောင် သတိပြုရပါသေးသည်။ သူတို့သိပြီးသား ဖြစ်နေလျှင် ကျွန်တော်ပြောသည်ကို နားထောင်ပြီး ပြန်ရေးခြင်း မဟုတ်နိုင်တော့ဘဲ ယခင်ကတည်းက သိပြီးပြန်ရေးသည်ဖြစ်သောကြောင့် သူတို့ နားထောင်မှုစွမ်းရည်ကို အကဲဖြတ်ရန် ခက်သွားမည် ဖြစ်ပါသည်။ ဒုတိယပုံပြင် ကလေးက . . .

"တစ်ခါတုန်းက သူဌေးကြီး တစ်ယောက် ရှိတယ်။ သူ့မှာလည်း တစ်ဦးတည်းသော သမီးလေး တစ်ယောက်ရှိတယ်။ ဒီသမီးလေးက ရုပ်ကလေးက လည်းချော၊ အပြောအဆို အနေအထိုင်ကလေး ကလည်း လိမ္မာရေးခြားရှိပြန်လေတော့ သူ့ကို လက်ဆက်ချင်တဲ့သူတွေကလည်း တစ်ပုံတစ်ပင်ကြီး ပေါ့။ သူဌေးကြီးကလည်း သူ့သမီးငယ်လေးအဖို့ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေဆိုတာမျိုးတွေက ပြည့်ပြည့် စုံစုံရှိနေတာမို့ သူဌေးသား၊ အရာရှိအရာခံဆိုတာတွေ ဘာတွေထက် ဉာဏ်ပညာရှိတဲ့ သူနဲ့သာပေးစားချင်ရှာ တယ်။ ဉာဏ်ပညာဆိုတာကလည်း စာပေကျမ်းဂန် တွေကို အလွတ်အာရုံရွတ်နိုင်ရုံနဲ့ ပြီးတာမှမဟုတ်ပဲ ကိုး။ ဒီတော့ ဉာဏ်ပညာရှိသူကို ဘယ်လိုရွေးရပါမလဲ ဆိုတာ အမျိုးမျိုးကြံစည် စဉ်းစားနေမိသတဲ့။



http://myanmarpyithar.net

"ဒါနဲ့ပဲ အကြံရပြီးတော့ တစ်နေ့မှာ လူ့ချီး (ချေး)အရသာကို တိတိကျကျပြောပြနိုင်သူနဲ့ သူ့သမီးကို လက်ဆက်ပေးမယ်လို့ ကြေငြာလိုက်သတဲ့။ ဒီစကားကြောင့် တစ်မြို့လုံးမှာ အုတ်အော်သောင်းတင်း ဖြစ်သွားတာပေ့ါ။ သူဌေးသမီးကို လိုချင်တာကြောင့် ကာလသားတွေက ချီး(ချေး)ကို လက်တွေ့မြည်းစား ကြည့်တဲ့သူတွေလည်း တစ်ပုံကြီးပေ့ါ။ (မင်းတို့လို ကောင်မျိုးတွေရှိမှာပေ့ါကွာ။) သူတို့က သူဌေးကြီးဆီသွားကြ။ သူတို့ ချေးအရသာကို ကောင်းစွာပြောနိုင်ကြောင်း တင်ပြကြပေ့ါ။ ဒီအခါမှာ သူဌေးကြီးက 'မောင်ရင်က ဘယ်လိုလုပ်ပြီး သိပါသလဲ' လို့ မေးလိုက်တော့ 'ကျွန်တော်ကိုယ်တိုင်မြည်းကြည့်ပြီး ပြောတာပါ' လို့ ဖြေကြတာပေ့ါ။ ဒီတော့ သူဌေးကြီးက 'ကောင်းပါပြီမောင်ရင် ခဏတော့စောင့်လိုက်ပါဦး၊ တခြားပြိုင်ဘက်ဝင်နေသူတွေကိုလည်း မေးကြည့်ရပါဦးမယ်' စသည်ဖြင့် ကောင်းအောင် ကြည့်ပြောလွှတ် လိုက်ရတာပေ့ါ။

'အဲဒါနဲ့ တစ်နေ့မှာတော့ လုလင်ပျို တစ်ယောက် ရောက်လာပြန်တယ်။ သူကလည်း ချေးအရသာ သိပါတယ်ပေ့ါ။ သူဌေးကြီးက 'ဘယ်လိုအရသာရှိလဲ ပြောစမ်းပါဦး မောင်ရင်ရယ်' လို့ မေးလိုက်တော့ အဲဒီလုလင်ပျိုက 'လူ့ချေးဟာချိုပါတယ်



http://myanmarpyithar.net

ရက်နည်းနည်းချို့သွားတော့ ချဉ်စုတ်စုတ် နေပါတယ်။ ခြောက်သွားတော့ ခါးပါတယ်ခင်ဗျာ’ လို့ ဖြေလိုက်သတဲ့။ ဒီတော့ သေဌေးကလည်း အံ့အားသင့်ပြီး ‘တယ်လည်း သေချာစေ့စပ်လိုက်ပါလား မောင်ရင်ရယ်၊ ကိုယ်တိုင် မြည်းကြည့်ဟန် တူရဲ့’ လို့ ပြောလိုက်တော့ လုလင်က ‘မဟုတ်ပါဘူး ခင်ဗျာ။ ဆင်ခြင်ဉာဏ်နဲ့ပဲ ဆုံးဖြတ်ရတာပါ’ လို့ ဆိုတော့ သေဌေးကြီးက ‘စဉ်းစား ဆင်ခြင်ကြည့်ရုံကလေးနဲ့ ဈေးအရသာကို တိတိကျကျ သိနိုင်တယ်ဆိုတာ ယုံနိုင်စရာတော့ မရှိပေဘူးမောင်ရဲ့’ လို့ပြောပြတယ်။ ဒီတော့ လုလင်ကလေးက ‘ဒီလိုပါ ခင်ဗျား၊ ဈေးလတ်လတ်ဆတ်ဆတ်မှာ ယင်းမည်းရိုင်းကြီးတွေလာပြီး စားလေ့ ရှိပါတယ်။ ယင်မည်းရိုင်းများဟာ အချိုကိုကြိုက်တတ်ကြပါတယ်။ သရက်သီးမှည့်တွေကို ကြိုက်တတ်ကြသလိုပါပဲ။ ဒါကြောင့် လတ်လတ်ဆတ်ဆတ်မှာ ဈေးဟာချိုကြောင်း သိနိုင်ပါတယ်။ ရက်ချို့သွားတဲ့အခါမှာတော့ ယင်းမည်းရိုင်းတွေ မလာတော့ပါဘူး။ ဖြုတ်များသာ ဝိုင်းအုံပြီး စားနေကြပါတော့တယ်။ ဖြုတ်များဟာ ချဉ်စုတ်စုတ် အရသာကို ကြိုက်တတ်ကြပါတယ်။ ဒါကြောင့် ရက်ချို့သွားတဲ့ ဈေးရဲ့အရသာဟာ ချဉ်စုတ်စုတ်ဖြစ်ကြောင်းကို တစ်ထစ်ချ သိနိုင်ပါတယ်။ ခြောက်သွားတဲ့ အခါမှာ

ယင်မည်းရိုင်းတွေရော ဖြုတ်တွေရော မစားကြတော့ဘဲ ကင်းလိပ်ချောများသာလာပြီး စားကြပါတော့တယ်။ ကင်းလိပ်ချောများဟာ ခါးတဲ့အရသာကို ကြိုက်ကြပါတယ်။ ဒါကြောင့် ချေးဟာခြောက်သွားတဲ့အခါမှာ ခါးတဲ့အရသာရှိကြောင်း သိရပါတယ် ခင်ဗျ' လို့ ပြန်ဖြေလိုက်တယ်။

အဲဒီမှာတင် သူဌေးကြီးက အလွန်ကျေနပ်သွားပြီး 'တော်ပါပေရဲ့ မောင်ရင်' လို့ ချီးကျူးလိုက်ပြီး 'သမီးရေ လာစမ်းကွယ့်၊ ငါ့သမီးနဲ့ ထိုက်တန်တဲ့ သတို့သားကို တွေ့ပေပြီ' လို့ လှမ်းခေါ်ပြီး ပေးစားလိုက်သတဲ့"

ပုံပြင်ကို ကျွန်တော် ချဲ့ချဲ့ဖွဲ့ဖွဲ့ ပြောထားကြောင်း စာဖတ်သူ တွေ့ပါလိမ့်မည်။ ဆောင်းပါးဖြစ်နေသောကြောင့် ဤမျှသာ ပြောထားသော်လည်း တကယ်သူတို့ကို ပြောပြခဲ့စဉ်ကမူ သည်ထက်ပင် ရှည်လျားစွာ သိုင်းဝိုင်းပြောပြပါသည်။ ဘယ်မျှပင် ရှည်လျားနေသော စကားဖြစ်စေကာမူ လိုရင်းအချက်ကို 'ဒက်ခနဲ' မြင်တတ်အောင် သင်ကြားလိုသောကြောင့် ဖြစ်ပါသည်။

သူတို့ရေးသားဖြေဆိုကြသည်တို့ကို ကြည့်လိုက်လျှင် ထုံးစံအတိုင်း မလိုအပ်တာတွေလည်း ပါနေတတ်ပါသည်။ အရေးကြီးသည့် လိုရင်းအချက် မဟုတ်



http://myanmarpyithar.net

စေကာမူ သူတို့အာရုံစိုက်မိသွားသော အချက်တို့ကိုလည်း ထည့်ချင်ထည့်ရေးတတ်ပါသည်။ သမီးကလေး ရုပ်ချောလိမ္မာတာတွေ၊ စာပေကျမ်းဂန်ကို အလွတ်အာဂုံရွတ်ပြတတ်ရုံနဲ့ ဉာဏ်ပညာရှိသည်ဟု မဆိုနိုင်ကြောင်းတွေကို အကျယ်ချဲ့ပြီး ရေးနေကြသည်ကိုလည်းတွေ့ရပါသည်။

ကျွန်တော် အထူးသတိပြုပြီး ကြည့်မိသည့် အချက်မှာ လုလင်ပျိုကလေး၏ အဖြေများမှ ယုတ္တိကွင်းဆက်ဖြစ်ပါသည်။ ယုတ္တိကွင်းဆက်က . . .

လတ်ဆတ်သောချေးကို ယင်းမည်းရိုင်းကြီးများသာ စားကြသည်။

ယင်မည်းရိုင်းတို့သည် အချိုကိုကြိုက်ကြသည်။

ထို့ကြောင့် လတ်ဆတ်သော ချေးသည် ချိုကြောင်းသိရသည်။

သူတို့လေးတွေက ထိုယုတ္တိကွင်းဆက်၏ သိမ်မွေ့မှုကို သေသေချာချာ သတိမပြုမိကြသောကြောင့် ‘လတ်ဆတ်သော ချေးမှာချိုပါသည်။ ထို့ကြောင့် ယင်မည်းရိုင်းများက စားကြသည်’ ဟုရေးတတ်ကြပါသည်။ သူတို့အဖြေမှာ မှန်မယောင်နှင့် မှားနေပါသည်။ ချေးသည် ချိုကြောင်းကို သက်သေပြခြင်း



http://myanmarpyithar.net

မဟုတ်တော့ဘဲ ယင်မည်းရိုင်းများစားသည်ကို သက်သေထူသကဲ့သို့ ဖြစ်နေကြပါသည်။

ယင်းမည်းရိုင်းများ စားသောကြောင့် ချိုမှန်း သိရသည်။

ချိုသောကြောင့် ယင်းမည်းရိုင်းများစားကြ သည်။

ဤနှစ်မျိုး၏ နိဂုံးမှာ တူမယောင်နှင့် ကွဲပါ သည်။ သူတို့သင်ကြားနေကြရသော ဂဲသြမေတြီ သက်သေပြနည်းမျိုးကို မြန်မာစာတွင်လည်း သုံးကြ ရသည်သာ ဖြစ်ကြောင်းကို သူတို့မသိကြသေးပါ။

ထိုနေရာတွင် သူတို့ကို ရှင်းလင်းစွာ နားလည်အောင် သင်ရသည်မှာ (ကျွန်တော့်အဖို့ ) အတော်လေးကို ကြိုးစားရပါသည်။ တစ်ခါတစ်ရံတော့ လည်း မေးခွန်းထုတ်နည်းဖြင့် သင်ယူရပါသည်။

ဘာကြောင့် ချိုမှန်းသိသလဲ။

(ယင်မည်းရိုင်းများစားသောကြောင့် ချိုမှန်း သိပါသည်။)

ယင်းမည်းရိုင်တွေ ဘာကြောင့်စားသလဲ။

(ချိုသောကြောင့် ယင်မည်းရိုင်းများ စားကြ သည်။)

တစ်ခါတစ်ရံတော့လည်း . . .

ဘာကြောင့် ဇုဝံ ရှိသလဲ။
(မျဉ်းမတ်ဖြစ်သောကြောင့်)
ဘာကြောင့် မျဉ်းမတ်ဖြစ်သလဲ။
(ဇုဝံ ရှိသောကြောင့်)

စသည့် သူတို့သင်ကြားနေကြရသည့် ဂဲသြမေတြီ သက်သေပြနည်းများကို အသုံးပြုပြီး သင်ကြားရပါသည်။

စာဖတ်သူကတော့ 'ဒီလောက် လွယ်လွယ်ကလေးများ' ဟု ထင်ကောင်းထင်ပါလိမ့်မည်။ သို့သော် 'မည်သည့်မေးခွန်းသည် မည်သည့်အဖြေ အတွက်လဲ။ မည်သည့်အဖြေဟာ မည်သည့်မေးခွန်းအတွက်လဲ' စသည်တို့ကို အပြန်အလှန်သင်ပေးရသည်မှာ အတော့်ကို လက်ဝင်လှပါသည်။ "အေးလေ . . . စာသင်ရုံမဟုတ်ဘဲ စိတ်ကိုပါသင်ချင်ရင်တော့ ဒီလိုပဲ ပင်ပန်းမှာပဲ" ဟု စိတ်အားတင်းရပါသည်။

*

နောက်တစ်ခုကတော့ ပုံပြင်မဟုတ်ပါ။ သို့သော် အတော်လေး သိမ်မွေ့သည့်စကားချီချဆိုခန်းလေးဖြစ်ပါသည်။

တစ်နေ့မှာ မင်းတုန်းမင်းတရားကြီးက ယောအတွင်းဝန် ဦးဖိုးလှိုင်ကို အမေးတော် ရှိတယ်။ 'ဟဲ့



http://myanmarpyithar.net

. . . ဖိုးလှိုင်” ဆိုတော့ “ဘုရား” ပေါ့။ “မရှိတာထက် မသိတာခက်တယ်ဆိုတာ ဟုတ်သလားကွယ့်” လို့။ ဒီတော့ ဦးဖိုးလှိုင်က “ဟုတ်ပါတယ်ဘုရား”လို့ လျှောက်တယ်။ မင်းတုန်းမင်းကြီးက “မသိတာထက် ခက်တာကော ရှိသေးသလားကွယ့်” ဆိုတော့ “ရှိပါတယ်ဘုရား” တဲ့။ “ဘာများလဲကွယ့် မောင်မင်း”။ ဦးဖိုးလှိုင်က “မလုပ်တာပါဘုရား” လို့ လျှောက်တယ်။ “ဘာကြောင့် မလုပ်တာက ပိုပြီးခက်ပြန်သလဲကွယ့်” လို့ ဆက်ပြီး အမေးတော်ရှိပြန်တော့ ဦးဖိုးလှိုင်က “မရှိတာလည်း ရှိအောင်လုပ်ရင် ရှိပါတယ်ဘုရား။ မသိတာလည်း သိအောင်လုပ်ရင် သိပါတယ်ဘုရား၊ မလုပ်တာကတော့ ဘာမှမဖြစ်နိုင်တော့တာမို့ အခက်ဆုံးဖြစ်ပါတယ်ဘုရား” လို့ သံတော်ဦး တင်လိုက်တယ်။ ဒီတော့ မင်းတုန်းမင်းကြီးက “တော်ပေတယ် ဖိုးလှိုင်” လို့ပြောပြီး လက်စွပ်တော်တစ်ကွင်းကို ချွတ်ပြီး ပညာဆု ချီးမြှင့်တော်မူတယ်။

အဲဒီစကားချီချဆိုခန်းကို တစ်ဆင့်စီ ရှင်းရှင်းလင်းလင်းဖြစ်အောင် ရေးကြ။ စကားချီချဆိုခန်းတွေကို မျက်တောင်ဖွင့်ပိတ်နဲ့ တစ်ပိုဒ်စီခွဲပြီး ရှင်းနေအောင် ရေးစမ်း။

*

ဤစကားချီချ ဆိုခန်းကိုတော့ သုံးခါလောက်



http://myanmarpyithar.net

ထပ်ပြောပါသည်။

သူတို့တစ်တွေ ရေးကြရာတွင် ခုန်ကာကျော်ကာ ပရမ်းပတာဖြစ်ကြမည်ကို စာဖတ်သူ မှန်းဆနိုင်လောက်ပါသည်။ အထူးသဖြင့်သူတို့အတွက် အခက်ဆုံး ဖြစ်နေသောနေရာမှာ

"ဘာကြောင့် မလုပ်တာက ပိုပြီးခက်သလဲကွယ့် ဖိုးလှိုင်ရဲ့"

"မှန်လှပါ . . . မရှိတာကို ရှိအောင်လုပ်လို့ရပါတယ်။ မသိတာကိုလည်း သိအောင်လုပ်လို့ရပါတယ်၊ မလုပ်တာက ဘာမှလုပ်လို့ မရပါဘူးဘုရား"

တချို့ကတော့ . . .

"မရှိတာလည်း ရှိအောင်လုပ်ရင် ရပါတယ်။ မသိတာလည်း သိအောင်လုပ်ရင်ရပါတယ်။ မလုပ်ရင်တော့ ဘာမှမရတော့ပါဘူး" ဟု ရေးကြပါသည်။ အမှန်အားဖြင့် ကျွန်တော်ပြောသည့် စကားချိတ်ဆက်ရေးကြမည် ဆိုလျှင် . . .

"မရှိတာလည်း ရှိအောင်လုပ်ရင် ရှိပါတယ်ဘုရား၊ မသိတာလည်း သိအောင်လုပ်ရင် သိပါတယ်ဘုရား၊ မလုပ်တာကတော့ ဘာမှမဖြစ်နိုင်တော့တာမို့ အခက်ဆုံး ဖြစ်ပါတယ်ဘုရား"

ရှိ သိ၊ လုပ် ဟူသော စကားများ ထပ်တလဲလဲ

စည်းချက်ကျ ဝင်ထားသောကြောင့် စကားစဉ်ရော အသံပါလှနေခြင်း အဓိပ္ပါယ် ပိုမိုလေးနက်လာစေခြင်း စသည်တို့ကို သတိမပြုမိကြပါ။ အပြစ်တင်ဖွယ်တော့ လည်းမဟုတ်ပါ။ သူတို့အရွယ် သူတို့အဆင့်လောက် နှင့် ဤမျှလောက်သိမ်မွေ့သော စကားချိတ်ဆက်ကို ဘယ်မှာ ရေးနိုင်ပါမည်နည်း။

သို့သော်လည်း "မရှိတာလည်း လုပ်ရင်ရပါတယ်။ မသိတာလည်း လုပ်လို့ရပါတယ်။ မလုပ်တာကတော့ ဘာမှလုပ်လို့မရပါဘူး" ဟူသော အရေးအသားမျိုးကတော့ ဝေဝါးလွန်းနေသည်မှာ အမှန်ဖြစ်ပါသည်။ သိရုံသာသိပြီး တစ်ဖက်သား ရှင်းလင်းစွာ နားလည်အောင် မရေးတတ်သေးသည့် လက္ခဏာ ဖြစ်ပါသည်။

အထက်တွင် ကျွန်တော်ဆိုခဲ့သည့်အတိုင်း မြန်မာ ကျောင်းသားငယ်များအား မြန်မာစာ သင်ကြားရသည်မှာ 'မြန်မာဘာသာစကား' သင်ကြားခြင်း သက်သက်မျှသာမဟုတ်ဘဲ အရေးကြီးသည့် အချက်ကို မြင်တတ်ယူတတ်အောင် 'စိတ်' ကိုပါ သင်ပေးရခြင်း ဖြစ်ပါသည်။

သင်္ချာကဲ့သို့သော ဘာသာရပ်မျိုးတွင် ကျောင်းသားက အရေးကြီးသောအချက်ကို အထူးဂရုပြု၍ ရှာဖွေရမည်ကို သိနေပါသည်။ ထိုပဓာန အချက်



http://myanmarpyithar.net

ကိုမမြင်လျှင် ဘယ်အဖြေကို တောင်းဆိုသည်၊ ဘယ်လို တွက်ရမည်ကို လုံးဝမသိနိုင်တော့ပါ။

သင်္ချာမေးခွန်းတို့၏ တောင်းဆိုချက်ကလည်း ပြတ်သား ရှင်းလင်းလှပါသည်။ 'အမြတ်ငွေမည်မျှ ကျန် သနည်း'၊ 'မိုင်ပေါင်းမည်မျှဝေးသနည်း' ၊'ရက်ပေါင်း မည်မျှကြာမည်နည်း' စသည်ဖြင့် မေးခွန်းတောင်းဆို ချက်များကို ရှင်းရှင်းကြီး မြင်သာပါသည်။

မြန်မာဘာသာရပ်ကဲ့သို့သော ဝိဇ္ဇာဘာသာ ရပ်များမှာမူကား ထိုကဲ့သို့မဟုတ်ပါ။ ယုတ္တိကွင်းဆက်၊ သာဓကကွင်းဆက်၊ စကားအသုံးအနှုန်း၊ စကားလုံး ခွန်အား စသည်တို့ပါ ရှုပ်ထွေးလာတတ်သောကြောင့် ပဓာနအချက်ကြီးများကို ကောက်ကာငင်ကာ ယူတတ် အောင် အတော်လေး လေ့ကျင့်ပေးရသည်ဟု ထင်ပါ သည်။

တစ်ခုရှိသည်မှာ ထိုလေ့ကျင့်ခန်းမျိုးကို အတန်အသင့် သဘောပေါက်သွားလျှင် ဆရာအဖို့ သင်ကြားရသည်မှာ အလွန်လွယ်ကူသွားပါတော့ သည်။ စာစီစာကုံးများ၊ ပြဋ္ဌာန်းစာများကို ဆရာက ရှင်းလင်းပြလိုက်လျှင် သူတို့ဘာသာသူတို့ ရေးနိုင်လာ ကြပါတော့သည်။ ထိုမျှမက အခြားဘာသာရပ်များ တွင်ပါ စဉ်းစားပုံ အထောက်အကူ ပြုလာနိုင်သည်ဟု



http://myanmarpyithar.net

လည်း ထင်မိပါသည်။

စာတစ်ပုဒ်၊ ဟောပြောချက်တစ်ခု၊ ဆွေးနွေးမှု တစ်ကဏ္ဍကို ဖတ်ရှုနားထောင်လိုက်ပြီးနောက် အရေးကြီးသည့် အချက်များကို မယူတတ်၊ မပြောတတ်လျှင် ထိုသူမှာ ဘဝတွင်အောင်မြင်မှုရရန် အတော်လေး ခက်လိမ့်မည် ဖြစ်ပါသည်။

ကျွန်တော် စဉ်းစားကြည့်မိသည့် အချက် ကလေးတစ်ခုကို တင်ပြလိုက်ချင်ပါသေးသည်။ အရေးကြီးသည့်အချက်ကို 'ဒက်ခန်' မမြင်တတ်သည့် လူတစ်ယောက်ကို သတင်းထောက်ခန့်ပြီး ဝိဇယမင်းသားအား ခမည်းတော် သီဟ ဗာဟုမင်းကြီးက တိုင်းပြည်မှ နှင်ထုတ်ခန်းတွင် နန်းတွင်းသို့ သတင်းယူရန် စေလွှတ်လိုက်သည်ဟု ဆိုကြပါစို့ . . .

ခမည်းတော်မင်းကြီးက ဝိဇယမင်းသားအား ဆိုးသွမ်းလွန်းလှသောကြောင့် အဆုံးစီရင်စေဟု အမိန့်တော်ချသည်။ မယ်တော်က ဤမျှထိအောင် ရက်စက်စွာ အပြစ်ဒဏ် မပေးသင့်ကြောင်း ငိုယိုလျှောက်ထားသည်။ ဝိဇယမင်းသားက မယ်တော်အား လျှောက်တင်သည့် စကားကို ဦးပုညက ဤသို့ရေးဖွဲ့ထားပါသည်။

*မြေပထဗျာ၊ ဗွေအာကာ၊ သေလာဂီရိ၊*
*တောင်များအမျှ၊ မကကျူး၊ ကျေးဇူးတော်ရှိပေတဲ့၊*



http://myanmarpyithar.net

*မွေးမိဘုန်းဘုန်းဆွေ ဘုရား။ ပတ်ကုံးဝိသယ၊ သုံးဘဝ မှာ၊ ဆုံးဆမမြော်၊ မြင်မြင်သမျှ၊ တည်မကျ၊ သင်္ခါရ၊ သေစမြဲမို့၊ လွဲမချော်၊ သားတော် မစိုးရိမ်လှပါ။ သုံးရွာ ဆံကျင် ဘုရားရှင်သော်မှ၊ သင်္ခါရမင်း၊ နယ်အတွင်းမှာ၊ ငယ်စာရင်းပါ၊ ဓမ္မတာဝင်၍၊ သံသာဩတ်က၊ မလွတ်သာ၊ ခန္ဓာငြိမ်းရပါသေးတယ်။ မယ်မယ့်သရေ၊ သားဘုန်းဝေ မှာ၊ မသေမီက၊ တိုင်းပြေတရိုး၊ သဝေထိုးအောင်၊ ဆိုးလိုက်ရမှ၊ လှလှကြီး သေဝံ့ပါတော့မယ် × × × × တစ်ရစ်ပတ်ပတ်၊ ဖြစ်တတ် ပျက်ပြန်၊ လံကဓာ. . . လောကခံမှာ၊ ကံနှင့်ကတ္တား၊ သည်တရားများကို၊ သားတော်ရွှေစင်၊ အစင်းအစင်း၊ မုန့်တီဟင်းကဲ့သို့၊ ကွင်းကွင်းကြီး ထင်လွန်းလို့၊ ပူပင်သောကမရှိပါ။ သမ္မာကြွယ်လှ၊ မဟာနွယ်သပေတဲ့၊ မယ်ဘုရား ဆွေးနယ်ကို၊ ဧလွယ်အောင် ဉာဏ်ဖန်လို့ စံတော်သာ မူရစ်ပါ မြတ်မယ်တော်ဘုရား။ ။*

ထိုဝိဇယမင်းသား၏ လျှောက်တင်ချက်ကို ထိုသတင်းထောက်က ကြားရလျှင် သတင်းစာတိုက်သို့ မည်သို့ သတင်းပြန်ပို့လေမည်နည်းဟု ကျွန်တော် စိတ်ကူးကြည့်မိပါသည်။

“မြေပထဗျာ၊ ဗွေအာကာ၊ သေလာဂီရိ၊ တောင်များအမှူး၊ မကကျူး၊ ကျေးဇူးတော်ရှိပေတဲ့၊

Future Publishing House

http://myanmarpyithar.net

မွေးမိဘုန်းဘုန်းဆွေ ဘုရား” ဟူသော အပိုဒ်ကို 'အာလုပ်' ဟု ခေါ်ကြသည်။ မိခင်အား ညွှန်းခေါ်လိုက်သောစကားဖြစ်ပါသည်။ အတိုချုပ်ကတော့ “မယ်တော်ဘုရား” (ဟုခေါ်လိုက်ခြင်း) ပါပဲ။

သို့သော် ကျွန်ုပ်တို့သတင်းထောက်က အရေးကြီးသည် မကြီးသည်ကို မခွဲခြားတတ်သည့် အတိုင်း ဤသို့ သတင်းရေးကောင်း ရေးပါလိမ့်မည်။

ဝိဇယမင်းသားက မိဖုရားခေါင်ကြီးအား မိခင်တို့၏ ကျေးဇူးမှာ မဟာပထဝီ မြေကြီးထက်လည်းကောင်း၊ ကောင်းကင်ပြင်ကြီးထက်လည်းကောင်း၊ ရှိသမျှသော တောင်တို့ထက် အလွန်ကြီးမားသည့် မြင်းမိုရ်တောင်ထက်လည်းကောင်း ကြီးမားလှပါပေသည်ဟု လျှောက်ထား ဝန်ခံလိုက်ကြောင်း။

ထို့နောက် ဆက်လက်၍ ဘုရားရှင်ဆိုသည်မှာ လူနတ်ပြဟ္မာတို့၏ ဆံထိုးဆံကျင်အလား ကိုးကွယ်ဆည်းကပ်ရာဖြစ်သည်ဟု ရှင်းလင်းတင်ပြကြောင်း။ သို့သော်လည်း သင်္ခါရမင်းက ဘုရားရှင်ကို ငယ်စဉ်ကတည်းကပင် သူ၏နယ်ပယ်အတွင်း၌ စာရင်းသွင်းထားသည်ကို မိမိသိရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်တိုင်လည်း တိုင်းပြည်အတွင်း၌ အလွန် ဆိုးခဲ့၊ ပေခဲ့ တေခဲ့ကြောင်းကိုလည်း ဝန်ခံလျှောက်ထားကြောင်း။

မင်းသားက တစ်ဖန်ဆက်၍ လောကဓံ တရားဆိုသည်မှာ ဖြစ်ပြန်၊ ပျက်ပြန် ရှိတတ်ကြောင်း၊ သူကိုယ်တိုင်လည်း ကံ၊ ကတ္တားများကို ကောင်းစွာ သဘောပေါက် နားလည်နေပြီ ဖြစ်သောကြောင့် သူ့အတွက် မယ်တော်ဘုရားက စိုးရိမ်ကြောင့်ကြ မဖြစ်စေလိုကြောင်း မယ်တော်ဘုရားမှာ ဘုန်းသမ္ဘာ ကြီးရသည့်ပြင် မဟာမျိုးမဟာနွယ်မှ ဆင်းသက်လာခဲ့သည်ကို အထူးသတိပြုစေလိုပါကြောင်းနှင့် ဤသို့များ သတင်းရေးလေမည်လောဟု အောက်မေ့မိပါသည်။

အထက်ပါ ဝိဇယနန်းတွင်းသတင်းထောက် ဥပမာကိုကြည့်ပြီးလျှင် 'ဒီလောက်တော့လည်း မဟုတ်ဘူးထင်ပါရဲ့၊ လွန်လွန်းလှချည်လား' ဟု ဆိုကောင်း ဆိုကြပါလိမ့်မည်။ ကျွန်တော်ဝန်ခံပါသည်။ ထိုမျှလောက် ညံ့နေလျှင်လည်း မည်သည့် သတင်းစာတိုက်ကမှ သတင်းထောက်အဖြစ် ခန့်ထားမည်မဟုတ်ပါ။ သို့သော် ထိုမျှလောက်မညံ့စေကာမူ ထိုသဘောမျိုး ညံ့သူများ ရှိတတ်ကြောင်းကိုမူ ကျွန်တော် ကောင်းကောင်း သိပါသည်။

အထူးသဖြင့် စာပေရေးရာနှင့်ပတ်သက်၍ အပြန်အလှန်အငြင်းအခုံ ရေးကြသော ဆောင်းပါးများတွင် တွေ့ရတတ်လေ့ရှိပါသည်။ 'မောင်ကကြီး'

ရေးလိုက်သော ဆောင်းပါးကို သေသေချာချာ နားမလည်ဘဲ 'မောင်ခကွေး' က ထိုးနှက်၊ အရေးကြီးသည့် အချက်ကိုလည်း မမြင်တတ်၊ သည်ကြားထဲတွင် ဘုမသိဘမသိ အချက်မကျ ဘာမကျ 'မောင်ဂငယ်' က ဝင်လာလိုဝင်လာ . . . ဆိုတာမျိုး တွေကို တွေ့ရတတ်ပါသည်။

ကျွန်တော်ကတော့ ကျွန်တော့်ကျောင်းသားတပည့်များကို (ကိုယ့်တပည့်များ ဖြစ်သည့်အတိုင်း ပိုင်ပိုင်နိုင်နိုင်) ***"မင်းတို့တစ်တွေ စာသင်တာ 'စိတ်တတ်ဖို့' ဖြစ်တယ်၊ စာသာတတ်ပြီး 'စိတ်မတတ်' ရင် ပညာတတ် လူပေါကြီးတွေပဲ ဖြစ်နေလိမ့်မယ်"*** ဟု ပြောဆို ငေါက်ငမ်းလေ့ ရှိပါသည်။



http://myanmarpyithar.net

# စာသင်ခြင်းနှင့် စိတ်သင်ခြင်း (၂)

စာပေနှင့်ပတ်သက်သော ဆောင်းပါးများကို ရေးရာတွင် ခံ့ခံ့ထည်ထည်ကြီးဟု မဆိုနိုင်စေဦးတော့ လိပ်ပြာသန့်သန့်ကြီး ရေးဝံ့ပါသည်။ ရေးခဲ့ပါသည်။ 'စာသင်ခြင်းနှင့် စိတ်သင်ခြင်း' အကြောင်းကို ရေးရသောအခါ ကျွန်တော့်အဖို့ လိပ်ပြာငယ်မိသည်ဟု မဆိုနိုင်စေကာမူ အတန်အသင့် လက်တွန့်နေမိသည်မှာ အမှန်ဖြစ်ပါသည်။ အထူးသဖြင့် 'စာပေဂျာနယ်' တွင် ရေးရမည်ဖြစ်သောကြောင့် ပို၍ပင် လက်တွန့်မိပါသည်။

အကြောင်းက စာပေနှင့်မဆိုင်သော ကျောင်းဆရာကိစ္စ၊ စာသင်ခန်းကိစ္စများကို စာပေရေးရာလောကတွင်းသို့ သွင်းလာမိလေသလောဟု စိုးရိမ်မိခြင်းကြောင့် ဖြစ်ပါသည်။ ထိုထက်ဆိုးသည်က မကြာသေးမီက စာရေးဆရာတစ်ယောက်က "တခြားလူတွေ သတိမထားလိုက်မိပေမယ့် ကျွန်တော်တို့ကတော့



http://myanmarpyithar.net

ကြော်ငြာနေတာပဲဆိုတာ သိလိုက်သပေါ့ဗျာ” ဟု ရယ်သလိုလို မောသလိုလို တွယ်သွားလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော် ဒေါသမဖြစ်ပါ။ သို့သော် စိတ်မကောင်း ဖြစ်လိုက်မိသည်ကတော့ အမှန်ပါ။

ကျွန်တော်အဖို့မှာတော့ စာဖတ်ပရိသတ်အားလုံးတွင် သားသမီး၊ ညီငယ်၊ တူမ ကျောင်းသားသူငယ်များ ရှိကြသည့်အားလျော်စွာ စိတ်ဝင်စားဖွယ်ရာရှိမည်ဟု ယူဆမိ၍လည်းကောင်း၊ ဘဝတူဆရာများအား မိမိအတွေ့အကြုံကို တင်ပြလို၍လည်းကောင်း ရေးနေခြင်း ဖြစ်ပါသည်။ ထို့ပြင် ကျောင်းတွင်းစာပေသင်ကြားမှုဆိုသည်မှာလည်း ပြင်ပစာပေလောကနှင့် ဆက်စပ်နေစမြဲဟုလည်း ယူဆမိပါသည်။

စာဖတ်သူကို စိမ်ခေါ်လိုက်ပါသည်။

ယခင်ရေးခဲ့သော ‘စာသင်ခြင်းနှင့် စိတ်သင်ခြင်း’ ဆောင်းပါးတွင် နားထောင်ခြင်းနှင့် စာဖတ်ခြင်းတို့တွင် လိုရင်းအချက်ကို လျင်မြန်စွာ သိမြင်တတ်၍ ပြန်ပြောတတ် ရေးတတ်အောင် လေ့ကျင့်သင်ကြားပေးခြင်းအကြောင်းကို ရေးခဲ့ပါသည်။

ယခုတစ်ပတ် တင်ပြလိုသည်ကတော့ ပို၍ပင်သိမ်မွေ့လှသော ‘စိတ်သင်ကြားမှု’ အကြောင်းဟု ဆိုနိုင်ပါလိမ့်မည်။ တဆိတ်ကလေး သည်းခံပြီး



http://myanmarpyithar.net

စိတ်ရှည်လက်ရှည် ဖတ်ပါရန်တော့ ကြိုကြိုတင်တင် မေတ္တာရပ်ခံလိုပါသည်။

ပုံစံကိုတော့ ယခုလက်ရှိ ဒသမတန်းတွင် ပြဋ္ဌာန်းထားသော 'ကဗျာလက်ရွေးစင်' မှ ကဗျာ တစ်ပုဒ်ကို တင်ပြပါမည်။ စာဖတ်သူက ထိုကဗျာကို ကျောင်းသားများအား သင်ကြားပေးရန် ဖြစ်ပါသည်။ တစ်နည်းသောအားဖြင့် (စိတ်မရှိပါနဲ့ခင်ဗျား) စာဖတ်သူအား သင်ကြည့်စမ်းပါဟု စိမ်ခေါ်လိုက်သော ဆောင်းပါးဖြစ်ပါသည်။

မြေဖြူ သင်ပုန်းစသည့် သင်ကြားမှု ကိရိယာ များကဲ့သို့ပင် ဤကဗျာကို သင်ကြားရာတွင် အခြေခံ အားဖြင့် လိုအပ်မည့် အချက်အလက်များကိုလည်း အလွယ်တကူ ရနိုင်သောကြောင့် အသင့်ထည့်ပေး လိုက်ပါသည်။

သင်ရမည့် ကဗျာက 'ဝိဇ္ဇာသိပ္ပ လူ့ကိစ္စ' ဖြစ်၍ ရှင်မဟာရဋ္ဌသာရ၏ 'ကိုးခန်းပျို့' မှ ကောက်နုတ် ထားခြင်းဖြစ်ပါသည်။ ထိုကဗျာကို တစ်ပိုင်းစီခွဲပြီး လိုအပ်သမျှ အသင့်ပြင်ဆင်ပေးရမည် ဆိုပါလျှင်. . .

**ဝိဇ္ဇာသိပ္ပ လူ့ကိစ္စ**

*သကျရှုပ်၊ ကြံကြံသမျှ*

*တောင့်တရာရာ၊ တတ်ကောင်းစွာသား*

*ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို*
*ငယ်ကမသင်၊ ပျော်ပါးလွင်မူ . . .*

'သကျရုပ်' ဆိုသည်က စွမ်းဆောင်နိုင်သည့် သဘော၊ 'ဝိဇ္ဇာ' က အသိပညာ၊ 'သိပ္ပ' က အတတ်ပညာ၊ 'လူ့ကိစ္စ' ဆိုတော့ ရဟန်းဘောင်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်ပြီး မနေတော့ဘဲ လူဝတ်ကြောင်ဘဝ၌သာ နေတော့မည်ဆိုပါလျှင် လူဝတ်ကြောင်တို့လောကတွင်ရှိ အသိပညာ၊ အတတ်ပညာတို့အနက်မှ မိမိစွမ်းဆောင်အထုံပါ၊ ဝါသနာပါသောပညာ၊ မတတ်ကောင်းသော အကုသိုလ် ဒုစရိုက်ပညာမျိုး မဟုတ်သော တတ်ကောင်းသည့် ပညာတစ်ခုကို သင်ယူပါလော့။ ငယ်ရွယ် စဉ်အခါတွင် ထိုကဲ့သို့ မသင်ယူဘဲ ပေါ့ပေါ့လွင်လွင်နေပါလျှင် မူကား . . .

*အကြွင်သူအား၊ စကားချေတင်*
*သဘင်မပြ၊ ခံတွင်းမဲ့သို့*
*ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်*
*ရွံ့ရှာလန့်ထိတ်၊ အသံဆိတ်၏။*

လူ့ဘောင်တွင်နေလျှင်တော့ အများနှင့် ရောနှော နေကြရသည့်အတိုင်း အရှုပ်အရှင်းပြဿနာကို ကြုံကြရမြဲဖြစ်သည်။ ထိုအခါမျိုးတွင် သူကမှန်သည်၊ ကိုယ်ကမှန်သည် စသောအားဖြင့် ငြင်းခုံကြရ

တတ်သည်။ မိမိက ပညာမဲ့နေလျှင် ကျိုးကြောင်း ကျန မပြောတတ်ဘဲ နှုတ်လျှာမဲ့နေဘိသည့်အလား ညှိုးထိတ်လန့်စွာ မျက်နှာအောက်ချ နေရတတ်သည်။

*တိတ်တိတ်မနေ၊ ဆိုပါချေလည်း*
*မပြေမပြစ်၊ အထစ်ထစ်လျှင်*
*ကျစ်လျစ်မရှိ၊ ဟုတ်လိနိုးနိုး*
*ဆင်ကန်းတိုးသို့၊ အကျိုးအကြောင်း*
*ကောင်းကောင်းမမှန်၊ သမ္မာန်ပါဌ်လျှောက်*
*ရှေ့နောက်မညီ၊ အစီအစဉ်*
*အလျဉ်မသင့်၊ တဖျင့်တပါး*
*ရယ်ဘွယ်များခဲ့။*

တိတ်တိတ်မနေဘဲ ပြောပါမည်ဆိုပြီး ပြောလိုက်ပြန်တော့လည်း ပြေပြစ်ချောမောခြင်းမရှိဘဲ ဆင်ကန်းတောတိုး စကားရှေ့နောက် အဆက်အစပ်၊ အကိုးအကားမဲ့ကာ လူပုံအလယ်တွင် ရယ်ဘွယ်ကြီး ဖြစ်လာတတ်သည်။

*ဘိုးဘွားမိဘ၊ သူကြီးမ၍*
*မလျှမညှိုး၊ မစိုးမရိမ်*
*နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်*
*ခုနစ်ဆင့်ဝယ်၊ နေလင့်ကစား*
*ပြသာဒ်ဖျားဝယ်၊ နားသည့်ကျီးမှူ*



http://myanmarpyithar.net

*ပမာကျလိမ့်။*

မိဘဘိုးဘွားတို့က ချမ်းသာကြွယ်ဝလှသည် ဖြစ်သောကြောင့် ဆင်းရဲညှိုးငယ်ခြင်းမရှိဘဲ ဘုံ ခုနစ် ဆင့်ရှိသော ပြဿဒ်ထက်၌ နတ်တို့ကဲ့သို့သော စည်းစိမ် ကို ခံစားနိုင်စေဦးတော့ ပြဿဒ်ဖျားတွင် နားနေသော ကျီးကန်းနှယ် မိမိမှာမူ ဂုဏ်ကျက်သရေ တစ်စက်မျှ ရှိမည်မဟုတ်ပေ။

*အင်္ဂပစ္စင်၊ သွင်ပြင်ရုပ်ဝါ*
*ပြည့်စုံပါလည်း၊ နံ့သာလှိုင်ခြင်း*
*ဂုဏ်နံ့ကင်းမူ၊ အဆင်းလှဆန်း*
*လူ့ပေါက်ပန်းဟု၊ သွမ်းမှန်းသိထွေ*
*ကဲ့ရဲ့လေအံ့။*

ပညာမရှိသော်လည်း ရုပ်ချောလှပါပေသည် ဟု ရောင့်ရဲမနေသင့်။ ပညာမပြည့်စုံလျှင် အဆင်းသာ ရှိလျက် မွှေးရနံ့မဲ့သော ‘ပေါက်ပန်းကဲ့သို့သော’ လူစားဟု လူပေါ့လူသွမ်းအဖြစ် အထင်သေးကဲ့ရဲ့ခြင်း ခံရတတ်သည်။

*လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမှီး*
*မကျင့်သီးသော်၊ ချည်းနှီးဥစ္စာ*
*လိုခါမရ၊ တောင့်တစိုးရိမ်*
*ဖန်ကြိမ်များစွာ။*



http://myanmarpyithar.net

ပညာမရှိလျှင် မိမိလက်ခြေတို့ဖြင့် မပြတ် လှုပ်ရှားလုပ်ကိုင်ပြီး နေ့စာနေ့၊ ညစာည ရှာဖွေ စားသောက်ရတတ်သည်။ ဥစ္စာပစ္စည်းတို့ကို လိုအပ် သောအခါတွင် မရနိုင်သောကြောင့် အမြဲတစေ ပူပန် စိုးရိမ်နေကြရတတ်သည်။

*အိုသောအခါလည်း၊ မဟာဒုက္ခ*
*တွင်းဆုံးကျသည်၊ နောင်တနှလုံး မငြိမ်တည်း။*

ငယ်ရွယ်ပျိုမျစ် သန်မာစဉ်အခါတွင် လုပ်ကိုင် စားနိုင်သော်လည်း အိုမင်း၍ မစွမ်းမသန်သည့် အခြေ သို့ ရောက်လာသည့်အခါတွင်မူကား အိုမင်းလာ၍ ခံစားရသည့်ဒုက္ခက တစ်မျိုး၊ စားရေး သောက်ရေး အတွက် ပူပန်ရသည့် ဒုက္ခက တစ်မျိုး စသည်အားဖြင့် အကြီးမားဆုံးသော ဒုက္ခတို့ကို စုပြုံခံစားကြရတတ် သည်။ ထိုအခါကျမှ ငယ်စဉ်ကပညာကို မသင်ယူခဲ့မိ သည်မှာ မှားလေခြင်းဟူသော နောင်တဖြင့် ဝမ်းနည်း ကြေကွဲခြင်း အတန်တန် ဖြစ်ရတတ်သည်။

## ကျွန်တော် တကယ်ယုံပါသည်

ကဗျာတစ်ပုဒ်လုံးကို စာဖတ်သူ ကောင်း ကောင်းကြီး နားလည်သွားပါပြီ။ စင်စစ် ကျွန်တော် ရှင်းပြမနေလျှင်လည်း ဤကဗျာကို စာဖတ်သူ

နားလည်ပြီး ဖြစ်နေမည်ကို ကျွန်တော်သိပါသည်။ ပိုပြီး ပြည့်စုံ လေးနက်စေလိုသောကြောင့်သာ ဤသို့ ရှည်ရှည်ဝေးဝေး ပြောခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း စကားဦးတွင် သည်းခံပြီး ဖတ်ပါခင်ဗျားဟု တောင်းပန်ခဲ့ခြင်းဖြစ်ပါသည်။

ကျောင်းသားများအား ဤကဗျာကို သင်ပေးပါဟု စာဖတ်သူအား တောင်းပန်မေတ္တာရပ်ခံလျှင် သင်ပေးနိုင်ကြောင်း ကျွန်တော်ယုံပါသည်။ စာမေးပွဲအတွက်ဖြစ်လျှင်လည်း "ရှင်မဟာရဋ္ဌသာရက ငယ်စဉ်တွင် ပညာသင်ယူအပ်ကြောင်း မည်သို့ နှိုးဆော်ခဲ့သနည်း" "ငယ်စဉ်အခါပညာကို ကြိုးစားဆည်းပူးအပ်ကြောင်း ရှင်မဟာရဋ္ဌသာရ၏ ကဗျာကိုမှီး၍ စာစီကုံးပါ" စသည့်စသည့် မေးခွန်းမျိုးကို ကျောင်းသားများ ဖြေဆိုနိုင်အောင် စာဖတ်သူသင်ပေးနိုင်မည် မုချဟု ကျွန်တော် တကယ်ယုံကြည်ပါသည်။

ကျွန်တော် မယုံနိုင်သည်က -

တစ်ခုစဉ်းစားရန် ရှိနေသည်က ရှင်မဟာရဋ္ဌသာရက ဤစာစုများကို ရေးသားခဲ့ခြင်းမှာ နောင်သောအခါ ဒသမတန်း ကျောင်းသားများ မြန်မာစာ အရည်အချင်း စစ်ဆေးသောအခါ စာမေးပွဲတွင် အသုံးပြုရန်ဟူသော စေတနာနှင့်ရေးခဲ့ခြင်းမဟုတ်။ ဤကဗျာကို



http://myanmarpyithar.net

ရွေးချယ်ပြီး ပြဌာန်းလိုက်သူတို့ကလည်း မြန်မာကဗျာ အကောက်အယူ နားလည်ကြစေရန် သက်သက်မျှသာ မဟုတ်၊ မိဘများ၏ ရည်မှန်းချက်ကလည်း ထိုမျှ လောက်သာမဟုတ်။ ပဓာနရည်ရွယ်ချက်ကြီးမှာ ကျောင်းသားလူငယ်များ ငယ်စဉ်ကပင်လျှင် ပညာ၏ တန်ဖိုးကို သေသေချာချာနားလည်ကြလျက် ကြိုးစား ပမ်းစား သင်ယူကြစေရန် တိုက်တွန်းလှုံ့ဆော်သော ကဗျာဖြစ်သည်။ တစ်နည်းအားဖြင့် ပညာ၏တန်ဖိုးကို 'စိမ့်နေအောင်' သိပြီး ပညာသင်ယူလိုစိတ်လည်း ရင်ထဲတွင် 'လှိုင်းထနေအောင်' ပေါ်ပေါက်လာအောင် သင်ပေးကြရမည် ဖြစ်ပါသည်။

**"မည်သည့်ကျောင်းဆရာမျှ တပည့်များအား တစ်သက်လုံး သုံးမကုန်နိုင်လောက်သော ပညာ သုတကို ပေးလိုက်နိုင်သည်မဟုတ်။ ကျောင်းသား၏ နှလုံးသားကို ပညာမွတ်သိပ်လာအောင် လုပ်နိုင်သူ ပင်လျှင် အတော်ဆုံးသော ဆရာဖြစ်သည်"** ဟု ဆာရစ်ချတ်လစ်ဗင်းစတုန်း ဆိုသော ပုဂ္ဂိုလ်ကြီးက ပညာရေးဩဝါဒစကား ဆိုခဲ့ဖူးပါသည်။

ထိုအချက်ကို ကျွန်တော် လှိုက်လှိုက်လှဲလှဲ သဘောကျလှပါသည်။ ပညာမွတ်သိပ်လာသူ တစ်ယောက်သည် ပညာကို သူ့ဘာသာသူ ရှာလာပါ



http://myanmarpyithar.net

လိမ့်မည်။ ပြင်းပြင်းထန်ထန် ဆည်းပူးပါလိမ့်မည်။ သူ့ဘဝအတွက် စိတ်ချရလောက်သည်ဟု ဆိုနိုင်ပါသည်။

ယခုအခါ ပညာကို ကြိုးစားပမ်းစား သင်ယူနေကြသူ လူငယ်များစွာကို တွေ့ကြနိုင်ပါသည်။ သို့သော် ကျွန်တော့် အတွေ့အကြုံအရ (အကြမ်းအားဖြင့်) အချို့မှာ အပြိုင်အဆိုင် သူ့ထက်ငါ သာလိုသောကြောင့် (စာမေးပွဲတွင် အမှတ်ကောင်းကောင်း ရလိုသောကြောင့်)သာ ကြိုးစားသင်ယူနေခြင်း ဖြစ်ပါသည်။ အချို့ကတော့ ပညာကို မွတ်သိပ်သောကြောင့် ကြိုးစားသင်ယူနေခြင်း ဖြစ်ပါသည်။

သူတို့တစ်တွေ၏ လူစွမ်းညဏ်စကို ခပ်ငယ်ငယ်ကတည်းကပင် (သတိထားကြည့်လျှင်) တွေ့နိုင်ပါသည်။ အပြိုင်အဆိုင်သမားများမှာ ကျောင်းစာ (စာမေးပွဲနှင့် ပတ်သက်သောစာ) ဆိုလျှင် သွက်သွက်လက်လက် ရှိကြသော်လည်း၊ ထိုထက် တစ်ဆင့်တက်ပြီး ပညာရပ်နှင့်ပတ်သက်ရာ ပြင်ပရေးရာများအကြောင်း ပြောကြမိပြီဆိုလျှင် 'ရွှံ့ရှာလန့်ထိတ်၊ အသံဆိတ်၏' ဆိုတာမျိုးသို့ ရောက်သွားတတ်ပါသည်။

ဥပမာအားဖြင့် အထက်တွင် ဖော်ပြခဲ့သောကဗျာမျိုးကို သင်ကြပြီဆိုကြပါစို့။ အပြိုင်အဆိုင်သမားများက ထိုကဗျာကို နှုတ်လွတ်အာဂုံ ဒေါက်ဒက်မြည်



http://myanmarpyithar.net

အောင် ရွတ်ပြပါလိမ့်မည်။ ခက်ဆစ်တွေ ဘာတွေကို မေးလိုက်လျှင်လည်း သွက်သွက်လက်လက် ဖြေနိုင်ပါလိမ့်မည်။ သို့သော် သည်ထက်တော့ဖြင့် သိပ်ပြီးပိုမည် မဟုတ်တော့ပါ။ မွတ်သိပ်သူ ကျောင်းသားကတော့ စာသင်နေရင်းပင် ကောက်ကာငင်ကာ သတိရလိုက်လျှင် 'ရှင်မဟာရဋ္ဌသာရ ရေးတဲ့ ပုရေနိသင် ကဗျာလေး သည်လည်း သိပ်ကောင်းတာပဲနော်' ဟု အမှတ်မထင် ပြောတတ်ပါသည်။ ထိုအခါမျိုးတွင် အပြိုင်အဆိုင် ကျောင်းသားများကတော့ ကိုယ်နှင့်ဘာမျှမဆိုင်ဘိ သည့်အလား ဖြစ်နေလေ့ရှိပါသည်။

သူတို့နှစ်ဦးလုံးသည် စာမေးပွဲကိုတော့ နည်းနည်းပါးပါး အောင်သွားကြသည်ပင် ဖြစ်ပါသည်။ တစ်ခါတစ်ရံ အပြိုင်အဆိုင်ကျောင်းသားကပင် နည်းနည်းပါးပါး အမှတ်မြင့်သွားတတ်ပါသေးသည်။ သို့သော် ကျွန်တော့်အတွေ့အကြုံအရ အပြိုင်အဆိုင် သမားမှာ အတန်းမြင့်လာလေ ပညာရည် ဆင်းမှန်းမသိ ဆင်းလာလေ ဖြစ်တတ်ပါသည်။ ပညာမွတ်သူ ကျောင်းသားကတော့ အတန်းမြင့်လာလေ ပညာရည်မြင့်လာလေဖြစ်လျက် ကျောင်းကထွက်၍ အလုပ်ခွင်ပြင်ပသို့ ရောက်လာကြသောအခါ ပိုမိုပြီးတောက်ပလာတတ်ကြသည်ကို တွေ့ရပါသည်။

အပြိုင်အဆိုင် ကျောင်းသားများမှာ 'စာတော်' တတ်ပါသည်။ မွတ်သိပ်သော ကျောင်းသားမှာ 'စိတ်တော်' ၍ 'စာတတ်' လာသူဖြစ်ပါသည်။ စာသင်ရင်း 'စိတ်တတ်' လာသူ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အထက်တွင် ကျွန်တော်တင်ပြခဲ့သော "ဝိဇ္ဇာသိပ္ပလူ့ကိစ္စ" ကဗျာကို ကျောင်းသားများအား စာမေးပွဲဖြေနိုင်အောင် သင်ပေးပါဟုဆိုလျှင် စာဖတ်သူများ သင်ပေးနိုင်သည်ဟု ကျွန်တော် တကယ့်ကို ယုံပါသည်။

သို့သော် ကျောင်းသားများ၏ နှလုံးသားတွင် ပညာမွတ်သိပ်မှု ဖုံးလွှမ်းသွားအောင် 'စိတ်ကိုသင်' ပေးနိုင်မည်လားဟု စာဖတ်သူကို မေးချင်ပါသည်။

"ဒါဖြင့် ခင်ဗျားကော သင်ပေးနိုင်သလား" ဟု ကျွန်တော့်အားပြန်ပြီး စိမ်မခေါ် ရန်တော့ ရိုသေစွာ တောင်းပန်ပါသည် ခင်ဗျား။ ။

# တက္ကသိုလ်

မကြာသေးမီက စာတစ်အုပ်ကို ကောက်ပြီး ဖတ်လိုက်မိသောကြောင့် ဤ 'တက္ကသိုလ်' ဟူသော ဆောင်းပါးကို ရေးလိုစိတ် ပေါက်လာမိခြင်း ဖြစ်ပါသည်။

ကျွန်တော် ဖတ်လိုက်မိသောစာအုပ်မှာ 'မဟာဝိသုတာရာမ နိကာယ သာသနာဝင်' ဖြစ်ပါသည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးနှင့် ဆရာတော်ကြီးများ၊ သံဃာတော်ကြီးများ၏ သမိုင်းစဉ်ဟု ဆိုကြပါစို့။ ကျမ်းပြုသူမှာ 'အရှင်ကေလာသ၊ ဘီအေ (ဂုဏ်ထူး) သာသနာဓဇ သီရိပဝရ ဓမ္မာစရိယ ဂဏဝါစက' ဖြစ်ပါသည်။

ဖတ်နေရင်း ကျွန်တော်ပိုမို စိတ်ဝင်စားလာမိသည်က မြန်မာ ဘုန်းတော်ကြီးကျောင်းများ၏ ဖွဲ့စည်းတည်ထောင်ကြပုံ ဖြစ်ပါသည်။ ထိုထိုသော ကျမ်းတတ်၊ ကျမ်းပြုဆရာတော်ကြီးများသည် ဤမျှကြီးမားသော သာသနာ အဖွဲ့အစည်းကြီးကို မည်သို့ဖွဲ့စည်း ထိန်းချုပ်

သည်၊ မည်သို့ ပညာပို့ချပေးသည်၊ တပည့်ကောင်းများ မည်သို့ မွေးထုတ်ကြသည်ဟူသော အချက်များကို စိတ်ဝင်စားလာမိခြင်း ဖြစ်ပါသည်။

ထိုကြောင့် ဤ 'မဟာဝိသုတာရာမ' ကျောင်းတိုက်ကြီး စတင်ပေါ်ပေါက်လာပုံကို လေ့လာကြည့်လိုက်သောအခါ ဆရာတော်ကြီး (ပါမောက္ခချုပ်ကြီး) အရှင်ဂန္ထသာရထေရ်ကို အကြောင်းခံကြောင်းသွားပြီး တွေ့ရပါသည်။ အရှင်ဂန္ထသာရထေရ်ကို အကြောင်းခံခဲ့ရပုံအကျဉ်းမှာ ဤသို့ဖြစ်ပါသည်။

*

'ရေစကြို ဆရာတော်ဘုရားကြီး' ဟု ထင်ရှားသော အရှင်ဂန္ထသာရထေရ်၏ ခမည်းတော် မယ်တော်တို့မှာ ယောမြို့ဝန်ကြီး ဦးနိုး၏သား ဦးလူပု နှင့်ဒေါ်မင်းခဲတို့ဖြစ်၍ ၁၁၉၄ (ရွှေဘိုမင်းလက်ထက်)တွင် ပခန်းကြီးမြို့ အလယ်ကန်တိုက်ဝင် 'ညောင်ပင်ရွာ' ၌ ဖွားမြင်သည်။ ငယ်မည် 'မောင်ထပ်'။

၁၁ နှစ်သားတွင် အလယ်ကန်မင်္ဂလာကျောင်းဆရာတော်ထံအပ်၊ ၁၅ နှစ်တွင် သာမဏေဝတ်၊ မိဘများကြောင့် 'ဖျားသီး' ရွာသို့ရွှေ့၊ ဖျားသီးရွာ ဇေယျာဘုံသာကျောင်း ဆရာတော် ဦးအာစာရထံတွင် ပညာဆက်သင်၊ အသက်ပြည့်လျှင် ရဟန်းဘောင်တက်၊ ၅ ဝါ (အသက်



http://myanmarpyithar.net

အစိတ်ခန့်) ရှိသောအခါ ရေစကြိုမြို့ရှိ ဆရာတော် ဦးဝရသမ္မောဓိထံ ဆက်လက်ပညာသင်၊ ထို့နောက် ဆင်တဲ အရှင်ကုန္ဒာသဘထံသို့ သွားရောက် ပညာဆက်၊ ထိုမျှနှင့်အားမရနိုင်သောကြောင့် မိမိ၏ဆရာတော်များထံ ခွင့်ပန်ကြားပြီး မန္တလေးမြို့သို့ သွားရောက်ကာ 'နတ်ရဲတောင် သာသနာပိုင်' ဟု ကျော်စောသော ဆရာတော်ဘုရားကြီး 'ဦးဥေယျ' ထံ တပည့်ခံပြန်သည်။

ဤသည်တို့ကို တင်ပြနေသည်မှာ ပညာဆည်းပူးရာ၌ မရောင့်ရဲနိုင်သော ပါမောက္ခချုပ်ကြီး၏ ပင်ရင်း စိတ်သဘာဝကို စာဖတ်သူတို့ ရိပ်စားမိစေလိုသောကြောင့် တင်ပြနေရခြင်း ဖြစ်ပါသည်။

ရာထူးလိုချင်လို့မဟုတ်၊ ကျော်စောချင်လို့မဟုတ်၊ ဆွမ်းကွမ်းကျောင်းဆေး လာဘ်ကောင်း ဖောဖောသီသီ လိုချင်လို့မဟုတ်၊ ပညာကိုတတ်ချင်လို့၊ သာသနာတော်ကို မြတ်နိုးလွန်းလို့ကို ကြိုးစားခြင်းဖြစ်သည်။ သာသနာကို ချစ်သည်၊ ပညာကို ချစ်သည်ဟုပဲ ဆိုလိုက်ကြပါစို့။ ဤသို့သော ပါမောက္ခမျိုးက တည်ထောင်လိုက်သည့်ကျောင်း အဘယ်မှာ မကောင်းနိုင်ဘဲ ရှိပါတော့မည်နည်း။

သူ့ကို စာသင်ကြားပို့ချလိုက်သော နတ်ရဲ



http://myanmarpyithar.net

တောင် သာသနာပိုင်ကလည်း မည်သို့သော ဆရာမျိုး နည်း။ ကြည့်ပါဦး၊ ကျမ်းပြုဆရာ 'အရှင်ကေလာသ' ၏ အရေးအသားအတိုင်း ဖော်ပြလိုက်ပါမည်။

နတ်ရဲတောင် သာသနာပိုင်ဆရာတော် ဘုရားကြီးသည် ရဟန်းတော် ရာပေါင်းများစွာ ဝန်းရံလျက် ကေသရာဇာခြင်္သေ့မင်းပမာ ထိုင်လျက် ပရိယတ္တိ ပို့ချစဉ် . . .

"ဂန္ထသာရမည်သော ငါ၏ တပည့်သားသည် လေးပါးသောပစ္စည်းကို မငဲ့မညှာမူ၍ အလျှုံမလိုက်ဘဲ သာသနာတော်ကို စောင့်ရှောက်လိမ့်မည်"ဟု မိန့်ခွန်း ဝှံချီးတော်မူခဲ့ဖူးသည်။

သာသနာပိုင် ဆရာတော်ကလည်း ဤသို့ ဂုဏ်ထူးပေးလိုက်သည်မှာ မင်းညီမင်းသားဖြစ်သော ကြောင့်မဟုတ်၊ ဝန်ကြီးမှူးကြီးသား ဖြစ်သောကြောင့် မဟုတ်၊ ဆရာတော်လောင်းလျာ၏ ပညာနှင့်စာရိတ္တ ကြောင့်သာလျှင် နိမိတ်ဖတ်လိုက်ကြောင်း ထင်ရှားသည်။ စင်စစ်အားဖြင့် တကယ့်တောသားလေး တစ်ယောက်မျှသာ မဟုတ်ပါလား။

သာသနာပိုင် ဆရာတော်ဘုရားကြီးက သူ၏ပညာကို သိသည့်အားလျော်စွာ "မူလပဏ္ဏာသ အဋ္ဌကထာ နိဿယ" ကို ပြုစုရမည်ဟု မိန့်ကြားသည်။

ထိုနိဿယကို ရေးသားပြုစုနေခိုက်မှာပင် မင်းတုန်း မင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့က ကြည်ညိုတော်မူလှ သောကြောင့် 'ရာဇဂုရု' (မင်းဆရာ) ဘွဲ့တံဆိပ်တော် ကပ်လှူပြီးလျှင် သီးခြားတိုက်တော်ဆောက်၍ လှူဒါန်း လိုပါကြောင်း လျှောက်ထားလာကြသည်။ မင်းပေါက် စိုးဝင် ဂုဏ်ပကာသနကို လုံးဝတပ်မက်ခြင်းမရှိသည့် ဆရာတော်က ထိုအလှူကို မြစ်တော်မူခဲ့သည်။ ထို့ကြောင့် သစ်ဆိမ့်ကျောင်းတိုက်အတွင်းမှပင် ကျောင်း တစ်ဆောင် ဆောက်လုပ်ပြီး လှူဒါန်းခဲ့ရသည်။ မင်းစိုး ရာဇာတို့ကိုပင်သော်လည်း တည်တည်မှန်မှန်ကြီး နေတတ်သော ဆရာတော်၏ စိတ်နေသဘောထားကို သိကြသဖြင့် ကြည်ညိုပင် ကြည်ညိုလှသော်လည်း ဝန်ကြီးမှူးကြီး၊ မြို့စား၊ မြို့ဝန်တို့မှာ အနားသို့ သိပ်မကပ်ဝံ့ဘဲရှိကြသည် ဟုဆိုပါသည်။

သီပေါမင်းလက်ထက်သို့ ရောက်သောအခါ တွင်လည်း မင်းတရားက ဆက်လက်ကိုးကွယ်သည်ပင် ဖြစ်သည်။ သို့သော်လည်း ၁၂၄၁ တွင် ရေစကြိုမြို့သို့ ပြန်ကြွတော်မူသည်။ ရေစကြိုမှ ပခုက္ကူမြို့သို့ ပြောင်းရွှေ့ပြီး စာချတော်မူပြန်သည်။ ယခုသော်ကား အားထားလောက်သော တပည့်ကြီးများလည်း ပေါ်ထွန်းလာခဲ့လေပြီ။ ထိုအခါတွင် ဦးစံပေါ်နှင့်



http://myanmarpyithar.net

ဒေါ်ငွေတင် ဆိုသော ဇနီးမောင်နှံနှစ်ဦးက ကျောင်းဆောက်လှူဒါန်း လိုပါကြောင်းလျှောက်ထားသည်တွင် "ငါကား အသက်လည်း ခုနစ်ဆယ်ရှိပြီ၊ ငါ၏ တပည့်ကြီးများ သဘောတူညီလျှင် ဆောက်တော့" ဟု မိန့်ကြားလိုက်သည်။ ဤသို့အားဖြင့် ဤကျောင်းတိုက်ကြီး ပေါ်ပေါက်လာခဲ့ရသည်။

ဆရာတော်ကြီးလုပ်ပုံကို ကြည့်ပါဦး။

ပရိတ်ရွတ်၊ ဆွမ်းစဉ်စသော ဟိုက ပရိတ်ရွတ်၊ ဒီက ဆွမ်းကျွေး၊ ဟိုဘက်နားအလှူ ဒီဘက်နားက ရှင်ပြုဆိုတာမျိုးကို ဘယ်တော့မှ ကိုယ့်အလုပ်ဟု သဘောမထား။ စာပေပို့ချမှုကိုသာ အာရုံပြုသည်။

သက်တော် ၇၄ လောက်တွင် ရွှေစက်တော်သို့ ဘုရားဖူးကြွသည်။ ပခုက္ကူမှ မင်းဘူးသို့ သင်္ဘောခရီး၊ မင်းဘူးမှ စကုသို့ကားနှင့်၊ စကုမှ ရွှေစက်တော်သို့ လှည်းနှင့်ကြွရမည်။ ရေလမ်းခရီး အသွားအပြန်ဆိုတော့ စာပေပို့ချမှု စာဝါအတော်ကလေး ပျက်ရတော့မည်။ ဆရာတော်က ဘာလုပ်သည်ထင်သနည်း။ သူစာဝါပို့ချနေသော ရဟန်းတော်အားလုံးကိုပါ သိမ်းကျုံးခေါ်သွားပြီး သင်္ဘောပေါ်မှာလည်း စာဝါမပျက်ပို့ချသွားသည်။

သည်လို ပါမောက္ခမျိုးက တည်ထောင်လိုက်သော တက္ကသိုလ်မျိုး ဘယ်မှာမမြင့်ဘဲ ရှိနိုင်ပါတော့



http://myanmarpyithar.net

မည်နည်း။ နတ်ရဲတောင် သာသနာပိုင်က ဆရာတော်အား ဗိုလ်ပုံအလယ်တွင် ဂုဏ်ထူးညွှန်းခဲ့ကြောင်း အထက်တွင် ဆိုခဲ့ပါပြီ။

နောင်အခါကျတော့ အရှင်သုန္ဒရဆိုသော ပဥ္စင်းငယ်ကို ဆရာတော်ကိုယ်တိုင်က အားရတော်မူလှသောကြောင့် သက်န်းကြီးတစ်ထည်ကို ပေးစွန့်လိုက်ပြီး . . .

"ငါ့ရှင် . . . သာသနာကို နတ်ရဲတောင်သာသနာပိုင်နှင့် ငါတို့များနှင့်မခြား အလားတူစောင့်ရှောက်ရမည်၊ ပိဋကတ်ကို ကြိုးစားသင်ယူရမည်" ဟု မိန့်ကြားတော်မူလေသည်။ နောင်အခါ ထိုပဥ္စင်းငယ်သည်ပင်လျှင် မဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ 'အဓိပတိ' ဆရာတော် အရှင်သုန္ဒရမဟာထေရ်ဖြစ်လာ ပြန်ပါလေသည်။ ထိုဆရာတော်သည်လည်း ပုဂံနယ်၊ ပုဂံစောင်း ကျေးရွာဇာတိ တောသားကလေးပါပဲ။ ထိုထိုသော ဆရာတော်ကြီးများ 'တပည့်မွေး' ကြပုံကို ကျွန်တော်အလွန် ကြိုက်မိပါသည်။

သည်နောက်မှာတော့ဖြင့် မဟာဝိသုတာရာမတိုက်ခွဲတွေ အမြို့မြို့အရွာရွာ၌ ပေါ်ပေါက်လာလိုက်သည်မှာ များစွာပင် ရှိနေကြပါလေပြီ။

မဟာဝိသုတာရာမကျောင်းတိုက်က

ဆရာတော်၊ သံဃာတော်များ ပညာသင်ကြားပုံကို ကြည့်လိုက်တော့ မိမိတို့ ကျောင်းမှာသာလျှင်မက မန္တလေးသို့လည်း သွားလိုက်သေးသည်။ မုံရွာသို့လည်း ရောက်လိုက်ကြသေးသည်။ ရန်ကုန်သို့လည်း စုန်တော်မူလိုက်ကြသေးသည်။ ပညာကောင်း ရနိုင်ဆိုသော နေရာမျိုးကို မရောက်ရောက်အောင်သွားပြီး ပညာကိုယူကြသည်။

ဆရာတော်ကြီးများကလည်း မိမိတို့တပည့် ရဟန်းတော်များကို တစ်ရပ်တကျေးသို့ ပညာသင်သွား ရောက်ကြရန် မေတ္တာရပ်ခံလွှာ သက်ဆိုင်ရာ ကျောင်းတိုက်သို့ ပါးပြီးစေလွှတ်တော်မူကြသည်။ ဤသို့အားဖြင့် အရှင်ဂန္ထသာရထေရ် တည်ထောင်ခဲ့သော မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးသည် စည်ပင်ဝပြောလာခဲ့ရပေသည်။

ဆရာတော်သည် ၁၂၇၆ တွင် ပျံလွန်တော်မူသည်။ ထို့နောက် ငါးနှစ်ခန့်အကြာတွင် မန်လည် ဆရာတော်ဘုရားသည် ရေလမ်းခရီးနှင့် ပုသိမ်မြို့သို့အသွား ပခုက္ကူမြို့သို့ ဝင်ရောက်ပြီး ဆရာတော်ကြီး အသက်ရှိစဉ်က ကျိန်းစက်ခဲ့သည် ညောင်စောင်းတော်ကို သုံးကြိမ်တိုင်တိုင် ရှိသေစွာ ကန်တော့ခဲ့သေးကြောင်းကို ဖတ်လိုက်ရတော့ ကျွန်တော့်မှာ ကြည်ညိုခြင်း၊



http://myanmarpyithar.net

ကြည်နူးခြင်း၊ ဝမ်းသာခြင်း စသည်တို့ဖြင့် ရင်ထဲမှာ နင့်သွားမိလိုက်ပါသေးသည်။

ဤသို့လျှင် "ကျောင်းတိုက်ကြီး" ဟူသော စကားလုံးကို ခဏခဏဖတ်မိနေရင်း ကျွန်တော်လည်း ကျွန်တော်တို့ "ရန်ကုန်တက္ကသိုလ် ကျောင်းတိုက်ကြီး" ကို ပြန်ပြီး သတိရမိပြန်ပါတော့သည်။ 'တိုက်' ဆိုသည်မှာ အစုအဝေးပင်ဖြစ်ပါသည်။ ရှေးခေတ်က သုံးသော တိုက်သူကြီး ဆိုသည်မှာ ကျေးရွာအစုအဝေးတစ်ခုကို အုပ်ချုပ်ရသော သူကြီးကိုခေါ်ခြင်း ဖြစ်ပါသည်။ သံဃာတော် ကျောင်းတိုက်ကြီးတစ်ခုတည်းတွင် ကျောင်းပေါင်းများစွာ ရှိပါသည်။ ထို့ကြောင့် သရက်တောကျောင်းတိုက်၊ ဇေယျဝတီကျောင်းတိုက်၊ ဝေဠုဝန်ကျောင်းတိုက်စသည်ဖြင့် ခေါ်ကြခြင်းဖြစ်ပါသည်။

"ယူနီဗာစီတီ" ဆိုသည်မှာလည်း "ကောလိပ်ကျောင်း" အစုအဝေးပင် ဖြစ်ပါသည်။ ရှေးခေတ်က ရန်ကုန်တက္ကသိုလ် (ရန်ကုန်ကောလိပ်)နှင့် ယုဒသန်ကောလိပ်ကို ပေါင်းပြီး ယူနီဗာစီတီအဖြစ် ဖန်တီးလိုက်တော့ ဆရာကြီးဦးဖေမောင်တင်က မြန်မာတို့၏ ပညာရေးစနစ် အသုံးအနှုန်းအတိုင်း "ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်" ဟုပင် ကင်ပွန်းတပ်လိုက်ပါ

သေးသည်။ "ရန်ကုန်တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း" ဆိုသည်ကို ကျွန်တော်ခုထက်ထိ မှတ်မိနေသေးသည်။

ထို့နောက်တွင်မှ ရန်ကုန်တက္ကသိုလ် အောက်တွင် မန္တလေးကောလိပ်၊ ဆေးကောလိပ်၊ အင်ဂျင်နီယာကောလိပ်စသည်ဖြင့် ကောလိပ်တွေ များစွာတိုးတက်လာသည်။ အားလုံးမှာ ရန်ကုန်ယူနီဗာစီတီ အောက်တွင်ပင် ရှိခဲ့ကြသည်။ ဘွဲ့ကိုလည်း ရန်ကုန်တက္ကသိုလ်တွင်းရှိ ဘွဲ့နှင်းသဘင်မှာပဲ လာပြီးယူကြရသည်။

ဆရာတော်သံဃာတော်ကြီးများကဲ့သို့ပင် ပညာတော်သော ကျောင်းသားများကို ရွေးချယ်၍ ရပ်ဝေးမြေခြား အင်္ဂလန်စသည်တို့သို့ ပညာတော်သင်များအဖြစ် စေလွှတ်ပေးခဲ့ကြသည်။ ရှေးခေတ် ဆရာတော်ကြီးများက မိမိအား ဆက်ခံမည့်သူများကို မိမိမျက်ကွယ်မပြုမီ ပညာခိုင်မာအောင် သေချာပျိုးထောင်ပေးကြသည့်နည်းတူ ဆရာကြီး ဦးဖေမောင်တင်တို့သည်လည်း ပြုစုပျိုးထောင်ပေးခဲ့ကြသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ 'သိပ္ပံမောင်ဝ' ကို ရလိုက်သည်။ 'ဇော်ဂျီ'ကို ရလိုက်သည်။ 'မင်းသုဝဏ်' ကို ရလိုက်သည်။ နတ်ရဲတောင်သာသနာပိုင်ကြီးက အရှင်ဂန္ဓသာရအား မူလပဏ္ဏာသအဋ္ဌကထာ နိဿယ ပြုရမည် မိန့်လိုက်သကဲ့သို့ ဆရာကြီး ဦးဖေမောင်တင်



http://myanmarpyithar.net

ကလည်း သူ့တပည့်တွေကို မိန့်ကြားသည်။ ထို့ကြောင့် "ခေတ်စမ်း" ကို ကျွန်တော်တို့ ရလိုက်ပြန်သည်။

ဤသည်မှာ ကျွန်တော်ယဉ်ပါးနေသည့် မြန်မာစာပေဘက်ကိုသာ ဆိုလိုက်ခြင်းဖြစ်ပါသည်။ သိပ္ပံနှင့် အခြားသောပညာရပ်များကို လှမ်းကြည့်လိုက်လျှင်လည်း ထိုနည်းတူပင် တွေ့ရမည်ဖြစ်ပါသည်။

ကျွန်တော့် မျက်စိအောက်တွင် တွေ့လိုက်ရသည်ကိုလည်း ပြောလိုက်ရပါဦးမည်။ ဆရာဇော်ဂျီသည် သူအငြိမ်းစားမယူမီ အစောကြီးကတည်းကပင် သူ့နေရာကို ဆက်ခံမည့် ဦးသော်ကောင်းကို အကျအန ပြင်ဆင်သွန်သင်ပေးခဲ့သည်။ ဆရာနှင့် ဦးသော်ကောင်းတို့ နှစ်ယောက်သား ညှိညှိနှိုင်းနှိုင်း တိုးတိုးသက်သာ ပြောနေကြပုံကို ယခုဤစာကို ရေးနေရင်းပင် မြင်ယောင်မိပါသေးသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်၏ ဗဟိုစာကြည့်တိုက်ကြီးမှာ ဆရာဇော်ဂျီ မရှိတော့သော်လည်း ဘာမျှအရှိန်အဟုန်မပျက်၊ ဆက်လက်ကြီးပွားနေမြဲ ဖြစ်လာရသည်။

ထိုနည်းတူ ဆရာမင်းသုဝဏ်သည်လည်း သူ၏ဌာနမှ ဆက်ခံမည့် သူများကို အစောကြီးပင် ပြင်ဆင် လေ့ကျင့်ထားပေးခဲ့သည်။ ဤသည်တို့မှာ ကျွန်တော်၏ မျက်စိအောက်တွင် တွေ့ခဲ့ရသော



http://myanmarpyithar.net

ပညာရှင်တို့၏ အမှုအရာပင်ဖြစ်ပါသည်။ ထိုအရာများ ကို ပြန်ပြီးတွေးကြည့်လိုက်တော့ "ဩော် 'မဟာဝိသုတာ ရာမ ကျောင်းတိုက်ကြီး' လိုပါပဲကလား" ဟု အောက် မေ့လိုက်ပါသေးသည်။ သို့မဟုတ် ယူနီဗာစီတီ ဆိုတာကြီးကလည်း ငါတို့မြန်မာပြည်က 'မဟာဝိသုတာ ရာမကျောင်းတိုက်ကြီး' လိုပါပဲကလားဟု တွေးမိပြန် ပါသည်။

ယခုတော့ဖြင့် ကျွန်တော်တို့ ငယ်ငယ်တုန်း ကလို မဟုတ်တော့ပြီ။ ကောလိပ်တွေအနှံ့အပြား ထူထောင်ပြီး ဖြစ်နေပါပြီ။ ပညာတော်သော၊ ဉာဏ် ထက်သော ကျောင်းသားများကို ရပ်ဝေးမြေခြားသို့ ပညာသင်စေလွှတ်ပြီး မျိုးဆက်သစ်တိုးတက်ရစ် အောင် ပညာအရင်းအနှီး ခိုင်ဖြိုးစွာ မြှုပ်နှံနိုင်တော့မည် ဟု အတိတ်ကောင်း နိမိတ်ကောင်းယူလျက် ဆုတောင်း နေမိပါသည်။ ။

# တက္ကသိုလ်ဆရာ

ကျွန်တော့်ကို စင်မြင့်တွင် စကားပြောကောင်းသူဟု မိတ်ဆွေများကလည်းကောင်း၊ စာရေးဆရာ အချင်းချင်းကလည်းကောင်း ချီးမွမ်းကြပါသည်။ ထို့အတူ တပည့်များကလည်း စာသင်ကောင်းသောဆရာ၊ အပြောကောင်းသောဆရာဟု ချီးမွမ်းကြပါသည်။ သို့သော် ကျွန်တော်သည် တကယ်ကိုတော်သော ဆရာ တစ်ယောက် မဟုတ်သေးကြောင်း ကျွန်တော့်ကိုယ် ကျွန်တော် အသိဆုံးဖြစ်ပါသည်။

အထက်တန်းကျောင်းသားများကို (ကိုးတန်း၊ ဆယ်တန်း ကျောင်းသားများကို) သင်ကြားပေးရသည့် ဆရာမျိုး ဖြစ်လျှင်တော့ လူတော်ဆရာ စာရင်းဝင် တစ်ယောက် ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မည်။ သို့သော် အဆင့်မြင့်ပညာဟု ဆိုအပ်သည့် တက္ကသိုလ်ဆရာ တစ်ယောက်အနေနှင့် စဉ်းစားလိုက်လျှင် ကျွန်တော်



http://myanmarpyithar.net

သည် ခပ်ညံ့ညံ့ဆရာ တစ်ယောက်မျှသာ ဖြစ်နေသည် ဟု တကယ့်ကို ဘဝင်ကျကျ လက်ခံမိပါသည်။

တက္ကသိုလ်အဆင့် ဆရာတစ်ယောက် 'တော်ပြီ' ဆိုလျှင် တကယ့်ကိုလန့်လောက်အောင် တော်တတ်သည်ဟု ထင်မိပါသည်။ ကျွန်တော်အဖို့ ကုသိုလ်ကောင်းခဲ့သည်မှာ ထိုကဲ့သို့လန့်လောက်အောင် 'တော်သည့်' ဆရာများကို ကြုံခဲ့ရဖူးခြင်းပင် ဖြစ်ပါသည်။

သူတို့သည် ပြဋ္ဌာန်းထားသော စာများကိုသာ သင်ပေးနေကြသည့် ဆရာမျိုးမဟုတ်ကြ။ စာသင်သားများ၏ အတွေးလိပ်ပြာ နိုးပစ်လိုက်နိုင်စွမ်း ရှိကြသည်။ ပြဋ္ဌာန်းစာတွင် တွေ့ရသော ခက်ရာခက်ဆစ် အပိုင်းများကို စာသင်သားများ လွယ်ကူစွာ နားလည်သွားလောက်အောင် ရှင်းလင်းသင်ကြားနည်းမျိုးကို ကျွန်တော်လည်း ထိုက်သင့်သလောက်တော့ လုပ်နိုင်ပါသည်။ ထိုထိုသော ခက်ရာခက်ဆစ်များကို စာသင်သားတွေ နားလည်လွယ်အောင် ဘယ်လိုလုပ်ပြီး သင်မလဲဆိုသည်ကို သွားရင်းလာရင်း စိတ်ကူးနေခြင်းဖြင့် ထိုအခက်အခဲကို လွန်မြောက်နိုင်ကြောင်း ကျွန်တော့်ကိုယ်တွေ့ဖြင့် သိခဲ့ပြီးဖြစ်ပါသည်။ သို့သော် အထက်တွင် ကျွန်တော်ပြောခဲ့သလို အတွေးလိပ်ပြာ နိုးနိုင်

သည့်အဆင့်သို့ ရောက်နိုင်သည် မဟုတ်ပါ။

ထိုကဲ့သို့သော တကယ့်ကိုတော်သည့် ဆရာများအနက် ဆရာနှစ်ပါးအကြောင်းကို ကျွန်တော့်ကိုယ်တွေ့ အဖြစ်ထုတ်ဖော် တင်ပြလိုက်ချင်ပါသည်။

ပထမတစ်ယောက်က ဆရာကြီးဦးဝန် (မင်းသုဝဏ်) ဖြစ်ပါသည်။

ကျွန်တော် ဝိဇ္ဇာတန်းကို အောင်မြင်ပြီးနောက် ပညာရေးဘွဲ့ (ဘီအီးဒီ)အတွက် ပညာရေးတက္ကသိုလ်တွင် တက်ရောက် သင်ကြားနေခိုက် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ ဆရာဦးဝန်က ပါမောက္ခအဖြစ် ဝင်ရောက်အမှုထမ်းရပါသည်။ ဆရာဦးဝန် ပါမောက္ခ ဖြစ်လာသောကြောင့်ပင်လျှင် ကျွန်တော်သည်လည်း မဟာဝိဇ္ဇာအရည်အချင်းစစ် စာမေးပွဲဖြေဆိုရန် မြန်မာစာဌာနသို့ ပြောင်းရွှေ့ပြီး ပညာဆက်လက်သင်ယူခဲ့ရပါသည်။ ဤသို့အားဖြင့် ဆရာဦးဝန်၏ သင်ကြားပို့ချမှုကို နာယူခဲ့ပါသည်။

ဆရာက ဘာသာစကားလေ့လာမှုကို သင်ကြားပေးသည် ဖြစ်သောကြောင့် ကျွန်တော်တို့မှာ ဘာသာစကားဆိုင်ရာ အသိဗဟုသုတပညာ အဘယ်မျှ တိုးကြောင်းကို အထူးပြောနေစရာ မလိုပါ။ အံ့သြစရာလည်း မဟုတ်ပါ။ ရှေ့ကို တိုးပြီးဖတ်ရန် မြန်မာစာအုပ်၊



http://myanmarpyithar.net

အင်္ဂလိပ်စာအုပ်များကို သေချာပြပြီး အထူးပြုလေ့လာ အပ်သည့် အဆစ်အပိုင်းတို့ကို ညွှန်ပြသင်ကြားပေး သောကြောင့် ကျွန်တော်တို့အဖို့ ပညာလေ့လာမှုလမ်း ပွင့်လာလိုက်သည်မှာလည်း ပြောစရာမရှိတော့ပါ။ ယခု ကျွန်တော်ပြောချင်သည့် အကြောင်းအရာမှာ ထိုမျှ လောက်ကို ပြောလိုခြင်း မဟုတ်ပါ။

ဆရာက ကျွန်တော်တို့အား ဘာသာစကား ဆိုင်ရာ လေ့လာမှုကို သင်ပေးသည် ဖြစ်သောကြောင့် မွန်ဘာသာဖြင့် ရေးထိုးထားသည့် 'ရွှေစည်းခုံ ကျောက်စာ' ကိုလည်း သင်ပေးရပါသည်။ ဆရာကြီး ဦးဖေမောင်တင်၏ မြန်မာပြန်နှင့်တွဲပြီး ရိုက်နှိပ်ထား သော စာအုပ်ကိုပင် ပြဋ္ဌာန်းသင်ကြားပေးပါသည်။ ဆရာက မွန်ဘာသာ၏ဝါကျဖွဲ့ပုံ၊ စကားဖွဲ့ပုံတို့ကို ဘာသာ ဗေဒသဘောနှင့် ရှင်းလင်း သင်ကြားပေး ပါသည်။

တစ်နေ့တွင်တော့ဖြင့် ဆရာက. . .

"မင်းတို့ ဒီရွှေစည်းခုံကျောက်စာမှာ ညီတော် အာနန္ဒာကို 'အာနန်' လို့ပဲ ရေးတာကို သတိထားမိ ကြရဲ့လား"

ထိုအချက်ကို အထူးပြောနေစရာ မလိုပါ။ ကျွန်တော်တို့အားလုံး သတိထားမိကြပါသည်။ ဥပမာ



http://myanmarpyithar.net

အားဖြင့် 'မြတ်စွာဘုရား ပြုံးရယ်တော်မူသည်ကို မြင်သောအခါ အာနန်လည်း ဤသို့လျှောက်၏' 'ဘုရား သခင်လည်း အာနန်အား ဤသို့မိန့်၏' စသော အသုံး မျိုးကို ဆရာကဆိုလိုခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ ကလည်း သတိထားမိကြောင်းကို ပြောပြကြတော့ ဆရာက . . .

"အဲဒါ ဘာကြောင့်လဲ မင်းတို့စဉ်းစားကြည့်ဖို့ ကောင်းတယ်"

ကဲ . . စာဖတ်သူပဲ စဉ်းစားကြည့်ပါတော့။ အာနန္ဒာကို အာနန်လို့ခေါ်တာ သူတို့ခေါ်ချင်လို့ခေါ် တာပဲပေါ့။ တိုအောင်လို့ ခေါ်တာဖြစ်မှာပေါ့။ အဲဒါကို ကျွန်တော်တို့က ဘာထပ်ပြီးစဉ်းစားနေရဦးမှာလဲ။ ဒါပေမယ့် ခက်သည်က စဉ်းစားလောက်စရာ ပါလို့သာ အစဉ်းစားခိုင်းတာ ဖြစ်မှာပဲဆိုတာ တွေးမိလိုက်တော့ ကျွန်တော်တို့ကလည်း စဉ်းစားပါသည်။ သို့သော်လည်း ဘာမှကို မစဉ်းစားတတ်ပါ။ ဆက်ပြီး အချိန်ယူစဉ်းစား မယ်ဆိုလျှင်လည်း ခေါင်းကမီးခိုးတွေ အူလာဦးတော့ ဘာမျှထွက်လာမည် မထင်ပါ။

နောက်တော့ ဆရာက စဉ်းစားစရာအချက် တစ်ခုကို ပေးပါသည်။

"ဆရာစဉ်းစားမိတာက ဒီလိုကွ။ နာမည်ကို

အပြည့်မခေါ်တော့ဘဲ အဲဒီလို အတိုချုံးပြီး ခေါ်တာဟာ အတော်လေး ရင်းနှီးလာကြမှ ခေါ်လေ့ရှိတာ မဟုတ်လား။ ဥပမာကွာ ဆရာတော်ဦးကဝိန္ဒဆိုပါတော့။ ကိုယ့်ရွာ ကိုယ့်ဘုန်းကြီးအဖြစ် ရင်းနှီး လာရင် "ဦးကဝိန်" လို့ပဲ ခေါ်တတ်ကြတယ်။ ဒီတော့ မွန်လူမျိုးတွေဟာ မြစေတီထက်တောင် စောသေးတဲ့ ဒီရှေးစည်းခုံကျောက်စာကို ရေးထိုးချိန်မှာ ညီတော်အာနန္ဒာနဲ့ အတော့်ကို ရင်းနှီးနေပြီလို့ မယူဆသင့်ဘူးလား၊ နောက်ပြီး ချစ်ခင်ကြည်ညိုတဲ့ အသံကလေးကော မပါဘူးလား၊ မွန်လူမျိုးတွေဟာ ဗုဒ္ဓဘာသာကိုရော၊ ရှင်အာနန္ဒာစတဲ့ ဗုဒ္ဓဝင်ဇာတ်ကောင်တွေ အကြောင်းကိုရော ကြားနာပြောဆိုမှု အတော်ကြီးကို များနေပြီလို့ ဆိုနိုင်စရာမရှိဘူးလား"

ကျွန်တော် တကယ့်ကို လန့်သွားတာပါ။ လန့်လောက်သည့် အတွေးအမြင် မဟုတ်ပေဘူးလား။ ဒီလို စုံထောက်မောင်စံရှား လုပ်နည်းမျိုးကို ကျွန်တော်ဖြင့် ယောင်လို့တောင် မတွေးခဲ့မိဖူးပါ။ ဆရာကဆက်ပြီး ပြောပါသေးသည်။

"ဒါက ဆရာတွေးမိတာကို ပြောလိုက်တာနော်။ အခိုင်အမာတော့လည်း မယူလိုက်နဲ့ဦး၊ ဆရာတွေးသလို ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့၊ မင်းတို့



http://myanmarpyithar.net

ဆက်ပြီး စဉ်းစားကြည့်ဖို့သာ ပြောလိုက်တာ”

ဒါကတော့ ဆရာ့ထုံးစံပါပဲ။ ဘယ်တော့မှ လျှောနံ့ဓားထစ် မှတ်ချက်မျိုးဆိုလို့ မရှိပါ။ ဆရာစာသင်ကြားပုံမှာ တပည့်များအား စာပေသင်ကြားပေးနေသည်နှင့်မတူဘဲ (တက္ကသိုလ် အဆင့်မြင့်သည့်အတိုင်း) တပည့်များရှေ့တွင် သုတေသနစာတမ်းတစ်စောင်ကို ဖတ်နေသည်နှင့်ပင် တူနေသေးတော့သည်ဟုပင် ကျွန်တော်မကြာခဏ အောက်မေ့မိပါသည်။

‘ရှင်အာနန္ဒာ’ ကို ‘အာနန်’ ဟု ခေါ်လိုက်ပုံကလေးမှ အစပြုပြီး သမိုင်းကောက်ချက်ကြီး တစ်ခုထိအောင် ဆွဲယူသုံးသပ် လိုက်ပုံကို ကျွန်တော် ယခုထက်တိုင် မမေ့နိုင်တော့ပါ။ လေ့လာမှုဆိုသည်မှာ ဤသို့ပါတကား ဟူသော အသိကလေးလည်း ဝင်းခနဲပေါ်လာခဲ့ရပါသည်။

*

ဆရာကြီး နောက်တစ်ပါးကတော့ ဆရာကြီးဦးဖေမောင်တင် ဖြစ်ပါသည်။ ဆရာဦးဝန် မြန်မာစာပါမောက္ခ ဖြစ်လာသောအခါ ဆရာဦးဝန်နှင့် ဆရာဇော်ဂျီတို့က ဆရာကြီးဦးဖေမောင်တင်အား ကျွန်တော်တို့အတန်းကို နည်းနည်းပါးပါး သင်ကြားပေးပါရန်



http://myanmarpyithar.net

တောင်းပန်ပါသည်။ ကျွန်တော်တို့ အတန်းဟု ဆိုလိုက်သောကြောင့် လူများများစားစားဟု မထင်လိုက်ပါနှင့်။ မဟာဝိဇ္ဇာ အရည်အချင်းစစ်တန်းတွင် ကျွန်တော်နှင့် တက္ကသိုလ်မင်းမော် နှစ်ယောက်တည်းပါ။ (ပထမအစတွင်တော့ မင်းယုဝေလည်း တက်လိုက်သေးသည်။ သိပ်မကြာလိုက်၊ သူ့ငွေတာရီမဂ္ဂဇင်း အလုပ်တွေကြောင့် ဆက်မတက်နိုင်တော့ချေ။) နောက်တစ်ယောက် ရှိသေးသည်။ တင်တင်စိုးဆိုသော ကျောင်းသူတစ်ယောက်။ သူကတော့ အထွေထွေ ဂုဏ်ထူးတန်း နောက်ဆုံးနှစ်အဖြစ် တက်နေခြင်းဖြစ်သည်။ ထို့ကြောင့် သင်တန်းသားမှာ သုံးယောက်တည်းသာ ဖြစ်သည်။

ဆရာကြီးဦးဖေမောင်တင် လာရောက်သင်ကြားပြီဆိုလျှင် ဆရာဦးဝန်ကလည်း သင်တန်းသားတစ်ယောက်ကဲ့သို့ ကျွန်တော်တို့ နောက်ဘက်နားက လာထိုင်ပြီး နာယူမှတ်သားလေ့ရှိသည်။ ကျွန်တော်တို့ အနေရအထိုင်ရ ခက်မည်စိုးသောကြောင့် "ဆရာလာလို့ ဘာမှ အနှောင့်အယှက် မဖြစ်ကြနဲ့၊ မင်းတို့သင်တန်းမှာ ဆရာက ဧည့်သည်အဖြစ် လာပြီးနားထောင်တာ၊ မင်းတို့ကို စောင့်ကြည့်ဖို့လာတာမဟုတ်ဘူး။ ခါတိုင်းလိုပဲ သက်သက်သာသာနေကြ" ဟု ပြောပါသည်။

ကျွန်တော်တို့ရဲ့ဆရာကြီး ပါမောက္ခဦးဝန်က



http://myanmarpyithar.net

သူ့ဆရာကြီးဖြစ်သော ဆရာကြီးဦးဖေမောင်တင်၏ ပို့ချမှုကို ကျောင်းသားငယ်ကလေး တစ်ယောက်လို လာရောက် ကြားနာနေပြန်သည်ကို တွေ့လိုက်ရတော့ ကျွန်တော့်မှာ ဝမ်းသာပီတိဖြစ်သလိုလို၊ ကြည်ညို အားကျခြင်း ဖြစ်မိသလိုလို ဒီလိုဆရာကြီးမျိုးတွေ လက်အောက်မှာ သင်ကြားနေရခြင်းအတွက် ဂုဏ်ယူမိ သလိုလို ခံစားမှုအသွယ်သွယ်ကို စာဖတ်သူကပဲ ဖြည့်စွက် ကြည့်လိုက်ပါတော့ဟု ပြောလိုက်ရပါတော့ မည်။

ဆရာကြီးဦးဖေမောင်တင်က ဘာသာစကား လေ့လာပုံကို သင်ကြားပေးပါသည်။ ဂရိဘာသာစကား၊ လက်တင် ဘာသာစကား၊ ပါဠိ၊ သက္ကတစသည် အားဖြင့် နှိုင်းယှဉ်ကာ သင်ပြသွားတတ်ပါသည်။ ထိုထို သော သင်ကြားမှုတို့အနက် ကျွန်တော်လန့်သွားသော သင်ကြားချက် တစ်ခုကို တင်ပြလိုက်ပါရစေ။

တစ်နေ့တွင်တော့ ဆရာကြီးက အမှတ်မထင် စကားစပ်လိုက်မိသကဲ့သို့ . . .

"နေဦးကွ . . . မင်းတို့ကို ဆရာတစ်ခု မေးလိုက်ရဦးမယ်၊ အမ်အိုင်အင်ဒီ မိုင်း (m-i-n-d mind) ဆိုတာ မြန်မာလိုဘာလဲ၊ မြန်မာလိုပြောတာ နော်"တဲ့။



http://myanmarpyithar.net

ကျွန်တော်တို့ သုံးကောင်စလုံး ရုတ်တရက် ဘာမှပြန်မပြောဝံ့ပါ။ (mind) 'စိတ်' ဆိုတာကို ကလေးတွေအစ သိနေကြမင့် ကျွန်တော်တို့လည်း သိကြသည်ပေ့ါ။ စာဖတ်သူ စဉ်းစားကြည့်ပါ။ ဆရာကြီးက တစ်ခုခု အဓိပ္ပါယ်နှင့် မေးသည်ကို ကျွန်တော်တို့ သိနေကြလေတော့ ရုတ်တရက်ဘယ်မှာ ပြောဝံ့ပါ့မလဲ။ မျက်လုံးအပြူးသားနှင့် သည်အတိုင်းကြောင်ပြီး ကြည့်နေမိကြသည်ပေ့ါ။ ဆရာကြီးက ကိုယ်သိသလို နားလည်သလိုသာ ပြောကြရန် ထပ်ပြီးအားပေးတော့မှ ကျွန်တော်က အရဲစွန့်ပြီး . . .

"စိတ်ပါ . . ဆရာကြီး"

ဆရာကြီးက အနည်းငယ် ပြုံးယောင်ပြုလျက် . . .

"ဆရာ မေးနေတာက ဗမာလို ဘာခေါ်သလဲလို့ မေးနေတာ၊ 'စိတ်' က ပါဠိစိတ္တကို ယူထားတာ မဟုတ်လား၊ ဗမာလို စကားလုံးကို မေးနေတာ"

စာဖတ်သူ စဉ်းစားကြည့်ပါ။ ကျွန်တော် တကယ့်ကို တိုက်တွန်းတာပါ။ သည်ဆောင်းပါးကို ခဏလေးချထားပြီး စဉ်းစားကြည့်လိုက်စမ်းပါ။ အမ်အိုင်အင်ဒီ မိုင်းကို ဗမာလိုဘာခေါ်သလဲ။ ဗမာစကားလုံး ရှာကြည့်စမ်းပါ။ ထိုအခါတွင်မှ ကျွန်တော်တို့

သင်တန်းသား သုံးကောင် ချေးပြန်ကြသည်ကို နားလည်လာနိုင်ပါလိမ့်မည်။

ခဏရှိတော့မှ ဆရာကြီးက သေချာစဉ်းစားဟန်ဖြင့် ခပ်အေးအေးဆက်ပြီး ပြောပါသည်။

"ဆရာလည်း အတော်စဉ်းစားကြည့်ပြီးပြီ၊ မတွေ့သေးဘူး။ 'သဘော' ဆိုတဲ့စကားကလည်း 'သဘာဝ' ဆိုတဲ့ ပါဠိက လာတာဖြစ်နေတယ်။ 'နှလုံး' ဆိုတာကောလို့လည်း စဉ်းစားကြည့်မိသေးတယ်။ ဒါပေမဲ့ 'နှလုံး' ဆိုတာ တင်စားပြီးပြောကြတာ၊ သူ့ရင်းမြစ်က (heart) ပဲ။ (mind) ကိုဆိုတာ မဟုတ်ဘူး။ ဒီ (mind) ဆိုတာဟာ အတော်ကို အရေးကြီးတဲ့ စကားလုံး။ မုချရှိရမယ့်စကားလုံး၊ သို့ပါလျက်နဲ့ ငါတို့ ဗမာစကားမှာ ဘာကြောင့်မရှိသလဲ၊ ဘာကြောင့် ပါဠိကယူရသလဲ။ ရှိခဲ့ဖူးသလား။ နောက်မှ ပျောက်သွားသလား။ ရှိခဲ့ဖူးပါလျက် နောက်မှ ပျောက်သွားတာဆိုရင် ဒီ 'စိတ်' ဆိုတဲ့ ပါဠိသက် ဝေါဟာရလောက် ခွန်အားမရှိလို့ ပျောက်သွားတာလား။ အဲဒါတွေကို မင်းတို့ စဉ်းစားကြရမယ်။ ဒီလိုပဲ "ကိုယ်" ဆိုတာဟာလည်း အရင်းကိုစစ်လိုက်ရင် "ကာယ" က လာတာပဲ ဖြစ်နေတယ် မဟုတ်လား။ အေး . . . အဲဒါတွေကို မင်းတို့ဆက်ပြီး စဉ်းစားကြရမယ်၊ ဘာကြောင့်လဲ

ဆိုတာကို လေ့လာကြရမယ်”

ဆရာကြီးဦးဖေမောင်တင်က ကျွန်တော်တို့ကို ဘာသင်ပေးသွားသလဲဆိုသည်ကို စာဖတ်သူ စဉ်းစားကြည့်စေချင်ပါသည်။

ဘာမှသင်မပေးသွားဟုလည်း ပြောနိုင်ပါသည်။ တစ်သက်လုံး သုံးလို့မကုန်နိုင်အောင် အတော မသတ် သင်ပေးသွားသည်ဟုလည်း ဆိုနိုင်ပါလိမ့်မည်။

‘လန့်လောက်သည်’ ဟူသော စကားကို ကျွန်တော်သုံးခဲ့ပါသည်။ ကျွန်တော်ကဖြင့် ယခုပြန်တွေးလျှင် ပြန်ပြီးလန့်နေဆဲ ရှိပါသေးသည်။

တက္ကသိုလ်ဆရာတစ်ယောက်အနေနှင့် ကျွန်တော့်ကိုယ် ကျွန်တော် စဉ်းစားကြည့်လိုက်သောအခါ ခပ်ညံ့ညံ့ဆရာ တစ်ယောက်သာလျှင် ဖြစ်သည်ဟု အထက်တွင် ဆိုခဲ့ပါသည်။ မြန်မာစာတွင်သာမဟုတ် မည်သည့်ဘာသာရပ်တွင်မဆို ထိုကဲ့သို့သောဆရာကြီးများ စုဝေးနေမှသာလျှင် တက္ကသိုလ်ပီသနိုင်သည်ဟုလည်း ယုံကြည်မိပါသည်။

ဤသို့သော ဆရာကြီးများနှင့် ကြုံခဲ့ရသည့် ကျွန်တော့်ဘဝကို အလွန်ကျေနပ်ခြင်း ဖြစ်မိပါသည်။ ကျွန်တော်၏ သားငယ်သမီးငယ်များသဖွယ် ဖြစ်သော မျိုးဆက်သစ် လူငယ်များသည်လည်း ကျွန်တော်ကဲ့သို့



http://myanmarpyithar.net

ပင် 'လန့်လောက်အောင် ပညာကြီးသည့်' ဆရာများနှင့် ကြုံကြရပါစေဟု ဆုတောင်းလိုက်ရပါသည်။ ။

_တကသိုလ်ဆရာ တစ်ယောက်အနေနှင့်_
_ကျွန်တော့်ကိုယ်_
_ကျွန်တော် စဉ်းစားကြည့်လိုက်သောအခါ_
_ခပ်ညံ့ညံ့ဆရာ တစ်ယောက်သာလျှင် ဖြစ်သည်ဟု_
_အထက်တွင် ဆိုခဲ့ပါသည်။_
_မြန်မာစာတွင်သာမဟုတ်၊ မည်သည့်_
_ဘာသာရပ်တွင်မဆို_
_ထိုကဲ့သို့သော ဆရာကြီးများ စုဝေးနေမှသာလျှင်_
_တက္ကသိုလ် ပီသနိုင်သည်ဟုလည်း_
_ယုံကြည်မိပါသည်။_

# ဆရာသခင် ကျေးဇူးရှင်ကို

"မြန်မာနှင့်သံဃာ"ကို ခွဲလို့ မရနိုင်စကောင်းဟု ကျွန်တော်ထင်မိသည်။ သမိုင်းတစ်လျှောက်လုံးကို ပြန်ပြီးစဉ်းစား ကြည့်လိုက်သောအခါ မြန်မာ့လူ့အဖွဲ့ အစည်းတွင် အုပ်ချုပ်သူ ဘုရင်မင်းမြတ် အစိုးရအဖွဲ့ အစည်းထက်ပင် အရေးပါနေသေးသည်ဟုလည်း အောက်မေ့လိုက်မိသည်။

ဟိုး . . . အဝေးအလံ တောကြိုအုံကြား နယ်စွန်ရပ်ဖျား ဆိုသည်မျိုးက လူတွေမှာ တစ်ခါတစ်ရံ ဘယ်မင်းဘယ်စိုး အုပ်ချုပ်နေသည်ကိုပင် မသိကြ။ မင်းပြောင်းမင်းလွဲ ဖြစ်သွားသည်ကိုပင်လည်း မသိလိုက်ကြ။ သို့ပါလျက်နှင့်ပင် သူတို့ပတ်ဝန်းကျင် ကလေးမှာလည်း သူ့စည်းသူ့ကမ်းနှင့် ငြိမ်းငြိမ်းချမ်းချမ်း လုပ်ကိုင်စားသောက်နေနိုင်ကြသည်။ တရားလက်လွတ် ဥပဒေမဲ့ပြုလုပ်ခြင်း မရှိကြ။ ဤသို့ငြိမ်းချမ်းသော



http://myanmarpyithar.net

လူ့အဖွဲ့အစည်းကလေး ဖြစ်နေခဲ့သည်မှာ ဗုဒ္ဓဘာသာ၏ အဆုံးအမကြောင့်သာလျှင် ဖြစ်ပေသည်။ မြတ်စွာဘုရားသခင်က လှမ်းပြီး စောင့်ရှောက်နေခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မည်သို့ စောင့်ရှောက်သနည်း။

သံဃာတော်များမှတစ်ဆင့် စောင့်ရှောက်သည်။ မည်မျှသေးငယ်သော ရွာငယ်ဇနပုဒ်ကလေး ဖြစ်နေစေဦးတော့ ရွာဦးကျောင်းကလေးတော့ဖြင့် ရှိမှ တင့်တယ်သည်။ မရှိလျှင် မတင့်မတယ် မျက်နှာငယ်ကြရသည်။ သည်တော့ ရွာကလေး တစ်ရွာတည်လိုက်မိပြီဆိုလျှင် ဘုရားမတည်နိုင်စေဦးတော့၊ သက်ကယ်မိုး ဝါးကျောင်းကလေး တစ်ဆောင်လောက်နှင့်ဘုန်းကြီးလေးတစ်ပါးလောက်တော့ ရှိလာအောင် ကြိုးစားကြရသည်။

မိမိတို့ သားငယ်သမီးငယ်တို့ကိုလည်း ကျောင်းသို့ပို့ပြီး စာလေးပေလေး ဖတ်တတ်အောင် သင်စေသည်။ အရွယ်ကလေး အတန်အသင့်ရလာလျှင် သာမဏေ ပြုကြရပြန်သည်။ သည်လိုဖြစ်လာပြန်တော့ ငါးပါးသီလကိုသာမက ဆယ်ပါးသီလထိအောင် စောင့်ထိန်းလာကြရသည်။ သီလကို အပြည့်အစုံလုံအောင် မထိန်းနိုင်စေဦးတော့ ကောင်းမှု၊ မကောင်းမှု



http://myanmarpyithar.net

ကိုတော့ ခွဲခြားသိလာရသည်။ မကောင်းမှုပြုခြင်း၌ ရှက်ရမှန်း ကြောက်ရမှန်း သိလာကြသည်။ ထိုကဲ့သို့ အရေးကြီးလှသော ကိုယ့်ကျင့်တရားများကို သာမက 'သေခိယ' ကဲ့သို့သော သာမဏေဝိနည်း (ရှင်ကျင့်ဝတ်) ကိုပါ လေ့လာကျက်မှတ်ကြရသည်။ အာဂုံဆောင်ပြီး ရွတ်အံကြရသည်။ ဤသို့အားဖြင့် တင့်တယ်အောင်၊ ရည်မွန်အောင် နေနည်း၊ ထိုင်နည်း အမူအရာတို့ကိုပါ အကျင့်ရသွားသည်။ ယုတ်စွအဆုံး "သုရု သုရု ကာရကံ၊ ရှုတ်ရှုတ်ပြု၍လည်း၊ နဘုဥ္စိဿာမ၊ မစားအံ့" ဆိုတာမျိုးကိုပါ ကျက်မှတ်လိုက်နာပြန်တော့ ထမင်းစားရာ၌ပင် ပျပ်ပျပ် ပျပ်ပျပ် မမြည်အောင် စားရမှန်း သိလာကြသည်။ အလေ့အကျင့် ရလာကြသည်။

ဤသို့နှင့် ရွာဦးကျောင်းဘုန်းတော်ကြီး၏ တပည့်များချည်းသာ ဖြစ်လာကြလေတော့ ဘုန်းတော်ကြီး ပြုံးပြုံမည်ကို ကြောက်ကြသည်။ ဘုန်းတော်ကြီး ကဲ့ရဲ့မည်ကို စိုးရိမ်ကြသည်။ ဤသို့အားဖြင့် ဘုရားရှင် ကွပ်ကဲအုပ်ချုပ်သော လူ့အဖွဲ့အစည်းကလေး ဖြစ်လာရသည်။

ထိုရွာဦးဘုန်းတော်ကြီးကိုလည်း ဟိုကသည်က တွေ့ရာ ဖမ်းခေါ်ပြီး ရလာသည်မဟုတ်။ ပညာ သိက္ခာ သမာဓိအားဖြင့် ကြီးမားကျော်စောလှသည့် ရွာကြီး



http://myanmarpyithar.net

တစ်ရွာမှ ဆရာတော်ကြီးထံသွားရောက်ပြီး ကျောင်းထိုင်ဘုန်းကြီး တစ်ပါးလောက် သနားချီးမြှင့်ပါရန် လျှောက်ထားတောင်းပန်ပြီးမှ ရလာခဲ့ခြင်းဖြစ်သည်။ သည်တော့ မိမိတို့ရွာဦးကျောင်း ဘုန်းတော်ကြီး၏ ဆရာဖြစ်သော ဆရာတော်ကြီးကို ပိုလို့ပင် ကြောက်ရွံ့ရိုသေကြရသေးသည်။

ဤသို့အားဖြင့် ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ် ဆရာတော်ကြီးများသည် မြန်မာလူ့အဖွဲ့အစည်းကို ဆင့်ကဲဆင့်ကဲ ထိန်းသိမ်းတော် မူခဲ့ကြလေသည်။ မင်းအစိုးရတို့ ပညတ်ထားသော ဥပဒေကိုလူတို့ ကြောက်ရွံ့ကြပါဆိုလျှင် ဘုရားရှင်၏ ပညတ်ချက်ကိုကား ရိုသေကြရသည်။ မင်းပြောင်းမင်းလွှဲ ဥပဒေမဲ့၊ အုပ်ချုပ်ရေးမဲ့ကာလမျိုးဆိုသည်မှာ တစ်ခါတစ်ရံ ရှိလာတတ်သေးသည်။ ဘုရားရှင်၏ ပညတ်ချက်မှာ ဆိတ်ကွယ်ရာ ဘယ်တော့မှမရှိ။ မင်းအစိုးရတို့၏ ဥပဒေကို ဖောက်ဖျက်၍ပြစ်ဒဏ် ခံရသည်က ယခုမျက်မှောက် ဘဝသာလျှင် ဘုရားရှင် ပညတ်ညွှန်ပြခဲ့သော ဥပဒေကို ဖောက်ဖျက်လျှင်ကား သံသရာတိုင်အောင်ခံရမည်။ ဤသို့လျှင် သံဃာတော်များက မြန်မာလူ့အဖွဲ့အစည်းကို ထိန်းကျောင်းပေးတော်မူခဲ့ကြသည်။

ထို့ကြောင့် ကျေးရွာတစ်ခု၌ ဘုန်းတော်ကြီးက



http://myanmarpyithar.net

သိက္ခာသြဇာကြီးလာပြီဆိုလျှင် ရွာသူကြီးအဖို့ အမှုကိစ္စ နည်းပါးသွားလေတော့သည်။ ဘုန်းတော်ကြီး၏ ကျေးဇူးကိုလည်း လူတိုင်းက ရိုသေလာကြရတော့သည်။ မျက်မှောက်ဘဝအတွက်သာ မဟုတ်၊ သံသရာအတွက်ကိုပါ သွန်သင်ပေးသောကြောင့် တကယ့်ကို နေတတ်အောင်၊ သေတတ်အောင် ထိန်းကျောင်းပေးသည့် ဆရာသမားအဖြစ် ကျိုးနွံရိုသေ ကြရသည်။ ကျေးဇူးတင်ကြသည်။

ထို့ကြောင့် ထိုကဲ့သို့သော ပညာ၊ သိက္ခာ၊ သမာဓိ ကြီးမားလှသည့် ဆရာတော်ကြီးမျိုး ပျံလွန်တော် မူလိုက်ပြီဆိုလျှင် ရွှေတောင်ကြီးပြိုလိုက်သလို ငှက်အပေါင်းတို့ မှီခိုရာ ပညောင်ပင်ကြီး လဲပြိုလိုက်သလို နှမြောတသပူဆွေးကြသည်။ ကိုယ့်ဆရာမျှသာ မဟုတ်၊ ကိုယ့်မိကိုယ့်ဖ၏ ဆရာကြီးဖြစ်ခဲ့သည်။ ကိုယ့်တစ်ရွာ၏ ဆရာမျှသာမဟုတ်၊ တစ်နယ်လုံး၏ ဆရာလည်း ဖြစ်ခဲ့သည်။ ရွာသိမ်ရွာငယ်ကလေးများတွင် ကျောင်းထိုင်နေကြသော ဘုန်းတော်ကြီးများမှာလည်း ဤဆရာတော်ကြီးကပင် စေလွှတ်ကျောင်းထိုင်စေခဲ့သော ဘုန်းကြီးများ မဟုတ်ပါလား။

သည်တော့ ဆရာတော်၏ ဈာပနကိစ္စမှာ တစ်ရွာ၏ကိစ္စမဟုတ်။ တစ်နယ်လုံး၏ကိစ္စဖြစ်လာ



http://myanmarpyithar.net

ချေပြီ။ ထို့ကြောင့် ကြီးကျယ်လှသော ဘုန်းကြီးပျံကြီးများ ပေါ်ပေါက်လာခဲ့ရသည်။ တစ်ရွာနှင့်တစ်ရွာ အပြိုင်အဆိုင်တွေ များလာသောအခါတွင်မူကား ကြောက်ခမန်း လန့်ခမန်း ကြီးကျယ်လာလေရာ ပကာသနဘက်သို့ ရောက်မှန်းမသိ ရောက်သွားလေတော့သည်။

ရှေးခေတ် ဘုန်းကြီးပျံကြီးများကို ကျွန်တော် အတန်အသင့် မီလိုက်ပါသေးသည်။ ကျွန်တော်တို့ကတော့ ကလေးဘဝ ပျော်စရာကောင်းတာလောက်ကိုသာ မှတ်မိပါတော့သည်။ နွေရာသီ လယ်ကွင်းပြင်ကြီးများတွင် ဧရာမစက္ကူပြာသဒ်ကြီးများ၊ လောင်တိုက်ကြီးများကို တအံ့တသြမြင်ခဲ့ရသည်ကို မမေ့နိုင်တော့ပါ။ မိမိတို့၏ ကျေးဇူးရှင် "ဆရာကြီး" ကိုနောက်ဆုံးကန်တော့ ပူဇော်ခြင်းအဖြစ် ကျင်းပပြုလုပ်ကြောင်းကို ထိုစဉ်က သဘောမပေါက်ခဲ့ပါ။ ယခုကြီးလာမှ မြန်မာ့လူ့အဖွဲ့အစည်းတွင် သံဃာတော်တို့၏အခန်းကဏ္ဍ အရေးကြီးလှပုံကို စဉ်းစားမိပြီး ဘုန်းကြီးပျံ၏ ခမ်းနားမှုကိုနားလည်လာနိုင်ခြင်းဖြစ်ပါသည်။ တကယ့်ကို ကျေးဇူးတင်အပ်သော၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာလုံးအတွက် သွန်သင်ပေးသော ကျေးဇူးရှင်ဆရာကြီးတစ်ဆူကို နှမြောပူဇော်သောပွဲကြီးဟု ဆိုနိုင်ပါပေသည်။

ဆရာတော်ကြီးများသည် မြန်မာ့လူ့အဖွဲ့အစည်းကို အရိပ်တကြည့်ကြည့် ရှုမြင်သုံးသပ်လျက် မသင့်တာကို တွေ့လိုက်လျှင် ပြင်ဆင်ကြရန် ညွှန်ပြဆုံးမတတ်ကြပါသည်။ ဤသို့ပူဇော်ကြရာ၌ပင် နောင်အခါ ပကာသနတွေ များလွန်းလှသောကြောင့် လူတို့ ပင်ပန်းကြရာလွန်းသည်ကို တွေ့ရသောအခါ၌လည်း မနေဆိတ်ရှာတော့ပါ။ 'ဘုန်းကြီးသေ ရွာကြေ' ဟူသော အဖြစ်မျိုးကို ရောက်စေချင်ရှာဟန်မတူပါ။

ကျွန်တော်တို့ တောင်တွင်းကြီးမြို့ 'ဒက္ခိဏာရုံ' ကျောင်း ဆရာတော် (စစ်ကြီးပြီးစတွင်) ပျံလွန်တော်မူသောအခါ သံပေါက်ကဗျာလေးရေးပြီး အမှာစကားထားခဲ့သည်ကို ဖတ်ကြည့်လိုက်လျှင် ဆရာတော်ကြီးတို့၏ ဤသို့သော ကရုဏာစေတနာနှင့် မေတ္တာကိုပါ နားလည်နိုင်ကြဖွယ် ရှိပါသည်။ ဖတ်ကြည့်ပါ. . .

*ဝိညာဉ်ကွေကွင်း၊ ငှဲ့ရုပ်ကြွင်း၊*
*ချက်ချင်း ခေါင်းထဲထဲ့ (ထည့်)။*
*ခုတင်မှာပြောင်၊ အထည်ရှောင်၊*
*လှအောင် မဆင်နဲ့။*
*ထီးရိုးဝါးခုတ်၊ ဆိုင်းပေါင်တုတ်၊*
*သုတ်သုတ် ထမ်းစေကွဲ့။*
*မီးပုံသို့သွင်း၊ တစ်နေ့ချင်း၊*



http://myanmarpyithar.net

*လက်ငင်း မီးရှို့ကွဲ့။*
*တစ်ပါးနှစ်ပါး၊ သံဃာများ၊*
*တတ်အားသလောက်နဲ့။*
*မင်းကျောင်း မိုးကောင်း၊ စမ်းဖျားပေါင်း၊*
*ထပ်လောင်း မိုးထိထဲ့ (ထည့်)။*
*မစိုးရိမ်နှင့်၊ ဗိမာန်ပင့်၊*
*တော်သင့်လောက်ပြီကွဲ့။*
*ကုသိုလ်လိုလို၊ ဘာလိုလို၊ အပိုမလုပ်နဲ့။*

(ကန်တော်) မင်းကျောင်း၊ မိုးကောင်း၊ စမ်းဖျား၊ မိုးထိ၊ မစိုးရိမ်၊ ဗိမာန်ဆိုသည်တို့မှာ ဘုန်းတော်ကြီးကျောင်းများ ဖြစ်ပါသည်။ ဆရာတော်ကျောင်းထဲတွင် ထီးရိုးဝါးတွေကလည်း ပေါလှပါသည်။ ထို့ကြောင့် ဆရာတော်ကလွယ်ကူအောင် မှာခဲ့ခြင်းဖြစ်ပါသည်။

ထိုသံပေါက်ကဗျာလေးကို ကျွန်တော်က ဆရာဇော်ဂျီအား ရွတ်ဆိုပြခဲ့ဖူးပါသည်။ ဆရာက "တယ်ကောင်းတဲ့ ကဗျာပဲ၊ 'ကုသိုလ်လိုလို ဘာလိုလို' ဆိုတဲ့စကားဟာ သိပ်အားရှိတာပဲ" ဟု မှတ်ချက်ချခဲ့သည်ကို ပြန်ပြီး သတိရနေမိပါသေးသည်။ ။

Future Publishing House

http://myanmarpyithar.net

# ပညာရှိများအကြောင်း

မကြာသေးမီက 'မော်ဘီဆရာသိန်းကြီး' ၏ 'ပညာရှိကြီးများအကြောင်း' စာအုပ်တစ်အုပ်ကို စာအုပ်ဟောင်းဈေးတန်းတွင် တွေ့ရသောကြောင့် ဝယ်လာခဲ့မိသည်။ ထိုစာအုပ်ကို ကျွန်တော် ဆယ့်လေးငါးနှစ်သား အရွယ်ကပင် ဖတ်ခဲ့ဖူးပါသည်။ ကျွန်တော့်တွင်လည်း နောင်အခါ ကိုယ်ပိုင်တစ်အုပ် ရှိခဲ့ဖူးပါသည်။ ထိုစာအုပ်ပျောက်သွားသောကြောင့် ကြုံသည့်ခိုက် ဝယ်လိုက်မိခြင်း ဖြစ်ပါသည်။

ဝယ်လာပြီး အမှတ်မထင် အိပ်ရာဘေး၌ပင်ထားမိသည်။ သုံးလေးရက်ကြာမှ ထိုစာအုပ်ကို (ဘာရယ်မဟုတ်) အမှတ်မထင်ကောက်ပြီး ကိုင်လိုက်မိသည်။ စာအုပ်ကို လှန်လိုက်ပြီး တွေ့သည့်နေရာကို ဖတ်လိုက်ရာမှ တစ်အုပ်လုံးကို ပြန်ဖတ်နေမိသည်။ ယခင်ကလည်း ဖတ်ခဲ့ဖူးပြီးဖြစ်ပါလျက် ယခုမှ သတိ



http://myanmarpyithar.net

ထားမိလိုက်သည်က 'ပညာရှိများအကြောင်း' ဖြစ်ပါသည်။ 'ပညာရှိများအကြောင်း' စာအုပ်ကို ဖတ်လိုက်ပြီး ယခုမှ သတိပြုလိုက်မိသည်က 'ပညာရှိများအကြောင်း' လို့ဆိုလိုက်တော့ စာဖတ်သူ နားရှုပ်သွားလိမ့်မည် ထင်ပါသည်။ ရှေ့ဆက်ပြီး ဖတ်လိုက်လျှင် ရှင်းလာပါလိမ့်မည်။

အထူးသဖြင့် ပညာရှာဖွေနေကြသော ကျောင်းသားလူငယ်များ သတိပြုမိကြစေလိုသော ကြောင့်လည်း ဤဆောင်းပါးကို ရေးဖြစ်ပါသည်။

*

ယထမဆုံး တင်ပြလိုသည်မှာ 'မြောင်လှမြို့စား၊ နိုင်ငံခြားဝန်မင်း၊ မင်းကြီးမဟာသီရိ ဇေယျသူ ဦးချိမ့်' အကြောင်းဖြစ်ပါသည်။ ကင်းဝန်မင်းကြီးနှင့်အတူ လန်ဒန်၊ ပြင်သစ် စသော သံတမန်ခရီးများတွင် အတူလိုက်ပါ အမှုထမ်းခဲ့ရသော ပညာရှိကြီး ဖြစ်ပါသည်။

မင်းကြီးဦးချိမ့် ပညာဆည်းပူးပုံမှာ အံ့သြလောက်စရာ ဖြစ်ပါသည်။ အိပ်ချိန်မှအပ စာကိုသာ ဆည်းပူးနေတော့သည်ဟု ဆိုရမည်ဖြစ်ပါသည်။ အကြောင်းမှာ ထမင်းစားချိန်နှင့် လက်ဖက်ရည် ချိုချဉ်များ စားသုံးနေခိုက်မှာပင် ဆည်းပူးမှုကို အပျက်မခံ



http://myanmarpyithar.net

သောကြောင့် ဖြစ်ပါသည်။ မင်းကြီးသည် စာရေးများ အား မင်းက ဘယ်ကျောက်စာကိုကြည့်၍ ဘယ်အချက် ကိုရှာ၊ မင်းက ဘယ်သမိုင်းကိုကြည့်၍ ဘယ်အချက်ကိုရှာ စသည်ဖြင့် ဆေးကျမ်း၊ မော်ကွန်း၊ ပျို့ စသည်တို့ကို တာဝန်ခွဲဝေပေးပြီး အရှာခိုင်းထားသည်။ ထိုစာရေးများ က မင်းကြီး ထမင်းသုံးဆောင်နေသည့် အခိုက်တွင် မိမိတို့ ရှာဖွေတွေ့ရှိထားသမျှကို အသီးသီး လျှောက် ထားကြရသည်။ ပြီးလျှင် လိုအပ်သည့်အချက်များကို စာကူးစာရေးများအား ထုတ်နုတ်ရေးကူးစေသည်။ စာကူးစာရေးများက မိမိတို့ရေးကူးထားသည့် စာများကို မင်းကြီး လက်ဖက်ရည် သုံးဆောင်နေသည့်အခိုက်တွင် တိုက်ဆိုင် ညှိနှိုင်းပြီး ဖတ်ကြား လျှောက်ထားကြရသည်။ ဤသည်မှာ ထမင်းသုံးဆောင်တိုင်း လက်ဖက်ရည် သုံးဆောင်တိုင်းပင်ဖြစ်သည်။ မှော်ဘီဆရာသိန်းကြီး တင်ပြထားသည်ကို ကြည့်လိုက်ပါဦး . . .

"မင်းကြီးသည် အိမ်သာသွားသည့်အခါ စာကို ကြည့်ရှုလျက်သွားသည်။ အိမ်သာတွင်းသို့ ရောက်သောအခါ မိမိကြည့်ရှုရန် ကပ်ထားသောစာ ကိုလည်း ကျက်မှတ်လေသည်။ ၎င်းမင်းကြီးသည် နန်းတော် ဝင်ခိုက်အခါမှသာ မျက်စိနှင့်စာ လွတ် သည်။ အိပ်သည့်အခါမှာ လွတ်သည်။ ဤမှတစ်ပါး



http://myanmarpyithar.net

စာပေ ကြည့်ရှုခြင်းနိုက် မိမိကိုယ်ကို အားလပ်ခွင့်မထား အချိန်မဖြုန်း ဆောင်ရွက်လျက်ရှိသည်။" (သတ်ပုံ မူရင်းအတိုင်း)

"မိမိကိုယ်ကို အားလပ်ခွင့်မထား" ဟူသော စကားကို အလွန်နှစ်သက်မိပါသည်။ သူတို့အကြောင်းကို ဖတ်လိုက်ရသောအခါ လက်ဖက်ရည်ဆိုင်၌ အလဟဿ အချိန်ကုန်မှု ဟိုသွားဒီသွား လပ်လျားလပ်လျား အချိန်ကုန်မှုများအတွက် ကိုယ့်ကိုကိုယ် ရှုတ်ချမိစိတ်များ ပေါ်လာမိသည်မှာ အမှန်ဖြစ်သည်။ 'ပညာရှိ' ဟူသော ဘွဲ့တစ်ခုကိုရဖို့ ပေးထားလိုက်ရသည့် အရင်းအနှီးကလည်း မနည်းပါတကားဟု အောက်မေ့လိုက်မိပါသည်။ သူတို့သည် စာမေးပွဲအောင်ဖို့မဟုတ်၊ အလုပ်ရဖို့မဟုတ်၊ ပညာကို ချစ်ကိုချစ်လို့ မြတ်နိုးကို မြတ်နိုးလို့ ဆည်းပူးကြခြင်းပါတကားဟုလည်း အောက်မေ့လိုက်မိပါသေးသည်။ ပညာကို ချစ်ကြပုံ ဆက်ပြီးတင်ပြလိုက်ရပါဦးမည်။

*

ဒုတိယတင်ပြလိုသည်က 'မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ်မင်း ဦးယမ်' အကြောင်းဖြစ်ပါသည်။ ဝန်မင်းသည် စာပေပိဋကတ်ကိုလည်း နှံ့စပ်အောင် ကြိုးစားသည်။ တစ်စုံတစ်ဦးသော ဆရာတော်၏ မိန့်ဆို



http://myanmarpyithar.net

ချက်ကို သံသယဖြစ်လိုက်မိလျှင် တစ်ချက်မျှအားမနာမည်သည့် ကျမ်းအထောက်အထားအရ မိန့်ဆိုကြောင်း မေးမြန်းလျှောက်ထားသည်။ ကျမ်းကို ညွှန်းလိုက်လျှင်လည်း ချက်ချင်းရှေ့မှောက်မှာပင် ထိုကျမ်းကို ထုတ်ဖြေ၍ ရှာဖွေစေသည်။ မတွေ့လျှင်၊ မှားလျှင် ခပ်ပြောင်ပြောင်ပင် အပြစ်တင်သည်။ မှန်လျှင် သာဓုခေါ်ပြီး ရိုသေစွာ မှတ်သားသည်။

ကျွန်တော့်စိတ်တွင် အံ့သြခြင်း၊ ကြည်ညိုခြင်း ဖြစ်မိသည့် အကြောင်းအရာတို့ကို တင်ပြလိုက်ရပါဦးမည်။ သီပေါမင်းတရား နန်းတက်တော်မူသည့်အခါ အလုံ ဒီပဲယင်းအမြင့် (၅)မြို့ကို စားရသည်။ ထိုမြို့များကို စားရသည့်အတွက် မြို့သိမ်းခရီး ထွက်ရာတွင် အလုံမြို့နယ် ညောင်ကန်ရွာသို့ရောက်အောင် သွားသည်။ ပိဋကတ်သုံးပုံကို ထိုးဖောက်သိမြင်နိုင်စွမ်း ရှိခဲ့ပေသော ဆရာတော်ဦးပို၊ ဆရာတော်ဦးပုတ်တို့ သီတင်းသုံးခဲ့ရာ ကျောင်းပေတကားဟူသော ရိုသေစိတ်နှင့် ညောင်ကန်ကျောင်းကို တရိုတသေ ကန်တော့သည်။

ထိုနောက် မောင်းထောင်ရွာသို့ အရောက်သွားပြန်သည်။ မောင်းထောင်သာသနာပိုင် ဆရာတော်ကြီး သီတင်းသုံးခဲ့ရာ ကျောင်းတော်ကိုလည်း ကြည်ညိုရိုသေစွာ ကန်တော့ပြန်သည်။

Future Publishing House

http://myanmarpyithar.net

ထို့နောက် မုံရွှေကြေးမုံသို့လည်း ရောက်အောင် သွားပြီး မုံရွှေဆရာတော်ဘုရား သီတင်းသုံးတော်မူခဲ့ရာ မုံရွှေ ဇေတဝန်ကျောင်းတော်ကို ကန်တော့သည်။

ထိုနောက် မန္တလေးမြို့သို့ ပြန်ရောက်သောအခါ မိမိလက်အောက် စာရေးများအား "ရှေးကပိဋကတ်ကို ချောက်ချားနိုင်သော ညောင်ကန်ဆရာတော်ဦးဗုဓ် သီတင်းသုံးတော်မူသော ကျောင်း၊ မောင်းထောင်ကြီးရွာ သာသနာပိုင် ဆရာတော်ဘုရား သီတင်းသုံးတော်မူသော ကျောင်း၊ မုံရွှေးမြို့ မုံရွှေဆရာတော်ဘုရား သီတင်းသုံးတော်မူသော ဇေတဝန်ကျောင်းများကို ရှိခိုးပူဇော် ကန်တော့ခဲ့ရတာ ယခု ငါရရှိသော ရာထူးဂုဏ်ထက် အဖိုးတန်သောကြောင့် ဝမ်းမြောက်အားတက်ခြင်း ဖြစ်မိသည်" ဟု မိန့်ကြားလေသည်။

ထိုစာကို ဖတ်လိုက်ရသောအခါ မန်လည်ဆရာတော်ဘုရားကြီး အောက်ပြည်သို့ သင်္ဘောနှင့် စုန်လာခိုက်တွင် ပခုက္ကူမြို့သို့ဝင်၍ မဟာဝိသုတာရာမတိုက်သို့ ကြွရောက်ပြီးလျှင် ရေစကြိုဆရာတော်ဘုရား ကျိန်းစက်တော်မူခဲ့သည့် ညောင်စောင်းတော်ကို တရိုတသေ ကန်တော့ခဲ့သည်ကို ပြန်ပြီး သတိရမိပါသည်။

ထိုကဲ့သို့ စိတ်ကရည်စူးပြီး ကျောင်းကို



http://myanmarpyithar.net

ကန်တော့၊ ညောင်စောင်းကို ကန်တော့ ပြုလုပ်ကြပုံကို ကျွန်တော် စဉ်းစားကြည့်မိသည်။ သူတို့ပညာရှိအချင်းချင်းမှာတော့ဖြင့် စာကိုဖတ်ကြည့်လိုက်ရုံနှင့် ဘယ်ရွေ့ဘယ်မျှ အားထုတ်ထားသည်၊ ဘယ်ရွေ့ဘယ်မျှ ဉာဏ်သုံးထားသည် စသည်တို့ကို သဘောပေါက်ကြလိမ့်မည်။ ထိုထိုသော ပညာရှိတို့၏ ကျေးဇူးကြောင့် ဤသို့သိရပေသည်တကား။ ဤသို့ လိမ္မာရပေသည်တကားဟုလည်း ဆင်ခြင်မိကြပါလိမ့်မည်။ ထို့ကြောင့် မိမိမတွေ့မီလိုက်ရသည့် ဆရာတော်ကြီးများ သီတင်းသုံးရာ နေရာများကိုပင် ပညာရှိဆရာတော်ကြီးများကိုယ်စား ရိုသေစွာ ကန်တော့ ကြခြင်း ဖြစ်ပါလိမ့်မည်။ ပညာရှိတို့၏ ပညာကိုချစ်ကြပုံ၊ ပညာကို ရိုသေကြပုံကိုလည်း ပိုပြီးအလေးအနက် တွေးမိလာပါသည်။

* * * * *

ပညာကို ချစ်ကြပုံ၊ ပညာကို ရိုသေကြပုံကို ယခု ကျွန်တော်ဆက်လက်တင်ပြမည့် "အကြီးတော်မင်း ဦးသံမှို" အကြောင်းတွင်လည်း တွေ့ရပြန်ပါသည်။ မလွန်မင်းသားကြီးနှင့် မြင်ကွန်းမင်းသားကြီးတို့၏ ဆရာ အကြီးတော် ဖြစ်သောကြောင့် အကြီးတော်မင်း ဦးသံမှိုဟု ခေါ် တွင်ခြင်းဖြစ်ပါသည်။ သူက "မောင်သာနိုး" တို့ ကျောက်ဆောက်နယ်သား ဇာတိဖြစ်သည်။ ငယ်စဉ်

ကပင်လျှင် ပညာဉာဏ် ထက်မြက်လှသည်။ ပိဋကတ်ကို ချောက်ချားနိုင်သည်။ မြင်ကွန်း၊ မြင်းခုံတိုင်အရေးဖြစ်သောအခါ အောက်ပြည်ဘက်သို့ ရှောင်တိမ်းရသည်။ မင်းလှမြို့သို့ ရောက်သောအခါ မင်းလှဆရာတော်ဘုရားထံ ဝင်ရောက်သည်။ အကြီးတော်ဦးသံမှူ မဖြစ်မီ ရဟန်းတော် ရှင်ကိတ္တိဘဝကပင် ပညာသတင်းကြီးသူ ဖြစ်သောကြောင့် မင်းလှဆရာတော်ဘုရားကြီးက . . .

“မောင်ကိတ္တိ ရှေးကလို စာများဖတ်ပါသေးရဲ့လား၊ မင်းကို စာမေးစမ်းမည်ဆို၍ စာမေးလိုက်က မေးသမျှစာကို မတွန့်မဆိုင်းဘဲ တမုဟုတ်ချင်း ဖြေကြားပြီး၊ တိတ်ဆိတ်စွာ နေလိုက်လျှင် ဆရာတော်ဘုရားကြီးသည် ကျောင်းအခန်းတွင်းသို့ ဝင်၍ သာခါပိတ်နှစ်အုပ်ကိုယူလာပြီး ပေးလေလျှင် အကြီးတော်က တပည့်တော်မယူလိုပါ၊ တပည့်တော်ကသာ လှူရန်သင့်ပါသည် ဟုလျှောက်လျှင်၊ ဆရာတော်ဘုရားကြီးက မောင်ကိတ္တိကိုငါပေးသည်မဟုတ်၊ မင်း၏ဉာဏ်ကို ငါ ပူဇော်ပါသည်၊ ယူသွားရမည် အမိန့်တော်ရှိသောကြောင့် သာခါပိတ်နှစ်အုပ်ကို ပညာအတွက် ခံယူရလေသည်”

မင်းလှ ဆရာတော်ဘုရားကြီးသည် ပင်လျှင်လည်း ငယ်ရွယ်သူ လူပုဂ္ဂိုလ်၏ပညာကို ပူဇော်ပေ



http://myanmarpyithar.net

တကားဟုတွေးကာ ပညာရှိတို့ ပညာကို ချစ်တတ်ကြပုံကို သဘောပေါက်မိလိုက်ပြန်ပါသည်။

နောက်ပိုင်း ကွယ်လွန်သည်အထိ ရန်ကုန်မြို့မှာပင် နေထိုင်သွားသောကြောင့် မှော်ဘီဆရာသိန်းကြီးသည်လည်း အကြီးတော်မင်းကို အနီးကပ်တပည့်အဖြစ်တွေ့မိလိုက်ရသေးသဖြင့် ထိုပညာရှိကြီး၏စရိုက်ကို ကိုယ်တွေ့ ရေးလိုက်ပါသေးသည်။

ထိုအချိန်က အကြီးတော်မင်းသည် လမ်းမတော်အောက်လမ်း နေအိမ်တွင် အညောင်းပြေ အလျားမှောက်နေရင်း မောင်ဖိုးသိန်း (ဆရာကြီး)နှင့် စကားစမြည် ပြောနေသည်။ ထိုအခိုက် ပွဲစားကြီးတစ်ဦးက ရထားပိုင်နှင့် လွှတ်လိုက်သော လူငယ်တစ်ယောက်ရောက်လာသည်။ (ထိုခေတ်က ရထားပိုင် စီးနိုင်သည်မှာလည်း ဂုဏ်တစ်ခု ဖြစ်သည့်အပြင် ပွဲစားကြီးများအရာရောက်၊ ဂုဏ်မောက်နေသောခေတ် ဖြစ်သည်။ )

မှော်ဘီဆရာသိန်းကြီး၏စာကို မူရင်းအတိုင်း ဖော်ပြလိုက်ပါရစေ။

* * * * *

ဤအခါ အစေခံက ပွဲစားကြီးက လွှတ်လိုက်ပါသည်။ ရေစက်ချ ဆုတောင်းစာကောင်းကောင်း ရေးပေးလိုက်ပါတဲ့၊ ငွေလည်း သုံးဆယ် ပေးလိုက်ပါ

သည်ဟု ပြောလေသည်။

အကြီးတော်မင်းက မင်းပွဲစားကိုပြောလိုက်၊ ငါ မအားဘူး၊ မရေးနိုင်ဘူးလို့ ပြောလိုက်ဟု မိန့်လေသည်။ အစေခံက အကြီးတော်မင်းကို အားကိုးလို့ လွှတ်လိုက်ပါသည်ဟု ပြောလေသည်။

အကြီးတော်မင်းက အားကိုးလို့ ရထားပိုင်နှင့် လွှတ်တာကို ငါ မြင်ပါသည်။ ငါ မအားလို့ မရေးနိုင်ကြောင်း မိန့်လိုက်သည်နှင့် အစေခံ ပြန်သွားလေ၏။

အစေခံပြန်သွား၍ အတော်ကြာသောအခါ အခု ငါ မအားလို့ မရေးနိုင်ဘူးလို့ ငြင်းပယ်လိုက်ရာ မောင်ဖိုးသိန်း မင်းသိရဲ့လားဟု မေးသည်။ မသိကြောင်းကို ဝန်ခံလိုက်ရာ အကြီးတော်မင်းက ဟဲ့ . . . သမီး မယ်တင့်ရေ၊ လာစမ်း၊ တို့မှာ ဈေးသုံးရန်ငွေ ဘယ်မျှရှိသလဲမေးရာ၊ ၎င်းသမီးမယ်တင့်က ကျွန်မတို့ ဈေးသုံးရန်ငွေ တစ်ကျပ်ခြောက်မူးသာ ရှိသည်ဟု ပြောပြလေသည်။ အဲဒါပဲကွယ့်၊ ငါ့မှာအရေးတတ်ဆုံးပဲ သိလား။ အခု ငွေသုံးဆယ်နှင့် လာတာကို ငါ လက်ခံလိုက်လျှင် သုံးရမည် မဟုတ်လား။ သူတို့မတတ်လို့ ငါ့ထံလာကြတယ်။ (ကောင်းကောင်း ရေးပေးလိုက်ပါဟု) အာဏာသံကလေးနှင့် အမိန့်ပေးသောစကားသံကို ကြားရလို့ ငါ ငြင်းပယ်လိုက်ခြင်းဖြစ်တယ်။ ငါက

ငါ့စာကို ဖျင်းအောင်ရေးမှာလား။ နားမလယ် မတတ်၍ အလိုရှိလျှင် အကြီးတော်မင်း. . . ရေစက်ချ ဆုတောင်းစာကလေး မစလိုက်ပါဆိုလျှင် ငါနေမည် မဟုတ်။ ကိုယ့်ပညာကို ကိုလာ၍ ခိုကိုးသည့်အတိုင်း ရေးပေးရမှာပဲကွဲ့။ **မျက်စိလယ်လမ်းမှား ချောက်ကမ်းဘားကျပြီး၊ ခနဂုဏ်ကြွယ်သူဖြစ်၍ အာဏာသံကလေးနှင့် လာပြောတာကို ငါက မခံချင်ဘူး ဟေ့၊** မှတ်ထား . . . ငါတို့မရှိလျှင် မင်းတို့လည်း ဆရာခေါ် ခံကြပေလိမ့်မည်။ ပညာရှိ လုပ်မည်ကြံလျှင် အနှိပ်သည်နှင့် မတူလေနှင့်။ သူတို့ငွေရှိတာက တစ်မျိုး၊ ငါတို့မှာ ပါရမီအလျောက် ဆည်းပူးလာရသော ပါရမီဖြစ်သည်။ ထို့ကြောင့် ထမင်းကိစ္စ၊ ဝမ်းရေးကိစ္စအတွက်ကြောင့် ခနဂုဏ်ကြီးတဲ့သူ အောက် ဒူးမတုပ်လေနဲ့၊ ကြပ်ကြပ်မှတ်ထား၊ ထမင်းဆိုတာ ခွေးတောင် မငတ်ဘူး မှတ်ထားလေ ဟု ဆုံးမခြင်းကို ခံရပေသည်။

(ထိုနောက် ပွဲစားကြီးကိုယ်တိုင် လာရောက်ပြီး ပုဆိုးတစ်ထည် ငွေငါးဆယ် ကန်တော့လျက် အစေခံက အပြောမတတ်၍သာ ဖြစ်ရကြောင်း တောင်းပန်သဖြင့် ဆုတောင်းစာကို ရေးပေးလိုက်သည်။ အကြီးတော်မင်းက ဆရာသိန်းကြီးအား ဆက်ပြောပုံကိုလည်း



http://myanmarpyithar.net

ဖတ်ကြည့်ပါဦး။)

မင်းတို့ မှတ်ထားကြ။ **ပညာ အဖိုးတန်ပါလျက် ကိုယ်က အဖိုးမတန်အောင် အနှိပ်သည်ကဲ့သို့ ခိုင်းရာကို နှိပ်ပေးလျှင် ပညာ၏ဂုဏ်ကို ဖြက်သည် မည်သည်။** အလုံးစုံ ဘုရားမှတစ်ပါး မည်သူမျှ တတ်သည်မဟုတ်။ မိမိတို့ဆရာသမားထံ ကျိုးနွံစွာ ဆည်းကပ် သင်ကြားခဲ့ခြင်း၊ ဆည်းပူး မှတ်သားရခြင်းတို့ကြောင့် မတတ် မသိသူထက် တတ်သည် သိသည်အတွက် ပညာရှိ ခေါ်ကြရသည်။ မိမိတို့ တတ်စွမ်းသလောက် ပညာဂုဏ်ကို နိမ့်ကျအောင် သူတစ်ပါးခိုင်းရာ ခံပချေက ပညာရှိနှင့်မတူဘဲ ယုတ်ညံ့ခြင်းသို့ ရောက်တတ်သည်။ သို့လိုနေရာ မကျမရောက်က အကြီးတော် ငြင်းပယ်သည်ကို အချို့ ကြေးရေတတ်တို့က ငါ့ကို မာနကြီးသည်ဟု ပြောကြသည်။ ငါက နေရာမကျလျှင် သည်းခံနိုင်သောစိတ် မရှိ။ ပြောသင့်ပြောရာ ရောက်ကပြောသည်။ မာနကြီးတယ်ဆိုဆို၊ သူတို့စိတ်ပဲဆိုးဆိုး၊ ငါဘာမျှမထောက်။ ပညာဂုဏ်ကို ထောက်၍၊ ပညာဂုဏ်မပျောက်ရန် ပြောခြင်းဖြစ်သည်ဟု အမိန့်ရှိသည်ကို မှတ်သားရသည်။

သူတို့လို ကြေးရေတတ်အလိုကို မပြောနဲ့၊ ဘုရင်ဧကရာဇ်မင်းမြတ်၏ ရင်သွေးတော် မလွန်



http://myanmarpyithar.net

မင်းသားကြီး၊ မြင်ကွန်း မင်းသားကြီးတို့ကို ဆုံးမလာသူ ဖြစ်၍ အကြီးတော်မင်း အမည်တွင်ခြင်းဖြစ်သည်။ မင်းသားများ အလိုကိုလည်း မလိုက်ခဲ့ဘူးချေ။ မင်းသားများ၏ အရှိအသေကို ငါ ခံပေးလာရသူ ဖြစ်သည်။ ပညာဂုဏ်နှင့် သူတစ်ပါးကို ငါက ခစားရန်မရှိဟု မိန့်ဆိုသည်ကို မှတ်ရပေသည်"

* * * * *

ဤသို့လျှင် မှော်ဘီဆရာသိန်းကြီး၏ "ပညာရှိကြီးများအကြောင်း" ကို ပြန်လည်ဖတ်ရှု ကြည့်မိရာမှ "ပညာရှိများ အကြောင်း" ကို တစိမ့်စိမ့် သဘောပေါက်လာမိယောင် ဖြစ်နေရပါတော့သည်။

ထမင်းကိစ္စ၊ ဝမ်းရေးကိစ္စအတွက်ကြောင့်
ခနေဂုဏ်ကြီးတဲ့သူအောက်
ဒူးမတုပ်လေနဲ့၊ ကြပ်ကြပ်မှတ်ထား၊
ထမင်းဆိုတာ
ခွေးတောင် မငတ်ဘူး မှတ်ထားလေ။

Future Publishing House

http://myanmarpyithar.net

# ဆရာမှိုင်း၏ မျက်ရည်တစ်ပေါက်

ဆရာကြီး၏ လေးချိုးကြီးများအကြောင်းကို ဆရာ့ဆရာတို့ ဖွင့်ခဲ့ကြသည်မှာ များလှပါပြီ။ ဆရာဇော်ဂျီ၏ နိုကာဆိုလျှင်တော့ဖြင့် နောက်လူမကျော်နိုင်လောက်အောင် ပြည့်စုံနေသည်ဟု ဆိုနိုင်မည်ထင်ပါသည်။ သို့ပါလျက်နှင့်ပင် လေးချိုးကြီးတစ်ပုဒ် အကြောင်းကို ကျွန်တော် ပြောချင်နေပါသေးသည်။ တခြားသူများကတော့ဖြင့် မည်သို့ခံစားကြမည်မသိ၊ ကျွန်တော့်မှာဖြင့် ထိုလေးချိုးကြီးကို ဖတ်လိုက်မိတိုင်း လွမ်းလွမ်းဆွေးဆွေးကြီးဖြစ်ကာ ဆရာကြီး၏ဝေဒနာကို မျှယူကြင်နာခြင်း၊ ကြည်ညိုခြင်း ဖြစ်မိပါသည်။

ကျွန်တော်၏ ထူးခြားသော အတွေ့အကြုံတစ်ခုကြောင့် ထိုမျှခံစားမိခြင်းလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ဤအချက်မှာ နောက်ပိုင်းတွင် ရှင်းလာပါလိမ့်မည်။

Future Publishing House

http://myanmarpyithar.net

ကျွန်တော့်စိတ်၌ အထူးစွဲစွဲလန်းလန်း ဖြစ်နေမိသော လေးချိုးကြီးမှာ "ဗဟန်းကောလိပ်မသာ ဈာပနဘွဲ့ကဗျာ မဟာလေးချိုးကြီး" ဖြစ်ပါသည်။ ဗဟန်းအမျိုးသားကောလိပ် ရပ်စဲလိုက်ရသောအခါတွင် ဆရာကြီး ရင်ထုမနာ ရေးဖွဲ့ခဲ့သော လေးချိုးကြီးဖြစ်ကြောင်း အထူးပြောစရာ မလိုတော့ပါ။

စာဖတ်သူများသိကြပြီးဖြစ်သော အကြောင်းများကိုပင် ပြန်လည်သတိရကြပါစိမ့်သောငှာ အနည်းငယ် ပြောလိုက်ရပါဦးမည်။

တက္ကသိုလ် ကောလိပ် သပိတ်ကြီးမှအစပြု၍ တစ်ပြည်လုံး နိုးကြားတက်ကြွကာ အမျိုးသားကျောင်းတွေ ပေါ်လာခဲ့သည်။ အမျိုးသားကောလိပ်ကြီး ပေါ်ပေါက်လာခဲ့သည်။ ဆရာကြီးမှာ ထိုနိုးကြားမှုကြီးကို မြင်တွေ့လိုက်ရသောအခါ အတိုင်းမသိအားတက်ခြင်း ဖြစ်မိသည်။ ထို့ကြောင့် . . .

*ဆရာလဲကွာ၊ ပထမအရင် ကနဦးဆီက၊*
*မြန်မာ့တစ်ခွင်မှာ၊ သမ္မတရှင်ဘုရင်*
*မလူးခင်ပ၊*
*"ထ" ဆင်ထူး တမြည်မြည် သင်ခဲ့သမို့၊*
*"ထိ" မထင် ကျောင်းတော်သားတွေရဲ့၊*
*အမည်စဉ် ခေါင်းပေါ်အဖျားမှာဖြင့်၊*



http://myanmarpyithar.net

*မင်းရှိဆရာကို စာရင်းတို့ကာ*
*ထားလိုက်ကြပေရော့ . . .*

သူလည်း မြန်မာရှင်ဘုရင် ပါတော်မမူမီက ကျောင်းသားတစ်ယောက် ဖြစ်ခဲ့လေသောကြောင့် "ထဆင်ထူး လုံးကြီးတင်၊ ထီမထင်တဲ့ ကျောင်းတော်သားပဲ" ဆိုသည့် သံချပ်မျိုးကို အော်ဟစ်ခဲ့ဖူးပါသည်။ ထို့ကြောင့် အမောင်ကျောင်းတော်သားတို့၏ စာရင်းတွင် သူ့ကိုထိပ်ဆုံးက တင်ထားလိုက်ကြစမ်းပါပေ့။ ဤသို့လျှင် ထက်ထက်သန်သန်ကြီး ထောက်ခံအားပေးခဲ့သည်။

အင်္ဂလိပ်အစိုးရကို အားကိုးမှီခိုခြင်း မပြုဘဲ၊ ကိုယ့်အားကိုယ်ကိုးပြီး အမျိုးသား ကောလိပ်ကျောင်းကြီးနှင့်တကွ အမျိုးသား (နေရှင်နယ်) ကျောင်းများ တည်ထောင်နိုင်သည်ကိုလည်း ဝမ်းမြောက်သည်။ သို့သော် လွတ်လွတ်ကျွတ်ကျွတ်ကြီးတော့ဖြင့် ဝမ်းမမြောက်နိုင်ရှာ။ ငွေကြေးအခက်အခဲက ရှိနေသည်။ ထို့ကြောင့် "လျှိုရိုးမှာ ဖိုထိုး"ပြီး ရှင်အဇ္ဇဂေါဏတို့လို၊ ဘိုးဘိုးအောင်တို့လို ရွှေမိုးငွေမိုး ရွာနိုင်စမ်းချင်ပါဘိဟုလည်း စိတ်ကူးယဉ်မိသည်။ ထိုကဲ့သို့သာ ပေါက်မြောက်ခဲ့လျှင် . . .

*နောက်တစ်သိုက် ဇမ္ဗူဒီ မြန်မာသားတွေမဖြင့်*

*သြော် . . . အမြောက်ကြိုက်ကြိုက်ပြီး၊*
*အခြောက်တိုက် လူမညီပါလျှင်*
*မှားကြလိမ့်မထင့်၊*
*အို . . . ဘေဒါရီရဲ့၊ မြောက်လိုက်မဟဲ့၊*
*မောက်လိုက်မဟဲ့လို့၊*
*ဆောက်လိုက်မယ့် ယူနီဗာစီတီတွေအများ။*

ဆရာကြီးစိတ်ထဲတွင် တက္ကသိုလ်ကြီးတွေ အဆူဆူကို တည်ထောင်ပစ်လိုက်ချင်သည်။ သူကိုယ်တိုင်လည်း "ရာဇဝင်ပါမောက္ခကြီး" အဖြစ် ဝင်ရောက်အမှုထမ်းသည်။ "သူရိယသတင်းစာတိုက်" က အပြီးပိုင်အလုပ်ထွက်လိုက်သောအခါ တိုက်ပိုင်ရှင်ဖြစ်သည့် ဦးလှဖေတို့က တားရှာသေးသည်။ ဗဟန်းအမျိုးသားကောလိပ်က ရေရာလှသည်မဟုတ်။ မတော်တဆပျက်သွားခဲ့သော် ဆိုတာမျိုး စကားသုံးလိုက်သည်ကိုပင် မခံနိုင်ဘဲ "မင်းတို့က မလုပ်ရသေးဘူး။ ပျက်စကားက စပြီး ပြောကြတာကို" ဟု ရန်ထောင် ပစ်ခဲ့သေးသည်။

သို့သော် နောက်ပိုင်းတွင် ရန်ပုံငွေကလည်း မလောက်င၊ ကျောင်းသားအချို့ကလည်း ကျောင်းပြန်သွားကြနှင့် ဗဟန်းကောလိပ် ပိတ်လိုက်ရသည့်အခြေသို့ ရောက်သွားပါလေတော့သည်။ ကျောင်းသားတွေကရော အမျိုးသားတွေကပါ တက်ကြွထက်သန်ကြ



http://myanmarpyithar.net

သောကြောင့် သူ့ခများမှာ စစ်ကိုင်းချောင်တွင် ကမ္မဋ္ဌာန်း တရား အားထုတ်နေရာက တမင်ဆင်းလာခဲ့ရသည်။ (သူရိယကထွက်ခဲ့သည်။) ယခုတော့ဖြင့် ကျောင်းကြီး က ပိတ်လိုက်ပြီ။ သည်တော့ . . .

*ကျွန်ဝယ်ရာ အဆစ်ပါတဲ့ "မှိုင်း" မှာဖြင့်၊*
*မွန်နယ်မှာ ခေတ်ကြာသနဲ့ မဆိုင်းတာဘု*
*မြစ်အညာ စစ်ကိုင်းကိုတဲ့ ပြန်ရော့မကွာ။*

"ကျွန်ဝယ်ရာ အဆစ်ပါတဲ့ 'မှိုင်း' မှာဖြင့်" ဟူသော စာကို ဖတ်လိုက်ရသောအခါ ကျွန်တော်ဖြင့် ဆရာကြီးကို အလွန်သနားမိသည်။ သနားရင်းကပင် သူ့အဖြစ်ကို မှန်းပြီး "မချိပြုံး" ပြုံးလိုက်ချင်မိပါသေး သည်။

ဗဟန်းကောလိပ်ကြီး ပျက်သွားလိုက်သော အခါ ဆရာကြီးအဖို့ "ရွှေတောင်ကြီး ပြိုလိုက်သလို" "စိတ်ကူးအိပ်မက်ကြီး ပျက်သွားလိုက်သလို" ရင်ထု မနာကြီး ခံစားမိလိုက်ဟန် ရှိပါသည်။ ထို့ကြောင့် "ဗဟန်းကောလိပ် ဈာပန" ဟု အမည်ပေးလိုက်ဟန် ရှိပါသည်။ ထိုကဗျာကို သေချာဖတ်ကြည့်လိုက်တော့ တစ်နယ်လုံး၊ တစ်ပြည်လုံးက အားထားကိုးကွယ်ရာ ဆရာတော်ကြီးတစ်ပါး ပျံလွန်တော်မူသည်ကိုပင် ထိုက်ထိုက်တန်တန် အန္တိမဈာပန (ဘုန်းကြီးပျံ)

မလုပ်နိုင်ဘဲ မဖွယ်မရာ ဖျာလိပ်နှင့်ပတ်ပြီး မီးသင်္ဂြိုဟ်ခဲ့ရသည့်ပုံမျိုး သရုပ်ဖော်ရေးဖွဲ့ထားသည်ကို သတိပြုမိပါသည်။ ကျွန်တော့်စိတ်ထဲမှာဖြင့် ဗဟန်းကောလိပ်ကို မေ့ပြီး အားကိုးရာ ဆရာတော်ကြီးတစ်ပါး၏ အန္တိမစျာပနကိုသာ မြင်ယောင်နေပါတော့သည်။ ကျွန်တော့် အတွေ့အကြုံကို ပြောလိုက်ပါရစေဦး။ နှစ်ပေါင်း (၄၀) ခန့်ပင် ကြာခဲ့ပါလေပြီ။

သည်တုန်းအခါက ကျွန်တော်က တောင်တွင်းကြီးမြို့တွင် အလယ်တန်းပြ ကျောင်းဆရာဘဝ ကျွန်တော့် မိတ်ဆွေတစ်ယောက်က ဦးသောင်းဟန်။ သူက မူလတန်းကျောင်းအုပ်။ နောက်မိတ်ဆွေတစ်ယောက်က ဦးထွန်းရွှေဦးတဲ့။ ဒီဇာတ်လမ်းမှာ သူက ဇာတ်လိုက်ပါပဲ။

ဦးထွန်းရွှေဦးနှင့် ကျွန်တော် အသက်ချင်း အတော်လေး ကွာပါသည်။ သူ့ညီအငယ်ဆုံးနှင့်မှ ရွယ်တူဖြစ်သောကြောင့် ကျွန်တော့်ကို သူ့ညီရင်းတစ်ယောက်လိုချစ်သည်။ သူက "တိုင်းပြုပြည်ပြုလွှတ်တော်" အမတ်တစ်ယောက် ဖြစ်ခဲ့သည်။ ရောင်စုံသူပုန်တွေ လွှမ်းလာချိန်တွင် အဖမ်းခံရတော့ သူနှင့် ကျွန်တော် ထောင်ထဲမှာတွေ့ပြီး ရင်းနှီးချစ်ခင်လာခဲ့သည်။ ပထမ သူနေခဲ့သည်က မြို့သစ်မြို့။ နောက်ပိုင်း

မှာတော့ တောင်တွင်းကြီးသို့ ပြောင်းလာနေထိုင်သဖြင့် သူ့အိမ်ကို မကြာခဏ အလည်ရောက်သည်။ ကိုသောင်းဟန်နှင့်လည်း ကျွန်တော့်လိုပင် ရင်းနှီးသဖြင့် သုံးယောက်သား မကြာခဏ တွေ့ဆုံစကားစမြည် ပြောမိကြသည်။

ဦးထွန်းရွှေဦးက အတွေ့အကြုံ အလွန်ကြီးသည်။ ငယ်ငယ်က ပေပေတေတေနှင့် လူစုံ၊ နယ်စုံ အပေါင်းအသင်းများသည်။ စာဖွဲ့လောက်သော သူမျိုး ဟုဆိုကြပါစို့၊ သတ္တိအလွန်ကောင်းပြီ အလွန်ကို ရိုးသား ဖြောင့်မတ်သည်။ ဇာတ်သဘင်ကိုလည်း ဝါသနာကြီး သည့်ပြင် သူကိုယ်တိုင် ဇာတ်ကိုရေး၊ ဒါရိုက်တာလုပ်ပြီး ရှေးခေတ်ဇာတ်မျိုးတွေတွင် သူကိုယ်တိုင် အရေးပါ သည့်နေရာမျိုးက ဝင်ပြီး ကတတ်သေးသည်။

တစ်နေ့မှာတော့ ဦးထွန်းရွှေဦးက ကျွန်တော့် အား "အောင်သင်းရေ . . . ငါ့မှာ 'ဖဝေး'လေး ကောင်းကောင်း တစ်လုံး ရထားတယ်ကွ၊ နက်ဖန်ညနေ သောင်းဟန်ကိုပါ ခေါ်ပြီးလာခဲ့ကွာ၊ အပျင်းပြေပေါ့" တဲ့။

'ဖဝေး'ဆိုသည်က ချင်းအရက်ကို ပြောခြင်း ဖြစ်သည်။ ကျွန်တော်တို့နယ်တွင် မြေပြန့်ချင်းလူမျိုးတွေ ရှိသည်။ သူတို့က ကောက်ညှင်းအရက် ကောင်းကောင်း

ချက်လေ့ရှိသည်။ ကျွန်တော်တို့ သုံးယောက်လုံးမှာ သာမန်အားဖြင့် သောက်တတ်သူများ မဟုတ်ကြ။ ဤသို့ ကိုယ်ချစ်ခင်သော သူမျိုးနှင့်ဆုံမှ တစ်ခါတစ်ရံ (ရှားရှားပါးပါး တစ်ခါတစ်ရံ) သောက်တတ်သူများ ဖြစ်သည်။

ဤသို့နှင့် နောက်တစ်နေ့ညနေ ကျွန်တော်တို့ နှစ်ယောက် သူ့ဆီရောက်သွားတော့ သူက သေချာပြင်ဆင်ထားနှင့်သည်ကို တွေ့ကြရပါသည်။ သည်လိုနှင့် တစ်ခွက်တလေ သောက်မိကြပြီး ဟိုဟိုဒီဒီ စကားပြောနေရင်း ဦးထွန်းရွှေဦးက "ဇာတ်ခလုတ်" ဖြစ်လာမည့် စကားတစ်ခွန်းကို ပြောလိုက်ပါသည်။

"ငါ့ကွာ . . . ဒုက္ခရောက်နေတယ်ကွ။ ရတနာဒေဝီအနောက်ကျောင်း ဆရာတော်ကြီး ပျံတော်မူတယ် မဟုတ်လား"

"ဟုတ်တယ် . . . ကိုသောင်းဟန်ရဲ့ကျောင်းက ကလေးမလေးတွေ ယောဉ်ကျူးဖို့ သွားကြတာ ကျွန်တော်တောင် ယောဉ်ကျူးတေးတွေ ရေးပေးလိုက်ရသေးတယ်"

"အေး . . . အဲဒါပေါ့ကွ။ ကျန်ရစ်ခဲ့တဲ့ ဆရာတော်တွေက ငါ့ကိုခေါ်ပြီး အလောင်းပိုက်တာ၊ အလောင်းလုတာ လုပ်ပေးစမ်းပါဦး ပြောနေကြတယ်။

ဒါမျိုးတွေကို ငါလုပ်ဖူးမှန်း၊ လုပ်တတ်မှန်းလည်း သိနေကြတော့ ငါ့ကို လာပြီးခိုင်းနေကြတယ်”

ကိုသောင်းဟန်က . . .

“လုပ်ပေးလိုက်ပေ့ါဗျာ”

“ဟ . . သောင်းဟန်ရ၊ ငါက ငယ်ငယ်ရွယ်ရွယ်လည်း မဟုတ်တော့ဘူး။ နောက်ပြီး ဟိုအရင်ကလို ဘယ်သူနဲ့ဖြစ်ဖြစ် ဆိုတာမျိုးလည်း ငါက လုပ်လို့မကောင်းတော့ဘူး။ ဇာတ်သမားတွေနဲ့ တွဲပြီးလုပ်ရအောင်ကလည်း ငါက ပါလီမန်အမတ်တောင် လုပ်လာခဲ့တာဆိုတော့ မခက်ဘူးလားဟ သောင်းဟန်ရ”

ကိုသောင်းဟန်က နည်းနည်းလေးလည်း ထွေလာသောကြောင့် . . .

“ကျွန်တော်တို့နဲ့တွဲပြီး လုပ်ရမယ်ဆိုရင်ကောဗျာ”

“ဟကောင်ရ . . . မင်းတို့ အောင်သင်းတို့နဲ့တွဲပြီး လုပ်ရမယ်ဆိုရင် လုပ်မှာပေ့ါကွ။ ကိုင်း . . . အောင်သင်း မင်းကော လုပ်မလား၊ တို့သုံးယောက်ဆိုရင် လုပ်လို့ရပြီ။ မင်းသမီးတစ်ယောက်တော့ ငှားရမှာပေ့ါကွာ”

“လုပ်လိုက်ဗျာ။ ခင်ဗျားတို့နှစ်ယောက်မှ ပါနိုင်မယ်ဆိုရင် ကျုပ်လည်းပါမယ်ဗျာ”

ဤသို့နှင့် ကတိလွန်သွားလေသဖြင့် ကျွန်တော့်မှာ အလွန်ကိုရှက်ရှက်နှင့် ထိုပွဲကြီး၌ ပါဝင်သရုပ်ဆောင်ခဲ့ရသည်။ တကယ်ဆိုတော့ ကျွန်တော်တို့နှစ်ယောက်လုံးက ဘုန်းကြီးပျံ အလောင်းပိုက်တာတို့၊ အလောင်းလုတာတို့ကို ဘာမျှသိကြသည်မဟုတ်။ တစ်ခါမျှလည်း သေသေချာချာ မမြင်ခဲ့ဖူးကြ။ အားလုံးကို ဦးထွန်းရွှေဦး က သင်ပေးခြင်း ဖြစ်သည်။

ဦးထွန်းရွှေဦးက ဓတရဌနတ်မင်းကြီး။ ကိုသောင်းဟန်က ဝိသကြံ။ ကျွန်တော်က သိကြားမင်း။

ဇာတ်ထွက်စဉ်က ပထမဆုံး ဓတရဋ္ဌနတ်မင်းကြီးက ထွက်လာ။ လူ့ပြည်ကို စောင့်ကြပ်ကြည့်ရှုရန် သိကြားမင်းက တာဝန်ပေးထားကြောင်း ဘာညာစသည်ကို ပြော။ ယခု လဇ္ဇီပေသလ သိက္ခာကာမနှင့် ပြည့်စုံတော်မူသော ရတနာဒေဝီ အနောက်ကျောင်းဆရာတော်ကြီး ပျံလွန်တော်မူကြောင်း သိကြားမင်းအား လျှောက်ထား သံတော်ဦးတင်ရန် သွားရမည့်အကြောင်းတွေကိုပြော၊ ဆိုင်းဆင့်။ နတ်နှင့်ဆိုင်ရာကြိုးသီချင်းကို ဆိုင်းကတီးပေး။ လက်ဟန်ခြေဟန်ကလေးပြ၊ နတ်ပြည်ရောက်ပြီ။

နတ်ပြည်ရောက်လိုက်တော့ သိကြားမင်းနှင့် ချက်ချင်း မတွေ့ရသေး။ သိကြားမင်း၏ 'ပီအေ'



http://myanmarpyithar.net

ဝိသကြံ့ ကိုသောင်းဟန်နှင့် တွေ့ရမည်။ သူတို့ချင်း စကားပြောပြီးမှ သိကြားမင်း (ကျွန်တော့်)ထံ ဝင်ရမည်။ ကျွန်တော်ကလည်း ကျွန်တော့်အခန်းအတွက် ‘ပရိသတ်ကို မိတ်ဆက်သည့်’စာတွေဘာတွေ ရွတ်လိုက်ရသေးသည်။

ပြီးတော့မှ ဝိသကြံ့က လူ့ပြည်မှ ဓတရဋ္ဌ နတ်မင်းကြီး ရောက်လာကြောင်း၊ သံတော်ဦးတင်ရန် အကြောင်းထူးပါလာကြောင်း လျှောက်ထား။ ဓတရဋ္ဌက ဆရာတော်ကြီး ပျံလွန်ကြောင်း လျှောက်ထား။ သည်တော့မှ သိကြားမင်းက ဆရာတော်ကြီး အတွက် ဘုံဗိမာန်စသည်တို့ အသင့်ပြင်ဆင်ထားရန် ဝိသကြံ့အား စေခိုင်းပြီး ဆရာတော်ကြီးအား နတ်ပြည်သို့ပင့်ဆောင်ရန် လူ့ပြည်သို့ သိကြားမင်း၊ ဓတရဋ္ဌ၊ ဝိသကြံ့တို့ သုံးဦးလုံး တီးလုံးနှင့်ဆင်းလာကြ။

ယခုမှ ထည့်ပြီး ပြောရတော့မည့် သူက ဇာတ်မင်းသမီး ‘မွန်မလေး မတင်ကြည်’ ဆိုသူရဲ့ အကြောင်းပါ။ သူက ‘မွန်’လူမျိုး ဟုတ်သလား၊ မဟုတ်သလား ကျွန်တော် သေသေချာချာ ခုထက်ထိမသိ။ သို့သော် ‘မွန်မလေး တင်ကြည်’ ဆိုသောအမည်နှင့် ကျွန်တော်တို့ဘက်မှာ နာမည်ကျော် လူချစ်များခဲ့သည်မှာတော့ တကယ်ပါ။

ပြောလိုက်ရဦးမည်။ အမှန်က ဦးထွန်းရွှေဦး



http://myanmarpyithar.net

က အဘက်ဘက်မှာ ဩဇာကြီးသူပီပီ အနိုင်ကျင့်ပြီး ခေါ် လာလို့ သူ့ခမျာ လိုက်လာရခြင်း ဖြစ်သည်။ သူက အဲဒီအချိန်မှာ ဘယ်ဘက်လက်က ကျိုးလို့ခင်ဗျ။ ကျောက်ပတ်တီးကြီးနှင့်။ တံတောင်ဆစ်ကြီးပါ ကွေးပြီး ကျောက်ပတ်တီးကြီး ကိုင်ထားသည်။

အခုခေတ် လူငယ်ကလေးတွေ သိချင်မှသိမည် ဖြစ်သောကြောင့် ထည့်ပြီးပြောလိုက်ရပါဦးမည်။ ဒီအချိန်မှာ ဆရာတော်၏အလောင်းကို မီးသဂြိုဟ်ပြီးပြီ။ အရိုးကို ခေါင်းပေါက်စလေးနှင့် ထည့်ထားခြင်း ဖြစ်သည်။

ယောဉ်ကျူးခြင်းဆိုသည်က ထို 'ခေါင်း' (တလား)ကလေးကို အမျိုးမျိုး လှုလှုပပ တန်ဆာဆင်ပြီး (ပုခက်လွှဲသလို)လွှဲရင်း အလွမ်းသီချင်း ဆိုကြခြင်း ဖြစ်သည်။ ဒီမှာတင် ကျွန်တော်နှင့် ဓတရဋ္ဌကြီးတို့က ဆရာတော်ကို နတ်ပြည်ပင့်ဆောင်ရန် ပုခက်ကြိုးတစ်စကို ဆွဲသည်။ မွန်မလေး မတင်ကြည်က မထည့်ပါ ရစေနှင့်ဟု ပြန်လုသည်။ အဲဒီမှာ အလောင်းပိုက်ခြင်းနှင့် အလောင်းလုခြင်း စပါတော့သည်။

စောစောက ကျွန်တော်ပြောခဲ့သည့် ပုခက်ငယ်ကလေးဆိုသည်က စင်စစ် ပုခက်မဟုတ်။ ဆရာတော်အား နတ်ပြည်သို့ ပင့်ဆောင်မည့် ပန်းရထား

ဖြစ်သည်။ ထိုပန်းရထားအနီး၌ ဆရာတော်၏ ဂုဏ်ပုဒ်တွေ၊ ကျေးဇူးတော်တွေကို ဖော်ကျူး ငိုကြွေး လျက် မခွဲရက်နိုင်ဖြစ်နေပုံ သရုပ်ဆောင်ခြင်းကို အလောင်းပိုက်သည်ဟု ဆိုကြပါသည်။ ထို့နောက် သိကြားမင်းစသော နတ်ဒေဝါများက နတ်ပြည်သို့ ပင့်ဆောင်ရန် ပန်းရထားအား ဆွဲငင်သည်။ တစ်ဖက် က တပည့်များ (မင်းသမီးကလည်း) ဆရာတော်ကို လက်မလွှတ်နိုင်ဘဲ နတ်ဒေဝါများအား တောင်းပန်ရင်း ငိုကြွေးသည်။ ဤသည်ကိုပင် အလောင်းလုသည်ဟု ဆိုပါသည်။

မွန်မလေး မတင်ကြည်ကလည်း ကောင်း လိုက်တဲ့ မင်းသမီးခင်ဗျာ။ မင်းသမီး အဝတ်အစားမျိုး ပင်မဆင်၊ လက်တစ်ဖက်မှာ ကျောက်ပတ်တီးကလေး နှင့် ရိုးရိုးအရပ်သူအတိုင်း ကပိုကရိုကလေးနှင့် ဖွဲ့လိုက် နွဲ့လိုက်သည်မှာ ကျွန်တော် သိကြားမင်းပင်လျှင် မျက် ရည် ကျလာမိပါသည်။ စင်စစ်အားဖြင့် ကျွန်တော်က ရှက်နေသည်မို့ 'ဖဝေး'ကလေး နည်းနည်း ကိုင်ထား သဖြင့် အတော်ကလေး ထွေနေပါပြီ။ သို့ပါလျက်နှင့်ပင် ကိုယ်လုပ်ရမည့်အလုပ်ကိုမေ့ပြီး သူ့အလွမ်းမှာမျောပါနေ သည်။ အမှန်က မင်းသမီးက ငို သိကြားမင်းက မင်းသမီး အား တရားပြ၊ နတ်ပြည်မှာလည်း ဆရာတော်အား



http://myanmarpyithar.net

ကိုးကွယ်လိုကြကြောင်း ဖျောင်းဖျ၊ ဒါတွေကို လုပ်ရမှာ။ လုံးဝမေ့နေသဖြင့် ဦးထွန်းရွှေဦးက သတိပေးယူရသည်။

မင်းသမီး ပြောဆိုသွားသော အချက်အလက်တွေကိုတော့ဖြင့် ကျွန်တော် မမှတ်မိတော့ပါ။ ကျွန်တော် ခံစားလိုက်မိသည်ကတော့ ဘိုးဘွားမိဘများ လက်ထက်ကစပြီး မိမိတို့တိုင်အောင် ဆုံးမသွန်သင် စောင့်ရှောက်ခဲ့သည့်ပြင် ယခုဘဝနှင့် သံသရာအတွက်ပါ လမ်းညွှန်ပြသခဲ့သော ကျေးဇူးရှင်၊ တစ်မြို့လုံး၊ တစ်နယ်လုံး၏ အားကိုးရာ၊ အစားထိုး၍ မရနိုင်သော ပုဂ္ဂိုလ်ကြီး တစ်ပါး ကွယ်ပျောက်သွားခဲ့လေပြီဟူသော ခံစားမှုကို ကောင်းကောင်းကြီး ရလိုက်ပါလေသည်။

* * * * *

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ဗဟန်းကောလိပ်ကြီး ပျက်သွားသောအခါ ထိုကဲ့သို့သော ခံစားမှုမျိုးကို ရလိုက်ဟန် ရှိပါသည်။ ဗဟန်းကောလိပ်ကြီး ပျက်သွားလိုက်ခြင်းသည် တစ်မျိုးသားလုံး၏ ဆုံးရှုံးမှုကြီးဖြစ်သည်ဟု ပြောလိုက်ချင်ဟန် ရှိပါသည်။ ထို့ကြောင့် ဗဟန်းကောလိပ် ပျက်ရခြင်းကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ ကျေးဇူးတော်ရှင် ဆရာသခင်တစ်ပါး ပျံလွန်တော်မူသည့်အသွင် သရုပ်တင်လိုက်သည်ဟု ဆိုချင်ပါသည်။ ကြည့်ပါဦး။

*အထက်နယ် အညာက ကြွခဲ့ပါသကွဲ့*
*မျက်နှာငယ် စျာပနပေမို့*
*မသာအချတွင်ဖြင့် ညှော်လဲမလာ*
*အိုကွယ် . . . ဆရာမျှရယ်နှင့် တပည့်အနဲ*
*(နည်း)သာ။*
*အခါမကောင်းလိုက်ပုံကကွဲ့*
*အရာချောင်းစရာပဲ သွားကြရော့ထင့်*
*မသာလောင်းခမျာရဲ့ အပါးမှာ*
*သာပေါင်းညာစားတွေ ဆရာမမြင်ရတော့*

အမျိုးသားသပိတ်ကြီး တက်ကြွနေချိန်၊ တစ်ပြည်လုံးက ဝိုင်းဝန်းပြီး အားပေးနေကြချိန်က တောင်ရှည်လုံချည်တဖားဖား၊ ခေါင်းပေါင်း တကားကားနှင့် လပ်လျားလပ်လျား လုပ်နေကြသူများကို ယခု မတွေ့ရတော့ပြီ။ ရာထူးရာခံကလေးများ ရဖို့ အကြံအဖန် သွားလုပ်နေကြရော့လား မသိတော့ပြီ။

ဆရာကြီးတော့ဖြင့် ဗဟန်းကောလိပ်ကြီး အနိစ္စရောက်ပြီဟု ကြားလိုက်ရသည်နှင့် ရန်ကုန်သို့ အရေးတကြီး ဆင်းလာခဲ့ရသည်။ ယခုတော့ဖြင့် ဤသို့သော ကျေးဇူးရှင်များ၏ စျာပနမှာ ထည်ထ ည် ဝါဝါ မရှိလှသည့်ပြင် မဖွယ်မရာပင် ဖြစ်နေသည်ကို

တွေ့နေရချေပြီ။ ထို့ကြောင့် . . .

*သာပေါင်းညာစားတွေ ဆရာမမြင်ရတော့*
*အညာတစ်ခွင် တို့စစ်ကိုင်းသာဖြင့်*
*အသိုင်းအဝိုင်း ဂုဏ်တင်စရာပ*
*ဆိုင်းဝိုင်း စုံလင်စွာနှင့်*
*သရဏဂုံအတင်မှာ၊ ဘုံသလွင် ရတနာမန်းဆီက*
*ရဟန်းတော် ထေရ်သဃ်ာတို့နှင့်*
*စည်ပင်စွာ၊ ကြည်လင်စရာများမယ့်ပြင်*
*ဩော် . . . ယနေ့ကစပြီး မတွေ့ရတော့မှာမို့*
*ပွေ့ပါရစေ ပိုက်ပါရစေ ဆိုကြမယ့်*
*ရသေ့မ ပရပိုဇ်မတွေရဲ့ ကြားမှာလေ*
*အမျိုးအရိုးကူဖော်၊ ဖိုးသူတော်တွေကလဲ*
*မရှားပေဘူ*
*ဩော် . . . ချီပရစေ၊ မပရစေ ဆိုကြမယ့်*
*မဟီဝန တစ်ခွင်မှာလေ၊*
*သီလရှင်တွေကြောင့် တအားပါကွဲ့*

ဤမျှလောက်ဆိုလျှင် ဘုန်းကြီးပျံရှခင်းကြီးကို မြင်ယောင် ဖွဲ့ဆိုလိုက်ကြောင်း စာဖတ်သူတွေ့နိုင်လောက်ပါပြီ။ သို့သော် သာမန်ဘုန်းကြီးပျံဆိုလျှင်တော့



http://myanmarpyithar.net

အလောင်းပိုက်သူတွေက ဇာတ်မင်းသား၊ မင်းသမီးများ သာ ဖြစ်ပါလိမ့်မည်။ ဗဟန်းကောလိပ်ကိုတော့ဖြင့် စစ်ကိုင်းချောင်သို့ ပို့ထားလိုက်သည် ဖြစ်သောကြောင့် အလောင်းပိုက်သူများက ရသေ့မ၊ ပရဗိုဇ်မ၊ သီလရှင်၊ ဖိုးသူတော်တွေ ဖြစ်နေကြသည်။

*သြော် . . . ကျောက်အခင်းမှ၊*
*တစ်ထောက်ဆင်းပြန်တော့*
*ချောက်တွင်းက တစီစီညံအောင်၊*
*(မျောက်မင်း)ရီသံလဲ ကြားရပေလိမ့်၊*
*သနားစရာ့ အနှီမသာမှာနော်ကွယ်*

အသုဘများတွင် တီးလေ့ရှိသော မျောက်မင်း အူသံသီချင်း ရှိပါသည်။ ယခုအခါ အသုဘများတွင် ဆိုင်းမထည့်ကြတော့ပြီ ဖြစ်သောကြောင့် ထိုတီးလုံးသံ ကို မကြားဖူးကြစေဦးတော့ 'မျောက်မင်းအူသံ' ဟူသော စကားကိုတော့ ကြားဖူးကြမည် ဖြစ်ပါသည်။ ယခုတော့ ဆရာကြီးက မျောက်မင်းရယ်သံဟု ရေးလိုက်သည်။ (မျောက်မင်း)ဟု ဝိုက်ကွင်းပင် သွင်းထားလိုက်သေး သည်။ (အင်္ဂလိပ်မင်း)ကတော့ ဗဟန်းကောလိပ်ကြီး သေသည်ကို နှစ်ခြိုက်သဘောကျပြီး ရယ်မောနေပေ



http://myanmarpyithar.net

လိမ့်မည်ပေ့ါ။

*မသာမှုမနော်*
*သာဓုဆရာတော်ရဲ့အပြင်*
*သဒ္ဒါကော်ရော် နဖူးမကိုင့်ခင်းလောက်ပါတဲ့*
*သာသနာ့အကျော်အမော် အထူးတိုက်တော်*
*စလင်းဆီက*
*သနင်းမဟာထေရ်တို့နှင့်*
*ကပြာကသီ ကိစ္စအချောတွင်မှ*
*(လိပ်)ဘဝသဘောမှာ မကောင်းကြမ္မာ*
*အလျောက်ပေထင့်*
*အနိစ္စသဘောမွေတာ ပြောင်းကာ*
*ပျောက်ရှာတဲ့*
*ကျောင်းမသာ ကောင်းရာရောက်စေဖို့*

'(လိပ်)ဘဝသဘောမှာ' ဟု ဆရာကြီးက ရေးခဲ့ပါသည်။ အင်္ဂလိပ်ကျွန်ဘဝဟု ဆိုလိုကြောင်းကိုတော့ သိသာပါသည်။ သို့သော် ကျွန်တော့်နားထဲမှာဖြင့် 'ဖျာလိပ်'ဟု ဂယက်အနက်လည်း ဝင်လာပါသည်။ မဖွယ်မရာ 'ဖျာလိပ်'နှင့်ပတ်ပြီး သင်္ဂြိုဟ်လိုက်ရလေခြင်းဟု ဆရာကြီး ကြေကွဲဟန် ရှိပါသည်။

*အမယ်မင်း၊ ဘေးအထွေထွေ မခမူ၍*
*အေးစေ မြစေလို့ ခဏခဏ အခုလို*
*ဆုတောင်းတောင်းပြီး*
*အို . . . သခင်ကျောင်းကြီးရဲ့*
*ပေးဝေမျှလိုက်တဲ့ အမျှ အမျှ ဆရာ့*
*ကုသိုလ်ပေါင်း။ ။*

ဤနောက်ဆုံးအပိုဒ်တွင်ကား ကြေကွဲဆို့နင့်စွာ ရေစက်ချ အမျှဝေလိုက်သည့် ဆရာကြီး၏ အသံကို ကြားလိုက်ရပါတော့သည်။

🕮 🕮 🕮

*"ထ" ဆင်ထူး တမြည့်မြည် သင်ခဲ့သမို့၊*
*"ထီ" မထင်*
*ကျောင်းတော်သားတွေရဲ့၊*
*အမည်စဉ် ခေါင်းပေါ်အဖျားမှာဖြင့်၊*
*မင်းရိုးဆရာကို*
*စာရင်းတို့ကာ ထားလိုက်ကြပေရော့*



http://myanmarpyithar.net

Future Publishing House

# ဖော်သိန်း

# ကန့်ကူလက်လှည့်

မည်သည့် ကျောင်းဆရာမျှ
တပည့်များအား တစ်သက်လုံး သုံးမကုန်နိုင်လောက်သော
ပညာသုတကို ပေးလိုက်နိုင်သည်မဟုတ်။
ကျောင်းသား၏ နှလုံးသားကို ပညာမွတ်သိပ်လာအောင်
လုပ်နိုင်သူပင်လျှင်
အကောင်းဆုံးသောဆရာ ဖြစ်သည်။



http://myanmarpyithar.net

# ကျေးဇူးတင်ပါသည်

ပေးပို့သူ = ကိုဝင်းဓေး

http://myanmarpyithar.net